# ကြေးမုံ

*The Mirror Daily*

၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957


**ချမ်းသာခြင်းအကြောင်းတရား**

အချင်းချင်း ခိုက်ရန်ဖြစ်ပွားခြင်းသည် မကောင်း။ ရန်ပြုတတ်သူတို့အလယ်တွင် ရန်မပြုဘဲနေခြင်းသည် လည်းကောင်း၊ ကိလေသာ အနှိပ်စက်ခံရသူတို့အလယ်၌ ကိလေသာအနှိပ်အစက်မခံရဘဲနေခြင်းသည် လည်းကောင်း၊ ကာမဂုဏ်ကို ကြောင့်ကြစိုက်ကုန်သော သူတို့အလယ်၌ ကြောင့်ကြမစိုက်ကုန်ဘဲနေခြင်းသည် လည်းကောင်း ချမ်းသာ၏။

သုခဝဂ်(ဓမ္မပဒ-၁၉၉)


၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၅ ရက်၊ အင်္ဂါနေ့။ Tuesday, 6 October 2020 ၁၀၁၅၇


## Coronavirus Disease 2019 (COVID-19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့် ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်

### ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်း

ဒီကနေ့ဆိုရင် ပြည်သူလူထုကို တင်ပြတဲ့ နေရာမှာ ကိုဗစ်-၁၉ ရောဂါနဲ့ ဆက်စပ်နေတဲ့ ကိစ္စတစ်ခုပေါ့။ နိုင်ငံအတွက်လည်း အင်မတန်မှ ကိုဗစ်ရောဂါနည်းတူ အရေးကြီးတဲ့ ကိစ္စအကြောင်း ပြောချင်ပါတယ်။ အဲဒါကတော့ ကျွန်မတို့ရဲ့ အထွေထွေ ရွေးကောက်ပွဲပဲဖြစ်ပါတယ်။ ဘာဖြစ်လို့လဲ ဆိုတော့ အခုအထွေထွေရွေးကောက်ပွဲ တကယ်တော့စနေပါပြီ။ စနေပါပြီလို့ပြောရတဲ့အကြောင်းက နိုင်ငံခြားမှာဆိုရင် သံရုံးတွေမှာ၊ နိုင်ငံခြားမှာရောက်နေတဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေဟာ စပြီးတော့ ကြိုတင်မဲ ပေးနေပါပြီ။

အဲဒီကြိုတင်မဲပေးနေတဲ့ အခြေအနေကလည်း အင်မတန်မှ ကျွန်မတို့အတွက် ဂုဏ်ယူစရာ ကောင်းတယ်လို့ ပြောနိုင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ ပြည်ပရောက်နေတဲ့ နိုင်ငံသူ၊ နိုင်ငံသားတွေဟာ သူတို့နိုင်ငံသူ၊ နိုင်ငံသားများရဲ့ တာဝန်ကို ကျေပွန်စွာ ထမ်းဆောင်နေပါတယ်။ အင်နဲ့အားနဲ့ ကိုစပြီး ကြိုတင်မဲတွေကိုပေးပါတယ်။ အခုဆိုရင် သံရုံးဌာန ၁၀ နေရာမှာ ကြိုတင်မဲတွေ ပေးလို့ပြီးပါပြီ။ ပုံစံ (၁၅) ပေါ့နော်။ နိုင်ငံခြားမှာ ကြိုတင်မဲပေးဖို့ ပုံစံ (၁၅) မှာ ဖြည့်ထားတဲ့ နိုင်ငံသူ၊ နိုင်ငံသားပေါင်းဟာ ၁၀၉၀၀၀ ကျော်ဖြစ်ပါတယ်။ အခုဆိုရင် စနေ၊ တနင်္ဂနွေမှာစပြီး ပေးလိုက်တဲ့ ကြိုတင်မဲပေါင်းဟာဆိုရင် ၁၅၀၀၀ ကျော်သွားပါပြီ။ ၁၅၉၇၁ ယောက်ထင်ပါတယ်။ အဲဒီတော့ တော်တော်ကို မြန်မြန်ဆန်ဆန်နဲ့


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂




နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းပြောကြားစဉ်။

**အခုဆိုရင် ရန်ကုန်မှာ တင်မက တခြားတိုင်းဒေသကြီး၊ ပြည်နယ်တွေမှာလည်း Test Kit ကို စပြီးသုံးနေပါပြီ။ သုံးနေလို့ မြန်မြန်ရောဂါပိုးကို တွေ့မှာဖြစ်ပါတယ်။ စောစော ကုသမှုပေးနိုင်ရင် ပိုပြီးတော့ ပျောက်နှုန်းက ပိုများတယ်။ နောက်ပြီး မြန်မြန်ဆန်ဆန်လည်း ပိုပြီးပျောက်မယ်။ အဲဒါကို ပြည်သူပြည်သားတွေလည်း သိပြီးသားလို့ ထင်ပါတယ်။**

## ကြေးမုံ ယနေ့ ဖတ်စရာ


ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့စေရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေး ဆွေးနွေး
စာမျက်နှာ » ၁၀

လာမည့်နှစ် ဇူလိုင်လမတိုင်မီ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ သန်း ၅၀၀ ရရှိရေး အိန္ဒိယနိုင်ငံ ကြိုးပမ်း
စာမျက်နှာ » ၁၁

အားလုံးရဲ့ ကြိုးစားအားထုတ်မှုတွေကို ဒီအချိန်မှာ နှစ်ဆတိုးပြီး လုပ်မှသာလျှင် ကိုဗစ်ကို နှစ်ဆတိုးပြီး အနိုင်ရရှိမှာ ဖြစ်ပါတယ်
စာမျက်နှာ » ၁၉



KBZ BANK

BEST BANK IN MYANMAR

Awarded by World Finance | Awarded by Euromoney | Awarded by The FinanceAsia

# ကြေးမုံ

## သတင်းတု၊ သတင်းမှားများ သတိထား

မမှန်ကန်သောသတင်းများကို သတင်းတု သို့မဟုတ် သတင်းမှား သို့မဟုတ် ကောလာဟလသတင်းများဟု ဆိုပါသည်။ ထိုမမှန်ကန်သော သတင်းများသည် ပုံမှန်အခြေအနေအချိန်အခါထက် ထူးခြားသောအခြေအနေ အချိန်အခါတို့တွင် ပေါ်ထွက်လာတတ်ပါသည်။ အထူးသဖြင့် ပြည်သူလူထု စိုးရိမ်ပူပန်မှုမြင့်မားနေသောအချိန်၊ အသိုက်အဝန်းများအကြား အထင်အမြင် လွဲမှားနေသော အချိန်အခါတွင် မမှန်ကန်သောသတင်းများ ပေါ်ထွက်လာတတ်ပါသည်။

သတင်းတု၊ သတင်းမှားများသည် ပြည်သူလူထု၏ စိုးရိမ်ပူပန်မှုကို အကြောင်းပြု၍ ပေါ်ပေါက်လာသော ဆိုးကျိုးများဖြစ်သည်။ တစ်နည်းဆိုလျှင် သတင်းတု၊ သတင်းမှားများသည် ပြည်သူလူထုစိုးရိမ်ပူပန်မှုဖြစ်အောင် တွန်းအားပေးသော အန္တရာယ်များဖြစ်ပြီး နောက်ဆက်တွဲအနေဖြင့် ဝိသမလောဘသားများ၊ နိုင်ငံရေး၊ စီးပွားရေးအမြတ်ထုတ်လိုသူများ၊ မသမာသူများ၏ တိုင်းပြည်တည်ငြိမ်မှုပျက်ပြားအောင် အနှောင့်အယှက်ပေးမှုများအထိ အန္တရာယ်ဖြစ်ပေါ်လာနိုင်သည်။

ထို့ကြောင့် သတင်းတု၊ သတင်းမှားများကို ဆင်ခြင်ဉာဏ်ဖြင့် သတိပြုကြရမည် ဖြစ်သည်။ ယခုကဲ့သို့ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေသောကာလတွင် သတင်းတု၊ သတင်းမှားများကို ပိုမိုသတိထားနိုင်ရမည်ဖြစ်သည်။ မှားယွင်းသောအချက်အလက်များကြောင့် ပြည်သူလူထုအတွက် ဆိုးကျိုးများဖြစ်နိုင်သည်ကို သတိမူနိုင်ကြစေရန် ဖြစ်သည်။ ကိုဗစ်-၁၉ ကာလတွင် အွန်လိုင်းမျက်နှာစာပေါ်မှ သတင်းအချက်အလက်များ ဖြန့်ဝေခြင်း၊ ကျန်းမာရေးဆိုင်ရာ အချက်အလက်များ ဖြန့်ဝေခြင်းတို့ ပြုလုပ်လာကြသည်ကို တွေ့ရမည်ဖြစ်သည်။

ပြည်သူလူထု စိုးရိမ်ပူပန်မှုဖြစ်စေသော ကိုဗစ်-၁၉ ကာလတွင်သတင်းအချက်အလက်များသည် အလွန်အရေးပါပြီး သက်ဆိုင်ရာတာဝန်ရှိသည့်ဌာန၊ အဖွဲ့အစည်း၊ ပုဂ္ဂိုလ်တို့ထံမှ ဘက်ပေါင်းစုံကိုသိရှိပြီးမှသာ သတင်းကိုအတည်ပြုဆုံးဖြတ်ချက်ချပေးရသည်။ ကိုဗစ်-၁၉ နှင့်ပတ်သက်သည့် ဖော်ပြချက်သည် မှန်ကန်သည့်အချက်အဖြစ် သေချာရန်လိုပြီး စိတ်ချရသည့် လင့်ခ်များ၊ အကိုးအကားများ၊ အရင်းအမြစ်များ၊ ထုတ်ဖော်ရေးသားသူ၏ အမည်စသည်ဖြင့် ခိုင်မာသည့်သတင်းအရင်းအမြစ်များပါရှိရန် လိုအပ်ပါသည်။ အဘယ်ကြောင့်ဆိုသော် သတင်းအချက်အလက်များကို ကြိုးကိုင်ချယ်လှယ်နိုင်ရန် ကျွမ်းကျင်သူပညာရှင်အတုများကို အွန်လိုင်းပေါ်တွင် အသုံးချလေ့ရှိသည်။

အွန်လိုင်းပေါ်တွင် လေ့လာနေသော ပြည်သူများအနေဖြင့် နေ့စဉ်တက်လာသော သတင်းများတွင် လုပ်ကြံသတင်း သို့မဟုတ် သတင်းအမှားဟုတ်၊ မဟုတ် ခွဲခြားသိနိုင်အောင် ဆင်ခြင်တတ်ရမည်ဖြစ်သည်။ လုပ်ကြံသတင်းသည် သတင်းအချက်အလက်အမှားဖြစ်ပြီး ပြည်သူလူထု အန္တရာယ်ဖြစ်စေရန် ရည်ရွယ်သည်။ သတင်းအမှားသည် သတင်းအချက်အလက်မှားဖြစ်သော်လည်း ပြည်သူလူထုအန္တရာယ်ဖြစ်စေရန် တမင်တကာ ဖန်တီးထားခြင်းမဟုတ်ပေ။ မသမာသောသတင်းများသည် အဖြစ်အပျက်အမှန်ကို အခြေခံထားသော်လည်း ပြည်သူလူထုအန္တရာယ်ဖြစ်စေရန် ရည်ရွယ်ချက်ဖြင့် အသုံးပြုထားခြင်းဖြစ်သည်တို့ကို ပြည်သူလူထုအနေဖြင့် ခွဲခြားသိမြင်ထားရန် လိုအပ်ပါသည်။

ပြည်သူလူထုအနေဖြင့် နေ့စဉ်နှင့်အမျှ လူမှုကွန်ရက်များတွင် ဝင်ရောက်လေ့လာနေကြပြီး မိမိတို့နှစ်သက်သောသတင်းများ၊ စိတ်ဝင်စားသောသတင်းများကို ပြန်လည်မျှဝေတတ်ကြသည်။ ထိုအခါ ခလုတ်တစ်ချက်မနှိပ်ခင် စဉ်းစားဆင်ခြင်ရန်၊ သတင်းအချက်အလက်ကို မမျှဝေခင် စဉ်းစားဆင်ခြင်ရန် လိုအပ်ပါသည်။ မိမိမျှဝေမည့် သတင်းအချက်အလက်များသည် သတင်းမှားများလော၊ သတင်းတုများလော စဉ်းစားဆင်ခြင်ရန် လိုအပ်ပါသည်။ ယခုအခါ ကိုဗစ်-၁၉ နှင့်ပတ်သက်သည့် သတင်းအချက်အလက်အမှားများ၊ ယုံကြည်စိတ်ချမှု မရှိသောသတင်းများ၊ ထိတ်လန့်မှုဖြစ်စေသော အကြောင်းအရာများ ပျံ့နှံ့နေသည်ကိုတွေ့ရပါသည်။

ကိုဗစ်-၁၉ နှင့်ပတ်သက်သည့် မှန်ကန်သည့် သတင်းအချက်အလက်များသည် လူအများ၏အသက်ကို ကယ်တင်နိုင်ပါသည်။ လုပ်ကြံသတင်းများသည် ကိုရိုနာဗိုင်းရပ်စ်ပိုးအသစ် ပြန့်ပွားအောင် အားပေးသည်နှင့် တူပါသည်။ ယခုအချိန်အခါသည် ကိုရိုနာဗိုင်းရပ်စ်ပိုးအန္တရာယ်မှ ကာကွယ်နိုင်ရန် စုပေါင်းအင်အားဖြင့် တိုက်ဖျက်နေသော အချိန်အခါဖြစ်သည်။ ထိုအချိန်အခါတွင် ပြည်သူလူထုကိုသော်လည်းကောင်း၊ အုပ်ချုပ်စီမံကုသဆောင်ရွက်နေသော အဖွဲ့အစည်းများကိုသော်လည်းကောင်း စိတ်ဓာတ်အင်အားတောင့်တင်းခိုင်မာအောင် ပြုလုပ်ပေးရမည့်အချိန်အခါဖြစ်သည်။ ဖန်တီးထားသော သတင်းတုများ၊ သတင်းမှားများ၊ ကောလာဟလသတင်းအန္တရာယ်ထောင်ချောက်အတွင်း မသက်ဆင်းရလေအောင် ပြည်သူလူထုနှင့်အတူ အဖွဲ့အစည်းများက ကြိုးပမ်းတိုက်ဖျက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ သတင်းတုများ၊ သတင်းမှားများ၊ ကောလာဟလသတင်းများကို ခြေဖျက်ရန်မှာ ပြည်သူလူထုအနေဖြင့် နေ့စဉ်လူမှုကွန်ရက်ပေါ်မှ သတင်းများအား သတင်းအမှား၊ အမှန်ကို ခွဲခြားသိမြင်တတ်ရန်လိုအပ်ပြီး ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ နေ့စဉ်နှင့်အမျှ အချိန်နှင့်တစ်ပြေးညီ ထုတ်ပြန်ပေးနေသော၊ နေ့စဉ်နှင့်အမျှ ကျန်းမာရေးအသိပညာများ ပေးဝေနေသော ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ အသိပေးထုတ်ပြန်ချက်များအား အလေးထားသိမြင်မှတ်သားကာ လူမှုကွန်ရက်မှသတင်းများကို ဆင်ခြင်ဆန်းစစ်ကြည့်ရှုလေ့လာ မျှဝေအသိပေးကြရန် လိုအပ်ပါကြောင်း။ ။

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် အောက်တိုဘာ ၅**
ယနေ့ညနေ ၆ နာရီခွဲ တိုင်းထွာချက်အရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ ဩရိဿပြည်နယ် ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

မိုး/ဇလ

## ရောဝတီမြစ်ရေ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

**နေပြည်တော် အောက်တိုဘာ ၅**
ယနေ့ နံနက် ၁၁ နာရီခွဲ တိုင်းထွာချက်အရ ဧရာဝတီမြစ်ရေသည် ညောင်ဦးမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် ပေဝက်ခန့်တွင် ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ညောင်ဦးမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြရန် အကြံပြုအပ်သည်။

မိုး/ဇလ

## မြန်မာနိုင်ငံပြန်တမ်း
### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် - နိုင်ငံတော်သမ္မတသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်(ရေဆင်း)မှ ဒုတိယပါမောက္ခချုပ်(သင်ကြား) ဒေါက်တာခင်မောင်ဆင့် ကို ယင်းတက္ကသိုလ်၏ ပါမောက္ခချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။




## ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် အောက်တိုဘာ ၅**
ယနေ့မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်မြောက်ပိုင်းနှင့် ယင်းနှင့် ဆက်စပ်လျက်ရှိသော ဘင်္ဂလားပင်လယ်အော်အရှေ့အလယ်ပိုင်းတို့၌ အောက်တိုဘာ ၉ ရက်တွင် လေဖိအားနည်းရပ်ဝန်းတစ်ခု ဖြစ်ပေါ်နိုင်သည်ဟု ခန့်မှန်းရသည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၅-၁၀-၂၀၂၀)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာ စောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၀,၀၀၀ | ၁၀,၀၀၀ | ၄၃၉ | ၄,၃၉၀,၀၀၀ |
| MTSH | ၃,၇၅၀ | ၃,၇၀၀ | ၁၂၈ | ၄၇၅,၈၅၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၁၂ | ၉၆,၀၀၀ |
| FPB | ၂၂,၀၀၀ | ၂၁,၅၀၀ | ၄၁၁ | ၈,၈၄၂,၀၀၀ |
| TMH | ၂,၇၅၀ | ၂,၇၅၀ | ၁၁၈ | ၃၁၉,၀၀၀ |
| EFR | ၃,၀၅၀ | ၃,၀၅၀ | ၁၀၉ | ၃၃၂,၄၅၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် အောက်တိုဘာ ၅

ရန်ကုန်(ရွှေဈေး) ၁၃၁၃၀၀၀ မန္တလေး(ရွှေဈေး) ၁၃၁၃၀၀၀

| စက်သုံးဆီအမျိုးအစား | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၂၅/၅၇၀ ကျပ် | ၅၇၀/၅၈၀ ကျပ် |
| (ခ) ဒီဇယ် | တစ်လီတာ | ၅၁၅/၅၅၅ ကျပ် | ၅၅၅/၅၆၅ ကျပ် |
| (ဂ) အောက်တိန်း ၉၅ | တစ်လီတာ | ၅၉၅/၆၂၀ ကျပ် | ၆၆၀/၆၇၀ ကျပ် |
| (ဃ) အောက်တိန်း ၉၂ | တစ်လီတာ | ၄၆၅/၅၀၅ ကျပ် | ၅၃၅/၅၄၅ ကျပ် |

ရန်ကုန် လက်ကားဈေး

| | | |
|---|---|---|
| ဒီဇယ် | တစ်လီတာ | ၄၂၀/၄၂၅ ကျပ် |
| အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၄၃၀/၄၃၅ ကျပ် |
| အောက်တိန်း ၉၂ | တစ်လီတာ | ၄၂၅/၄၃၀ ကျပ် |

(မြန်မာနိုင်ငံ စက်သုံးဆီအသင်း)

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၀၂.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၅၃၀.၀ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၉၁.၇၃ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၁.၃၉၉ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၁၃.၁၃ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၇.၇၇၂ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၃၅.၃၀ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၅၆.၄၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၂၃၂.၁ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၂.၁၉ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်း သတင်းထောက်များ - ဦးစိုးအောင်၊ ဦးကိုမင်း၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်း သတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်ခင်စုစုလှိုင်၊ ဦးအေးမင်းသူ၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဦးသက်ဇော်ဦး၊ ဦးဝင်းမင်းထွန်းနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်အေးအေးသင်း၊ ဦးတင်ထွန်းတာနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးအောင်ကျော်ဖြိုးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# ပြည်သူသာလျှင် အဓိက

❂ ရှေ့ဖုံးမှ

ကျွန်မတို့ ပြည်သူတွေဟာ တက်တက်ကြွကြွနဲ့ ကြိုတင်မဲတွေပေးနေတယ်ဆိုတာ သိရပါတယ်။ ဒါကြောင့် ကျွန်မအနေနဲ့ ကျေးဇူးတင်တယ်လို့ ပြောချင်တယ်။ နိုင်ငံ့အတွက် ကျေးဇူးတင်တာပါ။ နိုင်ငံအတွက် အင်မတန်မှ သိက္ခာရှိတဲ့ကိစ္စပါ။ နိုင်ငံသားများဟာ ဘယ်နေရာရောက်ရောက် ဘယ်လိုအခြေအနေမှာပဲ ရှိရှိ ဒုက္ခခံပြီး နိုင်ငံသားတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်နိုင်တယ်ဆိုတာ ကျွန်မတို့အတွက် တစ်တပ်တစ်အားဖြစ်ပါတယ်။

ဒီအချိန်မှာဆိုရင် ကျွန်မတို့နိုင်ငံက အားလုံးစုပေါင်းပြီး၊ အင်အားတွေကိုစုပြီး၊ ကိုဗစ်ကိုလည်း ကျော်လွှားရမယ်။ ရွေးကောက်ပွဲကိုလည်း အောင်အောင်မြင်မြင်ဖြစ်အောင် ကျင်းပနိုင်ရမယ်။ ဒီနှစ်ခုကို အမြဲတွဲပြီးစဉ်းစားပါတယ်။ ဘယ်လို စဉ်းစားလဲဆိုတော့ အထွေထွေရွေးကောက်ပွဲကျင်းပတဲ့အချိန်မှာ ပြည်သူပြည်သားများဟာ ကျန်းမာရေးအရ လုံလုံခြုံခြုံနဲ့ ရွေးကောက်ပွဲမှာ သွားပြီးမဲပေးနိုင်ဖို့ကို ကျွန်မတို့ စီစဉ်ပါတယ်။ အဲဒီအတွက်လည်း သေသေချာချာ လေ့ကျင့်ပါတယ်။ ဥပမာဆိုရင် မနက်ဖြန်မှာ ပထမဦးဆုံးအကြိမ်တကယ့်ကို ရွေးကောက်ပွဲကျင်းပတဲ့နေ့မှာ ဘယ်လိုပုံစံနဲ့ မဲရုံတွေမှာ ကျင်းပမလဲ၊ ပြည်သူတွေက ဘယ်လိုပုံစံနဲ့ ကျန်းမာရေးအရ လုံလုံခြုံခြုံနဲ့ မဲပေးနိုင်အောင် စီစဉ်မလဲဆိုတာ လေ့ကျင့်ပြီးတော့ သေသေချာချာ စစ်ဆေးပါမယ်။ ဘာလုပ်ဖို့လိုလဲ၊ ဘယ်လိုအကောင်းဆုံးဖြစ်အောင် ကျွန်မတို့လုပ်ရမလဲ၊ ပြည်သူတွေအတွက် စိတ်လုံခြုံမှုလည်းရအောင်၊ တကယ်လည်းလုံခြုံအောင်လို့ ဘယ်လိုစီစဉ်ရမလဲဆိုတာတွေကို ကျွန်မတို့သတ်မှတ်ပါမယ်။ အဲဒီလို လေ့ကျင့်မှုကို ရွေးကောက်ပွဲမတိုင်မီ (၃)ကြိမ် လုပ်ပါမယ်။ (၃)ကြိမ်အပေါ်မှာ အခြေခံပြီး ဘယ်လို စည်းမျဉ်းစည်းကမ်းတွေ ချမှတ်မလဲဆိုတာ သေသေချာချာ စဉ်းစားပါမယ်။ နောက်ပြီး ရွေးကောက်ပွဲကော်မရှင်က ဦးဆောင်ပြီး အစီအစဉ်တွေကို အကောင်အထည်ဖော်ပါမယ်။

နောက်ပြီး ပြည်သူပြည်သားများဟာ ရွေးကောက်ပွဲမှာ မဲပေးခြင်းဟာ နိုင်ငံသူ၊ နိုင်ငံသားများရဲ့ တာဝန်ဆိုတာသိပြီးသလို ကိုဗစ်ရောဂါ မကူးစက်အောင် စည်းမျဉ်းစည်းကမ်းများကိုလိုက်နာခြင်းဆိုတာလည်း နိုင်ငံသူ၊ နိုင်ငံသားများရဲ့ တာဝန်ဆိုတာ နားလည်စေချင်ပါတယ်။ အားလုံးသိတဲ့အတိုင်းပဲ အခုဆိုရင် တစ်နေ့တစ်နေ့မှာ ရောဂါကူးနှုန်းဟာ ၁၀၀၀ ကျော်လာပါပြီ။ ၁၀၀၀ ကျော်တော့ တချို့ကလည်း အင်မတန်မှ စိုးရိမ်တာပေါ့။ စိုးရိမ်တယ်ဆိုတာလည်း စိုးရိမ်သင့်သလောက် စိုးရိမ်ဖို့က မှန်ပါတယ်။ သိပ်ပြီးတော့လည်း စိုးရိမ်ကြောင့်ကြမှုမဖြစ်စေချင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ကျွန်မ အရင်အပတ်ကလည်း သတိပေးခဲ့ပါတယ်။ မြန်မြန်ဆန်ဆန်ရောဂါပိုး ရှိ၊ မရှိ စစ်ဆေးနိုင်တဲ့ Antigen Test Kit တွေနဲ့ စသုံးပြီဆိုတော့ များများတွေ့မှာပါ။ များများကို မြန်မြန်တွေ့မယ်။ မြန်မြန်ကုသမှုပေးနိုင်မယ်ဆိုတဲ့ သဘောလည်းရှိပါတယ်။ အခုဆိုရင် ရန်ကုန်မှာတင်မက တခြားတိုင်းဒေသကြီး၊ ပြည်နယ်တွေမှာလည်း Test Kit ကို စပြီးသုံးနေပါပြီ။ သုံးနေလို့ မြန်မြန်ရောဂါပိုးကို တွေ့မှာဖြစ်ပါတယ်။ စောစောကုသမှုပေးနိုင်ရင် ပိုပြီးတော့ ပျောက်နှုန်းက ပိုများတယ်။ နောက်ပြီး မြန်မြန်ဆန်ဆန်လည်း ပိုပြီးပျောက်မယ်။ အဲဒါကို ပြည်သူပြည်သားတွေလည်း သိပြီးသားလို့ထင်ပါတယ်။

အရေးကြီးတာကတော့ ရောဂါလက္ခဏာပြတာနဲ့ သက်ဆိုင်ရာ ကျန်းမာရေးဌာနကို သွားဖို့ပါ။ တချို့က သွားတယ်ပေါ့။ ဆေးရုံတွေကို သွားတဲ့အခါကျတော့ ခုတင်တွေတောင်မှ နေရာမရှိဘူးလို့ ဆိုကြပါတယ်။ ဒါလည်း တချို့နေရာတွေမှာ ဖြစ်တယ်ဆိုတာ မှန်ပါတယ်။ အဲဒီအတွက်လည်း ကျွန်မတောင်းပန်ပါတယ်။ ဒါပေမယ့် အခုဆိုရင် ဆေးရုံတွေလည်း လုံလုံလောက်လောက်ရှိအောင် ကိုဗစ်ရောဂါကိုကုသဖို့ တခြားဌာနတွေလည်း၊ ကျန်းမာရေးဝန်ကြီးဌာနကနေ ထူထောင်ထားတဲ့ ဌာနတွေမှာလည်း၊ နေရာလုံလုံ လောက်လောက်ရှိအောင် ကျွန်မတို့ စီစဉ်နေပါတယ်။ စီစဉ်တာလည်း တော်တော်ထိရောက်နေပြီ ဖြစ်ပါတယ်။ ဒီလိုစီစဉ်တဲ့နေရာမှာ ကျွန်မတို့ကို ဝိုင်းဝန်းကူညီကြတဲ့ ပြည်သူ၊ ပြည်သားတွေ၊ စီးပွားရေးလုပ်ငန်းရှင်တွေနဲ့ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ် တစ်ဦးချင်း တစ်ဦးချင်း၊ တတ်နိုင်တဲ့နည်းနဲ့ ပြည်တွင်းကရော၊ ပြည်ပကရော ကူညီတဲ့သူတွေ အားလုံးကို ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။

ကျွန်မတို့နိုင်ငံမှာ တကယ်ကို အရေးကြီးရင် သွေးစည်းတယ်ဆိုတာ အခု ကိုဗစ်ရောဂါက ပြနေပါတယ်။ ကျွန်မတို့ရဲ့ ပြည်သူပြည်သားတွေဟာ အရေးကြီးပြီဆိုရင် သွေးစည်းကြပါတယ်။ ဒါဟာ ကျွန်မတို့အတွက် အင်အားလည်းဖြစ်ပါတယ်။ ကူညီတဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ များလွန်းအားကြီးလို့ တစ်ယောက်ချင်း၊ တစ်ယောက်ချင်းကို နာမည်ဖော်ပြီးတော့ အခုဒီမှာ ကျေးဇူးတင်ကြောင်း မပြောနိုင်ပါဘူး။ သို့သော်လည်း အများဆုံးကူညီတဲ့ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ အမည်စာရင်းတွေကို နိုင်ငံပိုင်သတင်းစာတွေမှာ ထည့်ပြီး ကြေညာပြီး ကျေးဇူးတင်ကြောင်း ပြောမှာဖြစ်ပါတယ်။ အဲဒီလိုပြောတဲ့အခါကျတော့ ပေးနိုင်တဲ့သူကိုပဲ ကျေးဇူးတင်သလားဆိုတော့ မဟုတ်ပါဘူး။ တစ်ဦးချင်း၊ တစ်ဦးချင်း ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင်နေတဲ့ ပြည်သူ၊ ပြည်သား အားလုံးကို ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။ ဘယ်သူကမှတော့ ရောဂါမရချင်ဘူး။ ဒါပေမယ့် မရချင်ရုံနဲ့ မလုံလောက်ပါဘူး။ မရအောင်နေဖို့က အဓိက အင်မတန်မှ အရေးကြီးပါတယ်။

**ကျွန်မတို့နိုင်ငံမှာ တကယ်ကို အရေးကြီးရင် သွေးစည်းတယ်ဆိုတာ အခု ကိုဗစ်ရောဂါက ပြနေပါတယ်။ ကျွန်မတို့ရဲ့ ပြည်သူပြည်သားတွေဟာ အရေးကြီးပြီဆိုရင် သွေးစည်းကြပါတယ်။ ဒါဟာ ကျွန်မတို့အတွက် အင်အားလည်းဖြစ်ပါတယ်။ ကူညီတဲ့ စီးပွားရေးလုပ်ငန်းရှင်ကြီးများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ များလွန်းအားကြီးလို့ တစ်ယောက်ချင်း၊ တစ်ယောက်ချင်းကို နာမည်ဖော်ပြီးတော့ အခုဒီမှာ ကျေးဇူးတင်ကြောင်း မပြောနိုင်ပါဘူး။ သို့သော်လည်း အများဆုံးကူညီတဲ့ ပုဂ္ဂိုလ်များ၊ အဖွဲ့အစည်းများ အမည်စာရင်းတွေကို နိုင်ငံပိုင်သတင်းစာတွေမှာထည့်ပြီး ကြေညာပြီး ကျေးဇူးတင်ကြောင်း ပြောမှာဖြစ်ပါတယ်။ အဲဒီလို ပြောတဲ့အခါကျတော့ ပေးနိုင်တဲ့သူကိုပဲ ကျေးဇူးတင်သလားဆိုတော့ မဟုတ်ပါဘူး။ တစ်ဦးချင်း၊ တစ်ဦးချင်း ကိုယ့်ကိုယ်ကိုယ် ကျန်းမာအောင်နေတဲ့ ပြည်သူ၊ ပြည်သားအားလုံးကို ကျေးဇူးတင်ကြောင်း ပြောချင်ပါတယ်။**

ကျွန်မ ထပ်တလဲလဲ ပြောနေတဲ့ကိစ္စပါ။ မရအောင်နေဖို့ဆိုတာ အခြေခံလိုအပ်ချက်ကတော့ မများပါဘူး။ အခြေခံလိုအပ်ချက်က လူစုလူဝေးရှိရာကို မသွားဖို့၊ အိမ်အပြင် မထွက်ဖို့ဆိုတာ အိမ်အပြင် မထွက်စေချင်လို့ မဟုတ်ဘူး။ အိမ်အပြင်ထွက်သွားရင် တခြားအပြင်မှာ ရောဂါရှိပြီးတော့ သေချာလုပ်သင့်လုပ်ထိုက်တဲ့ ကိစ္စတွေ မလုပ်ထားတာ။ ဥပမာ လွယ်လွယ်နဲ့ ပြောရမယ်ဆိုရင် Mask မတပ်ထားတာပေါ့။ နှာခေါင်းစည်း မတပ်ထားတဲ့ ပုဂ္ဂိုလ်တွေနဲ့ ထိတွေ့မှုရှိရင် အန္တရာယ်ရှိမှာစိုးလို့ အပြင်မသွားဖို့ပြောတာပါ။ တတ်နိုင်သမျှ အိမ်ထဲမှာပဲနေဖို့ပါ။ နောက်ပြီးတော့ ဈေးတွေဘာတွေဆိုရင်၊ လူများတဲ့နေရာတွေမှာဆိုရင် မသွားဖို့၊ လူများတဲ့နေရာတွေမှာ မရှောင်သာလို့ သွားရမယ်ဆိုရင် ဈေးကတော့ မရှောင်သာလို့ သွားရမယ့်နေရာတစ်ခု ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ အိမ်ကမိသားစုအတွက်တော့ စားဖို့သောက်ဖို့ သွားဝယ်ဖို့လိုမယ်။ ဒါကြောင့် ကျွန်မတို့က တစ်ယောက်၊ လိုအပ်မှ တစ်ယောက်ထက်ပိုပြီး သွားပါဆိုတာလည်း အကြိမ်ကြိမ်ဆော်ဩပါတယ်။ အဲဒီလို သွားတဲ့အခါမှာလည်း Mask တပ်သွားပါ။ နောက်ပြီး ဈေးသွားတယ်ဆိုရင်လည်း လက်အိတ်ဝတ်ရင် အထောက်အကူအများကြီး ဖြစ်ပါတယ်။ နောက်ပြန်လာတဲ့အခါကျ ချက်ချင်း လက်ကို သေသေချာချာ သန့်သန့်စင်စင်ဆေးဖို့၊ နောက်ပြီး အဝတ်အစားတွေလဲဖို့လိုရင် ချက်ချင်းလဲပြီး လျှော်ဖို့၊ ဒါတွေလည်း အများကြီးသတိပေးပါတယ်။

Mask တွေကို အထူးသဖြင့် ရန်ကုန်တိုင်းမှာပေါ့။ ရန်ကုန်တိုင်းဒေသကြီးမှာကတော့ ရောဂါပိုးပြန့်ပွားမှုဟာ များတဲ့တစ်နေရာဖြစ်နေတယ်။ အဲဒီမှာ Mask တွေမတပ်ဘဲ ဈေးတွေမှာသွားတာ များလွန်းလို့၊ လူစုလူဝေးရှိတဲ့နေရာတွေ များလွန်းလို့ အခုဆိုရင် ငွေဒဏ်ရိုက်ဖို့ဆိုပြီး ဆုံးဖြတ်ပါတယ်။ အဲဒီတော့ Mask မတပ်ဘဲ ဈေးတွေ၊ လူစုလူဝေးရှိတဲ့နေရာတွေ သွားတဲ့သူတွေကို Mask တပ်ရမယ့်နေရာ တပ်ပါဆိုပြီး ကျန်းမာရေးဝန်ကြီးဌာနကနေပြီး စည်းကမ်းချက်ထုတ်ထားတဲ့ နေရာတွေမှာ Mask မတပ်ရင် အခုဆိုရင် စပြီး ငွေဒဏ်ရိုက်မှာဖြစ်ပါတယ်။ ငွေဒဏ်အများကြီး မရိုက်ပါဘူး။ ဒီလို ငွေဒဏ်ရိုက်တယ်ဆိုတာလည်း ပြည်သူတွေ ဒုက္ခပေးချင်လို့ မဟုတ်ဘူး။ ဒီအချိန်မှာ ကျွန်မတို့နိုင်ငံ တခြားနိုင်ငံများနည်းတူ စီးပွားရေးအကျပ်အတည်းတွေ ရှိတယ်ဆိုတာလည်း ကျွန်မတို့ နားလည်ပါတယ်။ ဒီလိုစီးပွားရေး အကျပ်အတည်းတွေ ရှိတဲ့အချိန်မှာ ပိုပြီးတော့ ပြည်သူတွေအတွက် မလိုအပ်တဲ့ ဝန်ထုပ်ဝန်ပိုးတွေ မပေးချင်ပါဘူး။ ဒါပေမယ့်လည်း ဒါဟာအရေးကြီးတယ်ဆိုတာ နားလည်စေချင်ပါတယ်။ ဒါကြောင့် ငွေဒဏ်ရိုက်မယ်။ ငွေဒဏ်ရိုက်တဲ့ တစ်ချိန်တည်းမှာလည်း Mask တစ်ခုကိုလည်း ပေးမှာမဟုတ်ဘူး။ ဝယ်ခိုင်းမှာပါ။ ဒီငွေဒဏ်ထဲမှာ Mask တစ်ခုရဲ့တန်ဖိုးပါတယ်။ ငွေဒဏ်တော့ ပေးရမယ်။ မများပါဘူး။ နှစ်ရာလို့ သတ်မှတ်ထားတယ်။ နှစ်ရာထဲမှာ ဒဏ်ရိုက်တာက (၁၅၀)၊ Mask ဖိုးက (၅၀)ပါ။ Mask တစ်ခုလည်း ပေးပါမယ်။ အဲဒီတော့ ချက်ချင်းတပ်သွားပြီး ဒီဟာကို အလေ့အကျင့်ဖြစ်အောင် လုပ်ပါလို့ ကျွန်မအနေနဲ့ မေတ္တာရပ်ခံချင်ပါတယ်။

တချို့နိုင်ငံတွေမှာ အထူးသဖြင့် စီးပွားရေးတောင့်တင်းတဲ့ နိုင်ငံတွေမှာဆိုရင် ဒီလိုမျိုး စီးပွားရေးဘက်ကို ပြန်ပြီးတော့ စဉ်းစားကြပါတယ်။ ဒီရောဂါကို လုံးဝထိန်းချုပ်နိုင်ပြီလားဆိုတော့ မထိန်းချုပ်နိုင်သေးပါဘူး။ မထိန်းချုပ်နိုင်သေးပေမယ့် ရေရှည်မှာ ဘယ်လိုစီးပွားရေး မကျဆင်းအောင်စပြီးတော့ ဘယ်လိုလှုပ်ရှားနိုင်မလဲလို့ သူတို့စဉ်းစားတဲ့နေရာမှာ ပထမဦးဆုံး သူတို့စဉ်းစားမိတဲ့ အချက်တစ်ခုကတော့ လူအများဟာ Mask တပ်တဲ့အလေ့အကျင့်ကို ဖြစ်အောင်ကိုလုပ်ရမယ်ဆိုပြီး သူတို့ ပြောကြပါတယ်။ ဒါတကယ်တော့ ခက်ခက်ခဲခဲကြီး မဟုတ်ပါဘူး။ Mask တန်ဖိုးတွေကလည်း အများကြီး ကျလာပါတယ်။ ကျလာတယ်ဆိုတာ ပြည်သူတွေကို ဆော်ဩပါရစေ။ အပြင်ထွက်ရင် Mask တပ်ပါ။ လက်ဆေးတဲ့အလေ့အကျင့်ကို တစ်ခါတည်းကို အရိုးစွဲသွားအောင်လို့ လုပ်ပါ။ ပြန်လာတာနဲ့ လက်ဆေးတာ၊ ပြင်ပကပစ္စည်းတစ်ခုခုကို ကိုင်ပြီးတာနဲ့ လက်ဆေးတာ၊ တစ်ယောက်ယောက်လာရင် ဘယ်လိုပဲပြောပြော အားနာတာမဟုတ်ဘဲနဲ့ ဧည့်သည်တွေ၊ ဘာတွေဆိုရင်လည်း မလိုအပ်ဘဲ လက်မခံဘဲနဲ့၊ လိုအပ်လို့ မဖြစ်မနေတွေ့ဖို့လိုလို့ လာတယ်ဆိုရင်လည်း Mask တပ်ပါလို့ပြောပါ။ လက်ကို လက်သန့်စင်ရည်နဲ့ ဆေးဖို့လိုတယ်ဆိုရင်ပေးပါ။ ဆေးဖို့ပြောပါ။ ဒီဟာတွေကတော့ ကျွန်မတို့ အလေ့အကျင့်တစ်ခုလို၊ ယဉ်ကျေးမှုတစ်ခုလိုဖြစ်အောင် လုပ်ဖို့လိုပါတယ်။ ဒီလိုပြောလိုက်ရင် တချို့က ဘယ်လောက်ကြာကြာ ကိုဗစ်ရောဂါနဲ့ ရုန်းကန်နေကြရဦးမှာလဲလို့ မေးတဲ့သူတွေလည်း ရှိပါတယ်။ အရင်လည်းကျွန်မတို့ ပြောပြီးပါပြီ။ ကာကွယ်ဆေးရှိလာ၊ ပေါ်လာတဲ့အထိတော့ ဒီလိုပဲ စည်းမျဉ်းစည်းကမ်းနဲ့ ကိုက်ညီအောင်နေရမှာပဲဆိုတော့ ကာကွယ်ဆေးတွေ ဘယ်တော့ပေါ်လာမလဲဆို အများမှန်းတာတော့ ဒီနှစ်ကုန်လောက်ဆိုရင် စပြီးသုံးနိုင်တဲ့ ကာကွယ်ဆေး ပေါ်လောက်ပြီလို့ မှန်းကြပါတယ်။ အဲဒါနဲ့ပတ်သက်လို့လည်း ကျွန်မတို့အနေနဲ့ ကာကွယ်ဆေးတွေ ထုတ်မယ့်နိုင်ငံတွေကို၊ မိတ်ဆွေနိုင်ငံတွေကို ချဉ်းကပ်ထားပါတယ်။ ကျွန်မတို့နိုင်ငံကို ဦးစားပေးပြီးတော့ ကာကွယ်ဆေးများ ရရှိရေးပေါ့။ လှူလို့ရမယ့်ဟာလည်း ရှိမယ်။ ဝယ်လို့ရတဲ့ဟာလည်း ရှိမယ်။ ဝယ်ဖို့လိုရင်လည်း ဝယ်မယ်။ ကျွန်မတို့ ပြည်သူပြည်သားတွေရဲ့ ကျန်းမာရေးအတွက် သုံးသင့်သုံးထိုက်တဲ့နေရာမှာ မတွန့်တိုပါဘူး။ သုံးပါမယ်။ ဒီလိုကာကွယ်ဆေးတွေကို သုံးပုံသုံးနည်းကတော့ မသေချာသေးပါဘူး။ နှစ်စဉ်သုံးရတဲ့ ကာကွယ်ဆေးမျိုးလည်း ဖြစ်နိုင်တယ်။ တစ်သက်မှာ တစ်ခါနဲ့ပြီးတဲ့ ကာကွယ်ဆေးမျိုးလည်း ဖြစ်နိုင်တယ်။ အများမှန်းတာတော့ တစ်သက်မှာ တစ်ခါပြီးတဲ့ ကာကွယ်ဆေးမျိုးတော့ ဖြစ်ဖို့ကသိပ်မရှိဘူးလို့တော့ မှန်းကြပါတယ်။ ဒါကိုတော့ ကျွန်မတို့ ကြည့်သေးတာပေါ့။ ဘယ်လိုပဲပြောပြော ကာကွယ်ဆေးရတဲ့အထိတော့ ကျွန်မတို့ပြည်သူတွေ အင်မတန်မှ သတိထားဖို့လိုပါတယ်။ သတိထားပါလို့ ကျွန်မ ထပ်ပြီးတော့ ပြောချင်ပါတယ်။

အခု ကျွန်မတို့နိုင်ငံမှာဆိုရင် တခြားနိုင်ငံတွေနည်းတူ ကုန်စည်တွေသယ်ဖို့ သယ်ယူပို့ဆောင်ရေးဟာ အင်မတန်မှ အရေးကြီးပါတယ်။ ဒါကြောင့် သယ်ယူပို့ဆောင်တဲ့ယာဉ်တွေကို မောင်းသူတွေနဲ့ အတူလိုက်ပါတဲ့ သူတွေရဲ့ ကျန်းမာရေးကိုလည်း ကျွန်မတို့ကနေပြီးတော့ ဂရုစိုက်ရပါတယ်။ အခုဆိုရင် Antigen Test Kit တွေနဲ့ မြန်မြန်ဆန်ဆန် ရောဂါပိုး ရှိ၊ မရှိ ဆိုတာကို သယ်ယူပို့ဆောင်ရေးနဲ့ပတ်သက်တဲ့ ယာဉ်မောင်းနဲ့ အဖော်တွေကို စမ်းသပ်တာတွေ လုပ်နေပါတယ်။ အဲဒီတော့ တစ်နေရာကနေတစ်နေရာ ပိုးတွေမပြန့်အောင်လို့ပါ။ မပြန့်ပွားရေးကို ကျွန်မတို့က ဦးတည်ရမှာပါ။ ဖြစ်ပြီးတာတွေကတော့ ဖြစ်ပြီးပြီ။ ဒါတွေကတော့ အကောင်းဆုံးကုသမှုပေးပါမယ်။ ဒါနဲ့ပတ်သက်လို့လည်း ကျွန်မ ထပ်တလဲလဲပြောပါတယ်။ ကျန်းမာရေးအခြေခံမကောင်းတဲ့ သူတွေအတွက် ပိုပြီးတော့ အန္တရာယ်ရှိပါတယ်။ ဒါကြောင့် ကျန်းမာရေးအခြေခံမကောင်းတဲ့သူများဟာ မြန်မြန်ဆန်ဆန် ရောဂါရှိတယ်လို့ ထင်တာနဲ့ မြန်မြန်ဆန်ဆန်ကုသဖို့ရာ သွားကြပါ။ အဲဒီလို သွားလည်းအလကားပဲလို့ ပြောတဲ့သူတွေရှိပါတယ်။ အလကားမဟုတ်ပါဘူး။ တချို့နေရာတွေမှာ ဟုတ်ပါတယ်။ နည်းနည်းအထစ်အငေါ့တွေ ဖြစ်ခဲ့တယ်။ သွားသွားချင်း ကုသမှုခံယူဖို့ ခက်ခဲတာတွေရှိခဲ့တယ်။ တချို့နေရာတွေမှာ၊ တချို့ဆေးရုံတွေမှာ ခုတင် မလုံလောက်ဘူးဆိုတာတွေ ဖြစ်ခဲ့တယ်။ ဒါပေမယ့် ကျွန်မတို့ ဒီပြဿနာတွေကို ကျော်လွှားဖို့ အစီအစဉ်တွေ လုပ်တာလည်း အောင်မြင်ပါတယ်။ ဒါကြောင့် ယုံယုံကြည်ကြည်နဲ့ သွားပါ။ ကျွန်မတို့ပြည်သူတွေကို တတ်နိုင်သမျှ ကုသမှုတွေပေးပါမယ်။ ပြည်သူတွေဘက်ကလည်း ပူးပေါင်းဆောင်ရွက်ဖို့က အင်မတန်မှ အရေးကြီးပါတယ်။

ရွေးကောက်ပွဲကာလမှာဆိုရင် ရွေးကောက်ပွဲမဲပေးတဲ့အခါမှာ ပြည်သူတွေရဲ့ လုံခြုံရေးအတွက်ဆို အခုကတည်းက စပြီး စီစဉ်ပါတယ်။ အခုကတည်းကနေစပြီး စီစဉ်တယ်ဆိုတာ ရွေးကောက်ပွဲအထူးရဲတွေကို လေ့ကျင့်ပေးတဲ့အခါမှာလည်း အထူးရဲတွေမှာ ရောဂါပိုး ရှိ၊ မရှိ အမြန်သိနိုင်တဲ့ Antigen Test Kit နဲ့ စစ်ပေးနေပါတယ်။ အဲဒီတော့ တစ်လှမ်းချင်း၊ တစ်လှမ်းချင်းပေါ့။ ကျွန်မတို့က ပြည်သူတွေရဲ့ ကျန်းမာရေး၊ ပြည်သူတွေရဲ့လုံခြုံရေး၊ ပြည်သူတွေရဲ့ နိုင်ငံသားတာဝန်တင်မကဘူး၊ နိုင်ငံသားရဲ့ အခွင့်အရေးဖြစ်မြောက်ရေးကို အားလုံးအဘက်ဘက် ကနေကြည့်ပြီး လုပ်ဆောင်နေပါတယ်။ ဒါကြောင့် ပြည်သူတွေက ကိုဗစ်ရောဂါပြန့်ပွားမှုကြောင့် စိတ်ခတ်ကျတာ မဖြစ်စေချင်ပါဘူး။ သတိတော့ထားပါ။ ကြောက်တာတွေ၊ စိုးရိမ်တာတွေ လွန်လို့ရှိရင် ဘာမှအထောက်အကူမဖြစ်ပါဘူး၊ သတိကတော့ လွန်ကဲတယ်လို့ မရှိနိုင်ဘူးဆိုတာကြောင့် သတိကိုတော့ ဆက်ပြီးတော့ ထားစေချင်ပါတယ်။

နိုင်ငံတော်အနေနဲ့ အတတ်နိုင်ဆုံးလုပ်နေပါတယ်ဆိုတာကို အားလုံးကနေပြီးတော့ ယုံစေချင်ပါတယ်။ ဥပမာဆိုရင် ကျွန်မတို့ အခုကတည်းကစပြီးတော့ Quarantine ဝင်နေတဲ့ ပြည်သူတွေ ကြိုတင်မဲပေးနိုင်ဖို့အရေး၊ နောက်ပြီးတော့ ဆေးရုံတက်နေရတဲ့ ပြည်သူတွေ ကြိုတင်မဲပေးနိုင်ဖို့အရေး ဒါတွေကိုလည်း စီစဉ်နေပါတယ်။ ဘယ်လိုပုံစံနဲ့ ထိလည်းထိရောက်ရမယ်၊ လုံလည်းလုံခြုံရမယ်၊ အားလုံးဟာကိုယ့်ရဲ့နိုင်ငံသားအခွင့်အရေးကိုလည်း အပြည့်အဝရရှိနိုင်မှာပါ။ အဲဒါနဲ့ပတ်သက်ပြီး ပြောရမယ်ဆိုရင် နိုင်ငံသားအခွင့်အရေးဆိုတော့

စာမျက်နှာ ၄ သို့ ❂



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် Mr. Harsh Vardhan Shringla ဦးဆောင်သော အိန္ဒိယကိုယ်စားလှယ်အဖွဲ့နှင့် တွေ့ဆုံဆွေးနွေးစဉ်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် ဦးဆောင်သော အိန္ဒိယကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၅**
နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် အိန္ဒိယနိုင်ငံ၊ ပြည်ပရေးရာဝန်ကြီးဌာန၊ နိုင်ငံခြားရေးအတွင်းဝန် Mr. Harsh Vardhan Shringla ဦးဆောင်သော အိန္ဒိယကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက် ၉ နာရီခွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

**တက်ရောက်**

အဆိုပါ ဂါရဝပြုတွေ့ဆုံပွဲသို့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ခဲ့ကြပြီး အိန္ဒိယနိုင်ငံခြားရေး အတွင်းဝန်နှင့်အတူ အိန္ဒိယနိုင်ငံ ကြည်းတပ်ဦးစီးချုပ် (Chief of Army Staff) General Manoj Mukund Naravane၊ မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယနိုင်ငံ သံအမတ်ကြီး Mr. Saurabh Kumar နှင့် အိန္ဒိယနိုင်ငံမှ တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရေးနှင့် ဆက်ဆံရေး ပိုမိုတိုးမြှင့်ရေးကိစ္စရပ်များ၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပေါင်းစည်းဆက်သွယ်ရေး၊ ပို့ဆောင်ရေး၊ စွမ်းအင်၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ စီမံကိန်းများ၊ စွမ်းဆောင်ရည်မြှင့်တင်ရေးနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု နယ်ပယ်များ အပါအဝင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် အခြားအကျိုးတူကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် အိန္ဒိယနိုင်ငံက စမ်းသပ်ထုတ်လုပ်နေသည့် ကိုဗစ်-၁၉ ကာကွယ်ဆေး အောင်မြင်ပါက မြန်မာနိုင်ငံအပါအဝင် မိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းထုတ်လုပ်သွားနိုင်ရေး၊ စစ်တွေဆိပ်ကမ်းအား ၂၀၂၁ ခုနှစ် အစောပိုင်းကာလတွင် လည်ပတ်သွားနိုင်ရေး၊ ရခိုင်ပြည်နယ်တွင် လူငယ်များအတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ ဖွင့်လှစ်ပို့ချသွားနိုင်ရေးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ လူငယ်များ အပြန်အလှန်ဖလှယ်မှု မြှင့်တင်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပတ်သက်၍လည်း ဆွေးနွေးခဲ့ကြသည်။

**လွှဲပြောင်းလက်ခံ**

တွေ့ဆုံဆွေးနွေးမှုအပြီးတွင် အိန္ဒိယအစိုးရက မြန်မာအစိုးရထံသို့လှူဒါန်းသည့် COVID-19 ကူးစက်ရောဂါကုသရေးတွင် အသုံးပြုမည့် Remdesivir ထိုးဆေး ၃၀၀၀ ကို နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန်ထံမှ လွှဲပြောင်းလက်ခံခဲ့သည်။



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အိန္ဒိယ အစိုးရက လှူဒါန်းသည့် Remdesivir ထိုးဆေး ၃၀၀၀ ကို အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန် Mr. Harsh Vardhan Shringla ထံမှ လွှဲပြောင်းလက်ခံစဉ်။

အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန်၏ မြန်မာနိုင်ငံသို့လာရောက်သည့် ခရီးစဉ်အတွင်း ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အောက်မှ စက်မှုလယ်ယာစခန်းခွဲများအား အဆင့်မြှင့်တင်၍ စက်မှုလယ်ယာဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်း စီမံကိန်း သဘောတူညီချက်အား စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် အိန္ဒိယသံရုံးတို့အကြား လက်မှတ်ရေးထိုးခဲ့ပြီး မြစ်ကြီးနားမြို့ရှိ ဆော့ဖ်ဝဲရေးသားထုတ်လုပ်မှုနှင့် လေ့ကျင့်ရေး အဆင့်မြင့်သင်တန်းဌာန (Centre of Excellence in Software Development and Training–CESDT )ကို စတင်ဖွင့်လှစ်နိုင်ခဲ့သည်။

**သတင်းစဉ်**

❂ စာမျက်နှာ ၃ မှ
အခုတချို့မြို့နယ်တွေမှာ ရန်ကုန်ကဆိုရင် ရန်ကုန်တစ်တိုင်းလုံးလိုပဲပေ့ါ။ တခြားတိုင်းနဲ့ ပြည်နယ်တွေမှာ Stay at Home အိမ်ထဲမှာပဲ နေရမယ်ဆိုတဲ့ အမိန့်တွေထုတ်ထားတဲ့ မြို့နယ်တွေရှိပါတယ်။ အဲဒီမြို့နယ်တွေမှာဆိုရင် တချို့တွေက အစတုန်းကတော့ ကိုယ့်ရဲ့မူလမြို့နယ်၊ ကိုယ့်ရဲ့မူလ မိသားစုရှိရာ မြို့နယ်တွေကို ပြန်ပြီးမဲပေးမယ်ဆိုပြီးတော့ စီစဉ်တဲ့သူတွေက အခုတော့ ဒီလိုလုပ်ဖို့ မလွယ်တော့ဘူးဆိုတာကို မြင်လာကြတယ်။ အထူးသဖြင့် ရန်ကုန်ဆိုပါတော့။ အခုနယ်မှာရောက်နေတဲ့ ကျွန်မတို့ပြည်သူတွေက အစတုန်းကတော့ ရန်ကုန်မှာ ရွေးကောက်ပွဲအတွက် တစ်ရက်နှစ်ရက် ပြန်ပြီးတော့ မဲပေးမယ်ဆိုပြီးတော့ စဉ်းစားခဲ့တဲ့ပုဂ္ဂိုလ်များဟာ အခုအချိန်မှာတော့ ဒီလိုလုပ်လို့မဖြစ်တော့ဘူးဆိုတာ သဘောပေါက်လာပြီလို့ ကျွန်မထင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ Quarantine စည်းမျဉ်းစည်းကမ်းတွေကြောင့်ပါ။

အဲဒါနဲ့ပတ်သက်လို့ ရွေးကောက်ပွဲကော်မရှင်ကလည်း ထုတ်ပြန်တာတွေ ရှိပါလိမ့်မယ်။ ထုတ်ပြန်တာတွေကို သတိမပြုမိတဲ့ ပြည်သူတွေရှိရင် ကျွန်မအနေနဲ့ သတိပေးချင်ပါတယ်။ အောက်တိုဘာလ ၁၀ ရက်နေ့မတိုင်ခင်မှာ ပုံစံ(၃)နဲ့ လျှောက်လို့ရပါတယ်။ ရန်ကုန်မှာပြန်ပြီးပေးတာမဟုတ်ဘဲနဲ့ နယ်ရောက်နေတယ်ဆိုပါတော့။ နယ်က မကွေးမြို့လေးတစ်မြို့မှာ ရောက်နေတယ်ဆိုရင် အဲဒီမှာပဲ မဲပေးရေးအတွက်ကို ၁၀ ရက်နေ့မတိုင်မီ ပုံစံ(၃)နဲ့ လျှောက်လို့ရပါတယ်။ အဲဒါကြောင့် ပြည်သူ ပြည်သားတွေ ကိုယ့်ရဲ့အခွင့်အရေးကို သုံးပြီးတော့ ကိုယ်တာဝန်ယူထမ်းဆောင်နိုင်အောင်လို့ ကြိုးစားကြပါလို့ ကျွန်မအနေနဲ့ ဆော်ဩချင်ပါတယ်။

ရွေးကောက်ပွဲကော်မရှင်ဘက်က သိရတာကတော့ တချို့တွေက အခုဆိုရင် အွန်လိုင်းကနေ မဲစာရင်းတွေနဲ့ ပတ်သက်လို့ ပြည်သူတွေလုပ်နိုင်ဖို့အတွက် ပြည်သူတွေက ဆက်သွယ်ပြီးတော့ UEC အစီအစဉ်တွေအရ မဲပေးဖို့အတွက် ပါနိုင်ဖို့လုပ်တဲ့နေရာမှာ အထစ်အငေ့ါတွေ အတိုင်းအတာတစ်ခုအထိတော့ ရှိခဲ့တယ်လို့ နားလည်ပါတယ်။ ဒီဟာတွေကိုလည်း ကျွန်မတို့ တတ်နိုင်သမျှ ပြုပြင်ပေးပါမယ်။ ထင်သာတဲ့ အွန်လိုင်းသုံးတဲ့ ပြည်သူတွေများတဲ့အခါကျတော့ ကျွန်မတို့အစီအစဉ်တွေက မလုံလောက်တာတွေ ရှိမှာပေ့ါ။ မလုံလောက်တာတွေရှိတော့ ဒါတွေကို ဘယ်လိုပုံစံနဲ့ ပြင်မလဲဆိုတာကိုလည်း အခုချက်ချင်းလက်ငင်း စဉ်းစားနေပါတယ်။ အမြန်ဆုံးကျွန်မတို့ အကောင်အထည်ဖော်ပေးပါမယ်။ ဒါကြောင့် ကျွန်မ အရင်လည်းပြောဖူးပါတယ်။ စိုးရိမ်မလွန်ကြပါနဲ့၊ သတိတော့ ရှိကြပါ။ ကျွန်မတို့ပြည်သူတွေရဲ့ကျန်းမာရေးအတွက်ရော ပြည်သူတွေရဲ့ နိုင်ငံသူ နိုင်ငံသားတွေရဲ့အခွင့်အရေး အပြည့်အဝရနိုင်ဖို့ အတွက်ကို အတတ်နိုင်ဆုံး လုပ်နေပါတယ်။ လုပ်တာလည်း အောင်မြင်မှုရှိပါတယ်။

အောင်မြင်မှုရှိတယ်ဆိုတာ ဘာကြောင့်လဲဆိုတော့ အားလုံးကဝိုင်းပြီး ကူညီချင်တဲ့စိတ်တွေရှိလို့ပါ။ ကူညီချင်စိတ်ရှိရုံနဲ့တော့ မလုံလောက်ပါဘူး။ တကယ်ကူညီဖို့တော့ လိုပါလိမ့်မယ်။ ကူညီချင်တဲ့စိတ်ရှိပြီးတော့ ကိုယ့်ရဲ့ကျန်းမာရေးကို ကိုယ်မစောင့်ရှောက်ဘူးဆိုရင် နိုင်ငံတော်ကို ကူညီရာ မရောက်ပါဘူး။ ဒါကျွန်မထပ်တလဲလဲ ပြောနေတဲ့ကိစ္စပါ။ ပြည်သူတွေ တစ်ယောက်ချင်းတစ်ယောက်ချင်းက ကိုယ့်ကျန်းမာရေးကို ဂရုစိုက်ပါ၊ ကျန်တဲ့ဟာတွေကို နိုင်ငံတော်က အတတ်နိုင်ဆုံးကြည့်ပြီး လုပ်ပေးပါ့မယ်။ ဒီလောက်ထိ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်နေတဲ့ ရောဂါတစ်ခုကို ထိန်းနိုင်ဖို့ဆိုတာကလည်း ပြည်သူပြည်သားတော်တော်များများက စိတ်ခတ်တက်တက်ကြွကြွနဲ့ ပါဝင်ပြီး ပူးပေါင်းလုပ်ဆောင်တဲ့အတွက် ဒီလောက်အထိလုပ်နိုင်တယ်လို့ ကျွန်မတို့ ယုံကြည်ပါတယ်။ ဒါကြောင့် ကျေးဇူးတင်တယ်လို့ပြောပါရစေ။ နောက်ဆုံးမှာတော့ ကျေးဇူးတင်စကားနဲ့ နိဂုံးချုပ်ပါရစေ။ ပြည်သူ ပြည်သားတွေကိုလည်း ကျေးဇူးတင်တယ်။ ပြည်တွင်းကနေပြီး ကျန်းမာရေးအရ ကိုဗစ်ရောဂါ မပြန့်ပွားအောင် တတ်နိုင်သမျှလုပ်ပေးတဲ့ ပြည်သူပြည်သားတွေကိုလည်း ကျေးဇူးတင်ပါတယ်။ နိုင်ငံခြားမှာရောက်နေတဲ့ နိုင်ငံသူ၊ နိုင်ငံသားများဟာ နိုင်ငံသူ၊ နိုင်ငံသားများ တာဝန်ကျေပွန်စွာနဲ့ ကျွန်မတို့ရဲ့နိုင်ငံသိက္ခာကို ထိန်းသိမ်းသောအားဖြင့် ရွေးကောက်ပွဲမှာ တက်တက်ကြွကြွပါဝင်ပြီးတော့ ကြိုတင်မဲတွေ ပေးနေတဲ့အတွက်လည်း ကျေးဇူးတင်တယ်လို့ ပြောချင်ပါတယ်။

အားလုံး ကျန်းမာချမ်းသာစွာ နေနိုင်ကြပါစေ။ နေလည်း နေကြပါ။

❒ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်မှ အာဆီယံမူဝါဒအတိုင်း ဆောင်ရွက်လျက်ရှိမှု၊ မြန်မာ့တပ်မတော်ကို ခေတ်မီတပ်မတော်အဖြစ် တည်ဆောက်လျက်ရှိမှု၊ နိုင်ငံတိုင်းရှိ တပ်မတော်တိုင်းသည် တိုင်းပြည်နှင့် ပြည်သူ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ရန်အတွက်ဖြစ်ပြီး လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားနေမှုကို မည်သည့်တပ်မတော်ကမှ မလိုလားသည်ဖြစ်၍ ပဋိပက္ခများကို ငြိမ်းချမ်းသောနည်းဖြင့်သာ ဖြေရှင်းဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေ၊ နှစ်နိုင်ငံနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှုများကို အပြန်အလှန်ယုံကြည်မှုဖြင့် ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများနှင့် နယ်စပ်ဒေသ လမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှုအခြေအနေများအား ခင်မင်ရင်းနှီးစွာ အပြန်အလှန်ဆွေးနွေးခဲ့ကြကြောင်း တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။ **သတင်းစဉ်**

# COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် အလှူငွေများ ပေးအပ်လှူဒါန်း



**နေပြည်တော် အောက်တိုဘာ ၅**

Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီထံသို့ အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၌ ကျင်းပသည်။

ရှေးဦးစွာ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၏ ဇနီး ဒေါ်လွင်လွင်မှန်က ယခုကဲ့သို့ မြန်မာနိုင်ငံ၌ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အရင်းအမြစ်များစွာ အသုံးပြုဆောင်ရွက်ရသည်ဖြစ်ရာ မိမိအနေဖြင့် ဘယ်လ်ဂျီယံနိုင်ငံ မြို့တော် ဘရပ်ဆဲလ်ရှိ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများ၏ ဇနီးများက စုပေါင်းဖွဲ့စည်းထားသော Asia Pacific Women's Association (APWA), Brussels အဖွဲ့၏ လှူဒါန်းငွေများကို လာရောက်လှူဒါန်းခြင်းဖြစ်ပါကြောင်း၊ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှ ကြိုးပမ်းထမ်းဆောင်နေကြသည့် ကျန်းမာရေးဝန်ထမ်းများအား ကျေးဇူးတင်ရှိပြီး ကျန်းမာဘေးကင်းကြပါစေရန် ဆုမွန်ကောင်းတောင်းအပ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးအဖွဲ့ချုပ်နှင့် ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ်မှ ကိုယ်စားလှယ်တစ်ဦးက မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးအဖွဲ့ချုပ်နှင့် ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ်အနေဖြင့် ယခုကဲ့သို့ ဗဟိုကော်မတီသို့ လှူဒါန်းခြင်းမှာ ဒုတိယအကြိမ်မြောက် ဖြစ်ပါကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတစ်ဝန်းရှိ မြို့နယ်များတွင်လည်း ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများအတွက် လှူဒါန်းမှုများ ပြုလုပ်လျက်ရှိပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ယခုကဲ့သို့ လှူဒါန်းမှုများသည် ကိုဗစ်–၁၉ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများအတွက် များစွာအကျိုးရှိမည်ဖြစ်ပါကြောင်း၊ ကိုဗစ်–၁၉ ကူးစက်မှုများသည် ယခုဒုတိယလှိုင်းနောက်တွင်လည်း ကူးစက်မှုလှိုင်းများ ရှိလာနိုင်ကြောင်း၊ ပြည်သူများအနေဖြင့် ရောဂါကာကွယ်ရေးဆိုင်ရာ ဆောင်ရန်၊ ရှောင်ရန်အချက်များအား အလေးအနက်ထားကာ ဆက်လက်လိုက်နာဆောင်ရွက်ရန် အထူးလိုအပ်ပါကြောင်း၊ ကိုဗစ်–၁၉ အတွက် ထိရောက်အစွမ်းထက်သော ကာကွယ်ဆေးများ ပေါ်ထွက်လာပြီး ပြည်သူအများစု ထိုးနှံပြီးမှသာ ကိုဗစ်–၁၉ ကူးစက်မှုလှိုင်းများ ထပ်မံမဖြစ်ပွားတော့မည် ဖြစ်ပါကြောင်း၊ ယခုလက်ရှိအချိန်၌ ကိုဗစ်–၁၉ ကပ်ရောဂါကို အကောင်းဆုံး ကာကွယ်၊ ထိန်းချုပ်နိုင်သည့် နည်းလမ်းမှာ အတတ်နိုင်ဆုံး နေအိမ်တွင်သာ နေထိုင်ခြင်းနှင့် မဖြစ်မနေ အိမ်ပြင်ပသို့ သွားရပါက ပါးစပ်နှင့် နှာခေါင်းစည်း (mask) ကို မဖြစ်မနေတပ်ဆင်ခြင်းဖြစ်ပါကြောင်း၊ ကိုဗစ်–၁၉ ရောဂါပိုးရှိနေပြီး ရောဂါလက္ခဏာမရှိသူများထံမှ အခြားသူများထံသို့ ရောဂါကူးစက်ခံရနိုင်သဖြင့် ပြည်သူများ အထူးသဖြင့် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ ကျောက်ကပ်ရောဂါ စသည့် နာတာရှည်ရောဂါရှိသူများအနေဖြင့် နေအိမ်တွင်သာ နေထိုင်ပြီး အခြားအတူနေသူများနှင့် ခပ်ခွာခွာနေထိုင်ခြင်းနှင့် သီးခြားအိပ်စက်ခြင်းတို့ ပြုလုပ်ကြရမည်ဖြစ်ပါကြောင်း၊ ယနေ့လှူဒါန်းပွဲသို့ တက်ရောက်လာကြသူများအနေဖြင့် အဆိုပါအချက်များကို စကားလက်ဆင့်ပွားခြင်းနှင့် ဝေမျှခြင်းများ ပြုလုပ်ပေးကြစေလိုကြောင်း ပြောကြားသည်။

ယနေ့လှူဒါန်းမှု အခမ်းအနားတွင် Asia Pacific Women's Association (APWA), Brussels က ယူရိုငွေ ၂၃၅၇၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးအဖွဲ့ချုပ်နှင့် ဂေါ်ရခါးဟိန္ဒူဓမ္မအဖွဲ့ချုပ်က ငွေကျပ်သိန်း ၅၀၀၊ ဦးသစ်လွင်လေး–ဒေါ်ခင်သက်ဦး အေလာမြို့က ငွေကျပ်သိန်း ၂၀ နှင့် CSA –2 (အထက်မြန်မာပြည်) ကျောင်းသား ကျောင်းသူများက ငွေကျပ် ၁၀ သိန်းတို့ကို ပေးအပ်လှူဒါန်းကြရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးနှင့် ဒုတိယဝန်ကြီး ဒေါက်တာမြလေးစိန်တို့က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**


# လူမှုသဟဇာတဆိုင်ရာ မူဘောင်တစ်ရပ် ပေါ်ပေါက်လာရေး အကြိုညှိနှိုင်းဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၅**

လူမှုသဟဇာတဆိုင်ရာလုပ်ငန်းများ ဆက်လက်ဆောင်ရွက်နိုင်ရန် လူမှုသဟဇာတဆိုင်ရာ မူဘောင်တစ်ရပ် ပေါ်ပေါက်လာရေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးနှင့် ဝန်ကြီးဌာန တာဝန်ရှိသူများ၊ Paung Sie Facility နှင့် ဩစတြေးလျနိုင်ငံ Football United အဖွဲ့တို့ အွန်လိုင်းစနစ်ဖြင့် ကျင်းပသည်။

ဆွေးနွေးပွဲတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားရင်ကြားစေ့ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး၊ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး ဦးတည်ချက်များဖြင့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံအတွင်း ရေရှည်ပဋိပက္ခကင်းဝေးရေး ဆောင်ရွက်ရာတွင် လူမှုသဟဇာတဖြစ်ရေးလုပ်ငန်းစဉ်သည် အရေးကြီးကြောင်း၊ လူမှုသဟဇာတဖြစ်ရေးနှင့်ပတ်သက်၍ ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ဒေသခံများနှင့် ညှိနှိုင်းဆွေးနွေးခြင်းများ၊ တွေ့ဆုံပွဲများ၊ အလုပ်ရုံဆွေးနွေးပွဲများကိုလည်း အခါအားလျော်စွာ ဆောင်ရွက်လျက်ရှိကြောင်း၊ လူမှုသဟဇာတဖြစ်ရေးကို ဆောင်ရွက်ရာတွင် မိမိတို့ဝန်ကြီးဌာန တစ်ခုတည်းဖြင့် ဆောင်ရွက်၍မရကြောင်း၊ အစိုးရဌာနများ၊ အစုအဖွဲ့များနှင့် လူမှုအဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ခြင်းနှင့် မတူညီသော လူမှုအသိုက်အဝန်းများအကြား အပြန်အလှန်ညှိနှိုင်း ဆက်သွယ်ဆောင်ရွက်ခြင်း၊ ယုံကြည်မှုတည်ဆောက်ခြင်း စသည့် လုပ်ငန်းစဉ်များကို အလေးထားဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဤလုပ်ငန်းသည် ရေရှည်လုပ်ငန်းစဉ်ဖြစ်၍ မူဘောင်တစ်ရပ်ရေးဆွဲပြီး စနစ်တကျဆောင်ရွက်ရန် လိုအပ်ကြောင်း၊ အစိုးရက ဆောင်ရွက်မည့်လုပ်ငန်းစဉ်များတွင် Paung Sie Facility နှင့် ဩစတြေးလျနိုင်ငံ Football United အဖွဲ့တို့က ပူးပေါင်းပါဝင်ဆောင်ရွက်မည်ဖြစ်သည့်အတွက် ကြိုဆိုပါကြောင်း ပြောကြားသည်။

ထို့နောက် Paung Sie Facility နှင့် ဩစတြေးလျနိုင်ငံ Football United အဖွဲ့တို့က ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်မည့်အခြေအနေများကို ရှင်းလင်းဆွေးနွေးကြရာ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက အကြိုညှိနှိုင်းဆွေးနွေးရန် လိုအပ်သည့်ကိစ္စရပ်များ၊ လုပ်ငန်းများဆောင်ရွက်ရာတွင် ကိုဗစ်–၁၉ ဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ဆောင်ရွက်ကြရမည့် အခြေအနေများကို ပြန်လည်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**



အောက်တိုဘာ ၅ ရက်က ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ်အဖြစ် နည်းပညာတက္ကသိုလ် (တောင်ငူ)မှ ပါမောက္ခချုပ် ဒေါက်တာမောင်မောင်လတ်၊ ဆရာ ဆရာမများနှင့် ဝန်ထမ်းများက တောင်ငူတက္ကသိုလ် ယာယီဆေးရုံပြင်ဆင်ရန်နှင့် အထွေထွေအသုံးပြုရန်အတွက် အလှူငွေကျပ် ၁၆ သိန်းကို တောင်ငူခရိုင် ကိုဗစ်–၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမိုးထက်ထံ ပေးအပ်လှူဒါန်းစဉ်။ ကျော်လှ(တောင်ငူ)

# ကိုဗစ်–၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ် အောက်တိုဘာ ၆ ရက် ညနေ ၆ နာရီခွဲတွင် ထုတ်လွှင့်ပြသမည်

**နေပြည်တော် အောက်တိုဘာ ၅**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနှင့် ပြန်ကြားရေးဝန်ကြီးဌာနတို့ ပူးပေါင်းပြီး ကိုဗစ် –၁၉ ရောဂါအကြောင်း သိကောင်းစရာ အမေး/အဖြေ အစီအစဉ်ကို စက်တင်ဘာ ၂၉ ရက်မှစ၍ အပတ်စဉ် အင်္ဂါ၊ ဗုဒ္ဓဟူးနှင့် ကြာသပတေးနေ့များတွင် ညနေ ၆ နာရီခွဲမှ ည ၇ နာရီအထိ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသလျက်ရှိရာ အောက်တိုဘာ ၆ ရက်တွင် ကိုဗစ် – ၁၉ ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်း၍ နည်းပညာပိုင်းဆိုင်ရာ ကူညီပံ့ပိုးအကြံပြု အားဖြည့်ဆောင်ရွက်နိုင်ရေးအဖွဲ့ဝင် ကျန်းမာရေးပညာရှင်ကြီးများနှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူ ကျန်းမာရေးပညာရှင်များဖြစ်သည့် **ရန်ကုန်တိုင်းဒေသကြီး COVID–19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထောင်စုဝန်ကြီးရုံး ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသာထွန်းကျော်၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး(အငြိမ်းစား) ဒေါက်တာဝင်းမြင့်နှင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာညွှန့်သိန်း(ဆေးပညာဌာန–အငြိမ်းစား)**တို့က ပြည်သူများ သိရှိမေးမြန်းလိုသည့် COVID–19 ကူးစက်ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့်စပ်လျဉ်းသည့် မေးခွန်းများ ပြန်လည်ဖြေကြားချက်ကို ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါအတွက် မျှော်လင့်ချက်

**ကိုဗစ်-၁၉ အတွက် အရေးပါသည့်ကာကွယ်ဆေး**

၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် SARS-CoV-2 ဗိုင်းရပ်စ်၏ မျိုးရိုးဗီဇကို ဖော်ထုတ်နိုင်ပြီးချိန်မှအစပြုပြီး ကာကွယ်ဆေးထုတ်လုပ်သည့်လုပ်ငန်းများ စတင်ခဲ့သည်။ လူသားများတွင် ကာကွယ်ဆေး ဘေးကင်းမှုရှိ၊ မရှိ စမ်းသပ်မှုများကို ပထမဆုံးအနေဖြင့် မတ်လတွင် စတင်ခဲ့သည်။ လက်ရှိအနေအထားတွင် ကမ္ဘာတစ်ဝန်းရှိ သုတေသီများက ကိုဗစ်-၁၉ ကို ကာကွယ်ရန်အတွက် ကာကွယ်ဆေးအမျိုးပေါင်း ၃၂၀ ကိုစမ်းသပ်လေ့လာလျက်ရှိသည်ဟု သိရသည်။ ယေဘုယျအားဖြင့် ကာကွယ်ဆေးထုတ်လုပ်မှုလုပ်ငန်းစဉ်သည် လက်တွေ့အသုံးပြုနိုင်သည့်အဆင့် မရောက်မီ နှစ်ပေါင်းများစွာ သုတေသနပြုရန် လိုအပ်သည်။ သို့ရာတွင် လက်ရှိ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရန်အတွက် သိပ္ပံပညာရှင်များက လာမည့်နှစ်တွင် လုံခြုံစိတ်ချရပြီး ထိရောက်သော ကာကွယ်ဆေးကိုထုတ်လုပ်ရန် အပြိုင်အဆိုင် အားထုတ်ကြိုးပမ်းနေကြခြင်း ဖြစ်သည်။

**ကာကွယ်ဆေးစမ်းသပ်သည့်အဆင့်များ**

ကာကွယ်ဆေး စမ်းသပ်ခြင်းလုပ်ငန်းစဉ်တွင် ကနဦးအဆင့်မှာ ကြိုတင်စမ်းသပ်မှုဖြစ်ပြီး ဘေးကင်းလုံခြုံမှုနှင့် အာနိသင်ရှိ၊ မရှိကို ကြွက် သို့မဟုတ် မျောက်ကဲ့သို့ တိရစ္ဆာန်များတွင် ထိုးနှံစမ်းသပ်ခြင်း ဖြစ်သည်။ (အဆင့် - ၁) မှာ လူသားများတွင် ဘေးကင်းလုံခြုံမှုနှင့် အာနိသင်ရှိနိုင်မည့်ပမာဏကို စမ်းသပ်ရန် လူအရေအတွက် အနည်းငယ်အား အသိပေးခွင့်ပြုချက်ရယူပြီး ကာကွယ်ဆေးထိုးနှံ စောင့်ကြည့်လေ့လာခြင်းဖြစ်သည်။ (အဆင့် - ၂) တွင် ကလေးများနှင့် သက်ကြီးရွယ်အိုများကဲ့သို့သော အုပ်စုများအပါအဝင် ရာနှင့်ချီသော လူများအား ကာကွယ်ဆေးထိုးနှံပြီး စောင့်ကြည့်လေ့လာခြင်းဖြစ်သည်။ ဤအဆင့်သည် ကာကွယ်ဆေး၏ ဘေးကင်းစိတ်ချရမှုနှင့် ကိုယ်ခံစွမ်းအားစနစ် လှုံ့ဆော်နိုင်စွမ်းကို ထပ်မံစစ်ဆေးစမ်းသပ်ခြင်းဖြစ်သည်။ (အဆင့်- ၃) တွင် လူထောင်ပေါင်းများစွာကို ကာကွယ်ဆေးထိုးပေးပြီး ရောဂါကူးစက်ခံရသူမည်မျှရှိသည်ကို စောင့်ကြည့်လေ့လာခြင်းဖြစ်သည်။ ထို့နောက် နောက်ဆုံးအဆင့်အနေဖြင့် အသိအမှတ်ပြု လိုင်စင်ရရှိ၍ ဈေးကွက်တွင် ရောင်းချပြီး နောက်တွင်လည်း ဆက်လက်စောင့်ကြပ်ကြည့်ရှုလေ့လာခြင်းတို့ကို တစ်ဆင့်ပြီးတစ်ဆင့် စနစ်တကျဆောင်ရွက်ရသည်။

**ရှေ့မှဦးဆောင်နေသည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ**

(အဆင့်- ၃) ရောက်နေသည့်ကာကွယ်ဆေး ၁၁ ခု အနက် တရုတ်နိုင်ငံ ဝူဟန်ပြည်နယ်က ထုတ်လုပ်သည့် Ad5-nCoV၊ အောက်စ်ဖို့တက္ကသိုလ်က ထုတ်လုပ်သည့် AZD1222၊ Sinovac သုတေသနအဖွဲ့အစည်းက ထုတ်လုပ်သည့် CoronaVac၊ Johnson & Johnson ကုမ္ပဏီကထုတ်လုပ်သည့် JNJ-78436735၊ Moderna က ထုတ်လုပ်သည့် mRNA-1273၊ Henan Provincial Center for Disease Control and Prevention က ထုတ်လုပ်သည့် အမည်မပေးရသေးသော ကာကွယ်ဆေး၊ Novavax ကုမ္ပဏီက ထုတ်လုပ်သည့် NVX-CoV2373 စသည်တို့ ပါဝင်ကြောင်း သိရသည်။ (အဆင့်-၂) နှင့် (၃) အကြားရောက်ရှိနေသည့် ကာကွယ်ဆေးများမှာ မဲလ်ဘုန်းတက္ကသိုလ်က စမ်းသပ်နေသည့် BCG ကာကွယ်ဆေး၊ အိန္ဒိယနိုင်ငံ Bharat Biotech ကုမ္ပဏီ၏ Covaxin၊ Zydus Cadila ကုမ္ပဏီ၏ ZyCoV-D တို့ဖြစ်ကြပြီး (အဆင့်-၁) နှင့် (၂) အကြား ရောက်နေသည့် ကာကွယ်ဆေးများမှာ ဂျပန်နိုင်ငံ AnGes ကုမ္ပဏီ၏ AG0301-COVID19 နှင့် ရုရှားနိုင်ငံ Gamaleya သုတေသနဌာန၏ Sputnik V စသည်တို့ဖြစ်ကြသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများနှင့် သုတေသနကျင့်ဝတ်**

အမေရိကန်နိုင်ငံ အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ရေးဌာန (FDA) က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို အရေးပေါ် သို့မဟုတ် အပြည့်အဝထုတ်လုပ်သုံးစွဲခွင့်ပြု၊ မပြု ဆုံးဖြတ်ချက်အား သုတေသန စမ်းသပ်လေ့လာစစ်ဆေးမှုများအဆင့်ဆင့်ပြုလုပ်၍ ရရှိလာသော ရလဒ်များအပေါ်အခြေခံပြီး ချမှတ်သွားမည်ဖြစ်ကြောင်း၊ မိမိတို့မိသားစုများအား ကိုယ်တိုင်စိတ်ချလက်ချ မထိုးပေးနိုင်သည့် ဆေးမျိုးကို ခွင့်ပြုပေးသွားမည်မဟုတ်ကြောင်း၊ ထို့အပြင် ကာကွယ်ဆေးစမ်းသပ်စစ်ဆေး အတည်ပြုသည့်လုပ်ငန်းစဉ်တွင် နိုင်ငံရေးအရ ဝင်ရောက်စွက်ဖက်မှုမျိုးကို ခွင့်ပြုမည်မဟုတ်ကြောင်း ပြောကြားခဲ့သည်။ မကြာသေးမီကပင် ကာကွယ်ဆေးထုတ်လုပ်မှုတွင် ဦးဆောင်နေသည့် ကုမ္ပဏီကိုးခုက သုတေသနကျင့်ဝတ်များနှင့်အညီ သိပ္ပံနည်းကျ မှန်ကန်သည့် အချက်အလက်များအပေါ်အခြေခံပြီး ပူးပေါင်းဆောင်ရွက်သွားရန် သဘောတူခဲ့ကြသည်။

> **ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မိမိတို့အနေဖြင့် ကာကွယ်ဆေးနှင့်ပတ်သက်ပြီး ဘေးအကင်းဆုံးနှင့် အာနိသင်အကောင်းဆုံးကိုရရှိဖို့ မျှော်လင့်ထားကြသော်လည်း မျှော်လင့်ထားသကဲ့သို့ ဖြစ်ချင်မှဖြစ်မည်ဆိုသည်ကို နားလည်ထားဖို့လိုကြောင်း၊ ထိရောက်သည့်ကာကွယ်ဆေး ထွက်ပေါ်လာခဲ့လျှင်ပင် နှာခေါင်းစည်းတပ်ခြင်း၊ လူချင်းခပ်ခွာခွာနေထိုင်ခြင်း စသည့် ရောဂါကာကွယ်ရေးအတွက် အခြေခံစည်းကမ်းများကို ဆက်လက်လိုက်နာသွားရန် လိုအပ်ကြောင်း သတိပေးပြောကြားခဲ့။**

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများအပေါ် ပြည်သူလူထု၏ တုံ့ပြန်မှု**

အမေရိကန်နိုင်ငံအနေဖြင့် စမ်းသပ်ဆဲ ကာကွယ်ဆေးတချို့ သုံးစွဲခွင့်အတည်ပြုချက် ရလျှင်ရချင်း အမြန်ဆုံး ထုတ်လုပ်အသုံးပြုနိုင်ရန် ပြင်ဆင်လျက်ရှိသည်။ တစ်ချိန်တည်းမှာပင် အဆိုပါ ကာကွယ်ဆေးများအပေါ် ပြည်သူလူထု၏အမြင်ကို စစ်တမ်းကောက်ယူခဲ့ရာ ၂၀၂၀ ပြည့်နှစ် မေလအတွင်းက အမေရိကန်ပြည်သူလူထု၏ ၇၂ ရာခိုင်နှုန်းက စိတ်ချယုံကြည်စွာ ထိုးနှံမည်ဟု တုံ့ပြန်ခဲ့သော်လည်း လက်ရှိအချိန်တွင် ၅၁ ရာခိုင်နှုန်းအထိ ကျဆင်းသွားကြောင်း၊ ပြည်သူလူထုအများစုအနေဖြင့် ကာကွယ်ဆေးများ၏ ဘေးကင်းလုံခြုံမှုနှင့် ထိရောက်မှုများကို အပြည့်အဝ၊ စမ်းသပ် သုတေသနပြုမှုများမပြီးမီ အလျင်အမြန်အတည်ပြုမည်ကို စိုးရိမ်နေကြကြောင်း သိရှိရသည်။ မြန်မာနိုင်ငံ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ မကြာသေးမီက ထုတ်ပြန်ချက်တွင် ယခုအချိန်အထိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အသိအမှတ်ပြုထောက်ခံသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး မရှိသေးကြောင်း၊ သို့ဖြစ်၍ လူမှုကွန်ရက်များ၊ အင်တာနက်စာမျက်နှာများနှင့် အွန်လိုင်း ဈေးကွက်များတွင် ကြေညာနေသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို ဝယ်ယူသုံးစွဲခြင်းမပြုရန် လိုအပ်ကြောင်း ဖော်ပြထားသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများနှင့် ဗိုင်းရပ်စ်၏ မျိုးရိုးဗီဇပြောင်းလဲမှု**

ကမ္ဘာတစ်လွှားတွင် SARS-CoV-2 ဗိုင်းရပ်စ်၏ မျိုးရိုးဗီဇပြောင်းလဲမှုများ ဖြစ်ပေါ်ပျံ့နှံ့လျက်ရှိရာ အဆိုပါပြောင်းလဲမှုများက ကာကွယ်ဆေးများ၏ အာနိသင်အပေါ် ထိခိုက်နိုင်မှု ရှိ၊ မရှိအပေါ် စိုးရိမ်မှုများ ရှိလာကြသည်။ သို့ရာတွင် ယနေ့အချိန်အထိ သုတေသနရလဒ်များအရ SARS-CoV-2 ဗိုင်းရပ်စ်၏ မျိုးရိုးဗီဇပြောင်းလဲနှုန်း (Mutation rate)သည် ရာသီတုပ်ကွေးဗိုင်းရပ်စ်၊ သွေးလွန်တုပ်ကွေးဗိုင်းရပ်စ်စသော ဗိုင်းရပ်စ်များနှင့် နှိုင်းယှဉ်လျှင် နိမ့်ကျကြောင်း တွေ့ရသည်။ ထို့အပြင် ကမ္ဘာတစ်လွှားကို ပျံ့နှံ့လွှမ်းမိုးလျက်ရှိသော ဗိုင်းရပ်စ်အများစု၏ D614G မျိုးရိုးဗီဇပြောင်းလဲမှုသည် ဗိုင်းရပ်စ်၏ Spike protein အတွင်းရှိနေသော်လည်း လူ့ခန္ဓာကိုယ်ဆဲလ်မျက်နှာပြင်ရှိ ACE2 receptor နှင့် ပေါင်းစပ်သည့်အစိတ်အပိုင်းအတွင်း မရှိကြောင်း သိရှိရသည်။ သို့ဖြစ်၍ လက်ရှိဖြစ်ပေါ်နေသည့် ဗိုင်းရပ်စ်များ၏ မျိုးရိုးဗီဇပြောင်းလဲမှုများသည် ကာကွယ်ဆေးများ၏ အာနိသင်အပေါ် ထိခိုက်နိုင်ဖွယ်မရှိဟု မျှော်လင့်ရသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများနှင့် ဦးစားပေးအစီအစဉ်**

အတိတ်က ကာကွယ်ဆေးများဖြန့်ချိရာတွင် ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံများအရ ကမ္ဘာ့ကျန်းမာရေးအဖွဲ့အနေဖြင့် ကာကွယ်ဆေးများကို ဆင်းရဲသည့် (ကျန်းမာရေးစောင့်ရှောက်မှုအားနည်းသည့်) နိုင်ငံများကို ဦးစားပေးရန် တိုက်တွန်းထားသည်။ အလားတူပင် နိုင်ငံတစ်ခုစီအတွင်းတွင်လည်း ကူးစက်ခံရနိုင်ခြေအများဆုံး၊ သေဆုံးနိုင်ခြေအများဆုံးသော သူများကို ဦးစားပေးထိုးနှံရန် အကြံပြုထားသည်။ အမေရိကန်ပြည်ထောင်စုအနေဖြင့် ရေးဆွဲထားသော ကာကွယ်ဆေးဦးစားပေးအစီအစဉ်အရ ပထမအဆင့်တွင် ကျန်းမာရေးစောင့်ရှောက်မှု ဝန်ထမ်းများကိုလည်းကောင်း၊ ဒုတိယအဆင့်တွင် ရောဂါအခံရှိသူများ၊ သက်ကြီးရွယ်အိုများ၊ လူနေထူထပ်စွာ နေရသူများကိုလည်းကောင်း၊ တတိယအဆင့်တွင် လူအများစုနှင့် တိုက်ရိုက်ထိတွေ့ဆက်ဆံနေပြီး ဝန်ဆောင်မှုပေးရသည့် အစိုးရ၊ ပုဂ္ဂလိကဝန်ထမ်းများ၊ ဆရာ ဆရာမများကိုလည်းကောင်း၊ စတုတ္ထအဆင့်တွင် ကလေးများနှင့် လူငယ်များကိုလည်းကောင်းစသည်ဖြင့် ဦးစားပေးထိုးနှံရန် ဖော်ပြထားသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများနှင့် ၎င်းတို့၏ဘေးကင်းစိတ်ချရမှု**

ကိန်းဘရစ်တက္ကသိုလ်နှင့် အမေရိကန်နိုင်ငံ National Institute of Allergy and Infectious Diseases တို့သည် Moderna ကာကွယ်ဆေးကို (အဆင့်-၁) အနေဖြင့် အသက် ၅၆ နှစ်အထက် လူ ၄၀ တွင်လည်းကောင်း၊ ရုရှားနိုင်ငံသည် ကာကွယ်ဆေးကို အသက် ၁၆ နှစ်နှင့် ၆၀ အကြား ကျန်းမာသောအမျိုးသား၊ အမျိုးသမီး ၇၆ ဦးတို့အားလည်းကောင်း အသိပေးခွင့်ပြုချက်ရယူပြီး စမ်းသပ်ခဲ့ကြပါသည်။ ထိုအခါ ကာကွယ်ဆေးထိုးနှံထားသူများတွင် ထိုရောဂါကူးစက်ခံရပြီး ပြန်လည်နာလန်ထလာသူများကဲ့သို့ ဗိုင်းရပ်စ်ကို ချေဖျက်နိုင်သည့် ပဋိပစ္စည်းများထွက်ပေါ်လာကြောင်း၊ ဘေးထွက်ဆိုးကျိုးကြီးကြီးမားမားမရှိကြောင်း တွေ့ရသည်။ အောက်စ်ဖို့တက္ကသိုလ်က ထုတ်လုပ်သည့် AZD1222 ၏ (အဆင့် - ၃) စမ်းသပ်မှုတွင် ပါဝင်သူတစ်ဦးသည် ဦးနှောက်အာရုံကြောမကြီး ရောင်ရမ်းခြင်းခံစားရသဖြင့် စမ်းသပ်မှုကို ခေတ္တရပ်ဆိုင်းခဲ့ရသည်။ သို့ရာတွင် ထိုသို့ဖြစ်ပွားရသည့်အကြောင်းကို စစ်ဆေးဖော်ထုတ်ပြီး ရက်အနည်းငယ်အကြာတွင် (အဆင့်- ၃) စမ်းသပ်မှုကို ပြန်လည်စတင်နိုင်ခဲ့ကြောင်း သိရသည်။

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများနှင့် New Normal**

ကိုဗစ်-၁၉ ရောဂါကူးစက်ခံရပြီး ပြန်လည်သက်သာလာသည့်လူနာများတွင် ဗိုင်းရပ်စ်ကို ချေဖျက်နိုင်သည့် ပဋိပစ္စည်းထွက်ပေါ်လာမှုကို တိုင်းတာကြည့်ရာ လူနာများ၏ ၉၀ ရာခိုင်နှုန်းခန့်တွင် လေးလခန့်ကြာသည်အထိ ရောဂါကာကွယ်နိုင်သည့် ပဋိပစ္စည်းပမာဏကျန်ရှိကြောင်း သိရှိရသည်။ သို့ဖြစ်၍ ကာကွယ်ဆေးများထိုးနှံပြီး ထွက်လာမည့် ပဋိပစ္စည်းများသည် ခန္ဓာကိုယ်အတွင်း မည်မျှကြာအောင် တည်ရှိနေပြီး ရောဂါကာကွယ်ပေးနိုင်မည်နည်းဆိုသည့်အချက်ကို တိကျစွာခန့်မှန်းနိုင်ခြင်း မရှိသေးပေ။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့က မိမိတို့အနေဖြင့် ကာကွယ်ဆေးနှင့်ပတ်သက်ပြီး ဘေးအကင်းဆုံးနှင့် အာနိသင်အကောင်းဆုံးကိုရရှိဖို့ မျှော်လင့်ထားကြသော်လည်း မျှော်လင့်ထားသကဲ့သို့ ဖြစ်ချင်မှဖြစ်မည်ဆိုသည်ကို နားလည်ထားဖို့လိုကြောင်း၊ ထိရောက်သည့် ကာကွယ်ဆေးထွက်ပေါ်လာခဲ့လျှင်ပင် နှာခေါင်းစည်းတပ်ခြင်း၊ လူချင်းခပ်ခွာခွာနေထိုင်ခြင်းစသည့် ရောဂါကာကွယ်ရေးအတွက် အခြေခံစည်းကမ်းများကို ဆက်လက်လိုက်နာသွားရန် လိုအပ်ကြောင်း သတိပေးပြောကြားခဲ့ပါသည်။ ။

**ဒေါက်တာဇင်ဇေယျာဝင်း**

---

❂ ရန်ကုန်မြို့မှ

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနနဲ့ပူးပေါင်းပြီး သူတို့ကို ဆေးစစ်တာတွေ လုပ်ပေးပါတယ်။ နောက်ပြီး သီးခြားနေထိုင်စေပါတယ်။ ကျန်းမာရေးနဲ့ ပတ်သက်ပြီး လိုက်နာရမယ့်အချက်တွေကို တိတိကျကျလိုက်နာဖို့ နေ့စဉ်လမ်းညွှန်မှာကြားပါတယ်”ဟု ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ ဒုတိယဌာနမှူး ညွှန်ကြားရေးမှူး ဒေါက်တာအောင်မြင့်မော်က ပြောသည်။

ယခင်က ကန့်သတ်စောင့်ကြည့်စင်တာများ၊ ဆေးရုံ၊ ဆေးခန်းများနှင့် နေအိမ်တွင်နေထိုင်ရေးအစီအစဉ်တွင်ပါဝင်သည့် နေရာများမှ ထွက်ရှိလာသည့် စွန့်ပစ်အမှိုက်များကို ယာဉ်ခြောက်စီး ဝန်ထမ်းအင်အား ၃၀ ဖြင့် နေ့စဉ်သိမ်းဆည်းပေးခဲ့ရာမှ ဩဂုတ်လမှ စတင်ကာ နေ့စဉ်ထွက်ရှိလာသည့် စွန့်ပစ်အမှိုက်များမှာ ယခင်ထက်သုံးဆ ပိုများလာသဖြင့် ယာဉ် ၁၅ စီးနှင့် ဝန်ထမ်းအင်အား ၉၀ တိုးချဲ့ကာ အမှိုက်များကို သိမ်းဆည်းမီးရှို့ဖျက်ဆီးလျက်ရှိကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သိရသည်။

ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးခဲ့သူများအား မီးသင်္ဂြိုဟ်ရန်အတွက် ယာဉ်နှစ်စီး ဝန်ထမ်းငါးဦးဖြင့် ဆောင်ရွက်ပေးခဲ့ရာမှ ယခုအခါ ကိုဗစ်-၁၉ ရောဂါကြောင့် လူသေဆုံးမှု များပြားလာသည့်အတွက် ယာဉ်သုံးစီး ဝန်ထမ်း ၁၀ ဦးဖြင့် အင်အားတိုးချဲ့ကာ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

“ ဩဂုတ်လကစပြီး ကန့်သတ်စောင့်ကြည့်စင်တာတွေ များလာတယ်။ အမှိုက်ထွက်ရှိမှုကလည်း အရင်ကထက် သုံးဆပိုများလာတယ်။ ဝန်ထမ်းအင်အားနဲ့ ယာဉ်တွေကို တိုးချဲ့ဖွဲ့စည်းပြီး နေ့စဉ်ထွက်လာတဲ့ အမှိုက်တွေ သိမ်းဆည်းပါတယ်။ အမှိုက်တွေ မသိမ်းဆည်းခင် ဆေးဖျန်းတာတွေလုပ်တယ်။ အလုံပိတ်ယာဉ်တွေနဲ့တင်ပြီး အမှိုက်စွန့်ပစ်ရတဲ့နေရာတွေမှာ မီးရှို့ဖျက်ဆီးတယ်။ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူတွေကို ဆေးရုံတွေက သွားသယ်တာတွေ မီးသင်္ဂြိုဟ်တာတွေ လုပ်တဲ့အခါမှာလည်း တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံ ဝတ်ဆင်ပြီးမှ ဆောင်ရွက်တာပါ။ ရန်ကုန်မှာသေဆုံးရင် ထိန်ပင်မှာ သင်္ဂြိုဟ်ပေးပါတယ်။ ဖောင်ကြီးမှာသေဆုံးရင် ဖောင်ကြီးမှာရှိတဲ့ မီးသင်္ဂြိုဟ်စက်မှာပဲ သင်္ဂြိုဟ်ပေးပါတယ်” ဟု ဒေါက်တာအောင်မြင့်မော်က ဆက်လက်ပြောကြားသည်။

ရန်ကုန်မြို့ရှိ ကန့်သတ်စောင့်ကြည့်စင်တာများ၊ ဆေးရုံ၊ ဆေးခန်းများနှင့် နေအိမ်တွင်နေထိုင်ရေးအစီအစဉ်တွင် သတ်မှတ်ထားသည့် နေရာများမှ နေ့စဉ်ထွက်ရှိလာသည့် အမှိုက်တန်ချိန် ၄၀ ကျော်ကို လှိုင်သာယာမြို့နယ် ထိန်ပင်သုသာန်နှင့် ဖောင်ကြီးရှိ အမှိုက်မီးရှို့စက်တွင်ထည့်ကာ မီးရှို့ဖျက်ဆီးလျက်ရှိကြောင်း ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သိရသည်။

**သတင်း-မင်းသစ်(MNA)၊ဓာတ်ပုံ-အောင်မြင့်မော်**

# ကိုဗစ်-၁၉ ကောက်နုတ်ချက်နှင့် ထုတ်ပြန်ချက်

## ရောဂါအခြေအနေကို ထိန်းထားနိုင်တယ်ဆိုတာ



ကိုဗစ်ရောဂါနဲ့ပတ်သက်ပြီး နိုင်ငံတကာသတင်းတွေကို လေ့လာမယ်ဆိုရင်လည်း တခြားနိုင်ငံတွေမှာလည်း တော်တော်ပြန့်နေတယ်ဆိုတာတော့ သတိပြုမိမယ်လို့ ထင်ပါတယ်။ ဒုတိယလှိုင်းပေါ့။ တချို့က တတိယလှိုင်းတောင်ရောက်ပြီလို့ ခန့်မှန်းတဲ့သူတွေ ရှိပါတယ်။ တချို့နိုင်ငံတွေမှာတော့ ဒုတိယလှိုင်း၊ တချို့နိုင်ငံတွေမှာတော့ ရောဂါအခြေအနေကို ထိန်းထားနိုင်တယ်။ ရောဂါအခြေအနေကို ထိန်းထားနိုင်တယ်ဆိုတာ ဘာကြောင့်ထိန်းထားနိုင်လဲလို့ ကြည့်လိုက်ရင် နိုင်ငံချမ်းသာတာနဲ့လည်း မဆိုင်ဘူး။ ဆင်းရဲတာနဲ့လည်း မဆိုင်ဘူး။ နောက်ဆုံးကျတော့ ပြည်သူတွေ စည်းကမ်းရှိမှု၊ ပြည်သူတွေ စည်းမျဉ်းစည်းကမ်း လိုက်နာမှုနဲ့ပဲ ဆိုင်တယ်ဆိုတာ ထပ်ပြီး ကျွန်မ သတိပေးပါရစေ။

(Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အောက်တိုဘာ ၂ ရက်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု နောက်ဆုံးအခြေအနေနှင့်စပ်လျဉ်း၍ ပြည်သူများသို့ အစီရင်ခံတင်ပြသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

### (၅-၁၀-၂၀၂၀) ရက်နေ့၊ ညနေ (၄:၀၀)နာရီ

၁။ (၄-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ (၁,၂၉၄) ဦး၏ မြို့နယ်အလိုက် တွေ့ရှိရမှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ပြည်ထောင်စုနယ်မြေ နေပြည်တော် | မြို့နယ် | အတည်ပြုလူနာ (ဦးရေ) |
|---|---|---|---|
| ၁။ | ရန်ကုန်တိုင်းဒေသကြီး | ပန်းဘဲတန်း | ၁၁၅ |
| | | စမ်းချောင်း | ၁၀၁ |
| | | လှိုင်သာယာ | ၉၇ |
| | | မြောက်ဥက္ကလာပ | ၉၂ |
| | | မင်္ဂလာဒုံ | ၅၇ |
| | | တောင်ဥက္ကလာပ | ၅၆ |
| | | သန်လျင် | ၅၆ |
| | | မရမ်းကုန်း | ၄၆ |
| | | မင်္ဂလာတောင်ညွန့် | ၄၀ |
| | | ဒေါပုံ | ၃၉ |
| | | လှိုင် | ၃၇ |
| | | ဒဂုံမြို့သစ် (အရှေ့ပိုင်း) | ၃၃ |
| | | အင်းစိန် | ၂၉ |
| | | သာကေတ | ၂၆ |
| | | ဗဟန်း | ၂၄ |
| | | ဒလ | ၂၃ |
| | | ရွှေပြည်သာ | ၂၂ |
| | | သင်္ဃန်းကျွန်း | ၁၉ |
| | | အလုံ | ၁၄ |
| | | ကြည့်မြင်တိုင် | ၁၂ |
| | | တာမွေ | ၁၂ |
| | | ထန်းတပင် | ၉ |
| | | ဒဂုံမြို့သစ် (တောင်ပိုင်း) | ၉ |
| | | ဒဂုံမြို့သစ် (မြောက်ပိုင်း) | ၈ |
| | | လမ်းမတော် | ၇ |
| | | လသာ | ၇ |
| | | ပုဇွန်တောင် | ၇ |
| | | ဗိုလ်တထောင် | ၇ |
| | | သုံးခွ | ၆ |
| | | ကွမ်းခြံကုန်း | ၆ |
| | | တိုက်ကြီး | ၅ |
| | | ဒဂုံ | ၅ |
| | | ကမာရွတ် | ၄ |
| | | မှော်ဘီ | ၄ |
| | | ရန်ကင်း | ၃ |
| | | ဒဂုံဆိပ်ကမ်း | ၃ |
| | | ကျောက်တံတား | ၁ |
| | | လှည်းကူး | ၁ |
| | | စုစုပေါင်း | ၁,၀၄၂ |
| ၂။ | မန္တလေးတိုင်းဒေသကြီး | ညောင်ဦး** | ၁၃ |
| | | အောင်မြေသာစံ | ၇ |
| | | အမရပူရ** | ၂ |
| | | မြစ်သား** | ၂ |
| | | မိတ္ထီလာ** | ၃ |
| | | သာစည်** | ၁ |
| | | ဝမ်းတွင်း** | ၁ |
| | | တောင်သာ** | ၄ |
| | | မိုးကုတ်* | ၃ |
| | | ပြည်ကြီးတံခွန်** | ၃ |
| | | ပြင်ဦးလွင် | ၂ |
| | | ရမည်းသင်း** | ၁ |
| | | စုစုပေါင်း | ၄၂ |
| ၃။ | ရခိုင်ပြည်နယ် | စစ်တွေ | ၇၄ |
| | | မြောက်ဦး | ၂၉ |
| | | ဘူးသီးတောင် | ၄ |
| | | မောင်တော | ၂ |
| | | ကျောက်ဖြူ | ၂ |
| | | ပုဏ္ဏားကျွန်း | ၁ |
| | | စုစုပေါင်း | ၁၁၂ |
| ၄။ | ပဲခူးတိုင်းဒေသကြီး | ပြည် | ၂ |
| | | ပဲခူး | ၁ |
| | | မင်းလှ | ၁ |
| | | တောင်ငူ | ၁ |
| | | စုစုပေါင်း | ၅ |
| ၅။ | ဧရာဝတီတိုင်းဒေသကြီး | မအူပင် | ၈ |
| | | ဟင်္သာတ | ၁ |
| | | ကန်ကြီးထောင့် | ၁ |
| | | မြန်အောင် | ၁ |
| | | စုစုပေါင်း | ၁၁ |
| ၆။ | မွန်ပြည်နယ် | ရေး | ၁၆ |
| | | သံဖြူဇရပ် | ၃ |
| | | မော်လမြိုင် | ၁ |
| | | သထုံ | ၁ |
| | | မုဒုံ | ၁ |
| | | စုစုပေါင်း | ၂၂ |
| ၇။ | မကွေးတိုင်းဒေသကြီး | မကွေး | ၄ |
| | | ရေနံချောင်း | ၄ |
| | | ဆင်ပေါင်ဝဲ*** | ၂ |
| | | မင်းဘူး | ၂ |
| | | မြို့သစ် | ၁ |
| | | နတ်မောက် | ၁ |
| | | သရက်*** | ၁ |
| | | ပခုက္ကူ | ၁ |
| | | စုစုပေါင်း | ၁၆ |
| ၈။ | နေပြည်တော် | ပုဗ္ဗသီရိ*** | ၃ |
| | | ဇမ္ဗူသီရိ | ၂ |
| | | တပ်ကုန်း** | ၂ |
| | | စုစုပေါင်း | ၇ |
| ၉။ | စစ်ကိုင်းတိုင်းဒေသကြီး | ယင်းမာပင် | ၅ |
| | | တန့်ဆည် | ၄ |
| | | မုံရွာ | ၃ |
| | | ပုလဲ | ၂ |
| | | စုစုပေါင်း | ၁၄ |
| ၁၀။ | တနင်္သာရီတိုင်းဒေသကြီး | ထားဝယ် | ၁၃ |
| | | လောင်းလုံ | ၃ |
| | | ရေဖြူ | ၃ |
| | | သရက်ချောင်း | ၁ |
| | | စုစုပေါင်း | ၂၀ |
| ၁၁။ | ကရင်ပြည်နယ် | ကော့ကရိတ် | ၂ |
| | | ဘားအံ | ၁ |
| | | စုစုပေါင်း | ၃ |
| | (၄-၁၀-၂၀၂၀) ရက်နေ့အတွက် ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | | (၁,၂၉၄) ဦး |

* ရန်ကုန်တိုင်းဒေသကြီးတွင် ဆေးကုသမှုခံယူလျက်ရှိသူဖြစ်ပါသည်။

** ကုန်တင်ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များအား စစ်ဆေးခြင်းမှ တွေ့ရှိသူများဖြစ်ပါသည်။

*** ပြည်ပမှ ပြန်လည်ရောက်ရှိလာပြီး အသွားအလာကန့်သတ်ထားရှိသူများ ဖြစ်ပါသည်။

မှတ်ချက်။ (၄-၁၀-၂၀၂၀) ရက်နေ့တွင် စစ်ဆေးတွေ့ရှိခဲ့သော ဓာတ်ခွဲအတည်ပြုလူနာ (၁,၂၉၄) ဦးတွင် အနံ့မရရှိသူ (၂၅၈) ဦး ပါရှိပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကုန်ကြမ်းယူ၊ ကုန်ချောပေး ဆောင်ရွက်သော လက်ခစားလုပ်ငန်း(CMP) စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်မည့်သူများအား ၈-၁၀-၂၀၂၀ ရက်နေ့မှ ၂၁-၁၀-၂၀၂၀ ရက်နေ့အထိ လုပ်ငန်းခွင် သွားရောက်ခွင့်မပြုကြောင်း ထပ်မံထုတ်ပြန်ကြေညာ

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
အမိန့်အမှတ် ၁၁၃/၂၀၂၀
၁၃၈၂ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၄ ရက်
(၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၅ ရက်)

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေး ဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019–COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အားလုံး (ကိုကိုးကျွန်း မြို့နယ်မပါ)တွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ၂၀-၉-၂၀၂၀ ရက်စွဲပါ အမိန့်အမှတ် ၁၀၇/၂၀၂၀ ဖြင့် ကြေညာခဲ့ပါသည်။

၂။ အဆိုပါ ကြေညာချက် အပိုဒ် ၃။ အပိုဒ်ခွဲ(ဂ)၌ မိမိနေအိမ်တွင်သာ နေထိုင်ရန် စည်းကမ်းချက်များတွင် **ကုန်ကြမ်းယူ၊ ကုန်ချောပေး ဆောင်ရွက်သော လက်ခစားလုပ်ငန်း(CMP)** စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်မည့်သူများအား ၂၄-၉-၂၀၂၀ ရက်မှ ၇-၁၀-၂၀၂၀ ရက်အထိ လုပ်ငန်းခွင် သွားရောက်ခွင့်မပြုရန် သတ်မှတ်ခဲ့ပါသည်။

၃။ သို့ရာတွင် လက်ရှိအခြေအနေ၌ ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ ပိုမိုတွေ့ရှိရခြင်း၊ COVID–19 ရောဂါ ကူးစက်ခံထားရသူဖြစ်သော်လည်း မည်သည့်ရောဂါလက္ခဏာကိုမျှ မပြသေးသဖြင့် ပုံမှန်အတိုင်း သွားလာလှုပ်ရှား လုပ်ကိုင်နေသူများကြောင့် ရောဂါဖြစ်ပွားပျံ့နှံ့မှုနှုန်း မြင့်မားသွားနိုင်ပါသဖြင့် **ကုန်ကြမ်းယူ၊ ကုန်ချောပေး ဆောင်ရွက်သော လက်ခစားလုပ်ငန်း(CMP)** စက်ရုံ၊ အလုပ်ရုံများတွင် တာဝန်ထမ်းဆောင်မည့်သူများအား ၈-၁၀-၂၀၂၀ ရက်နေ့မှ ၂၁-၁၀-၂၀၂၀ ရက်နေ့အထိ လုပ်ငန်းခွင် သွားရောက်ခွင့်မပြုကြောင်း ထပ်မံထုတ်ပြန် ကြေညာလိုက်သည်။

၄။ ဤအမိန့်ကို လိုက်နာရန် ပျက်ကွက်ပါက တည်ဆဲဥပဒေများအရ အရေးယူဆောင်ရွက်မည်ဖြစ်သည်။

**ဒေါက်တာမြင့်ထွေး**
**ပြည်ထောင်စုဝန်ကြီး**

## အောက်တိုဘာ ၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၉၈၇ ဦး တွေ့ရှိ

### COVID–19 ရောဂါစောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၅-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီ

(၄-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀)နာရီမှ (၅-၁၀-၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၈၂၈၅ ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၉၈၇ ဦး တွေ့ရှိရပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

**မြန်မာနိုင်ငံတွင် COVID-19 လူနာ ဖြစ်ပွား၊ သေဆုံးမှုအခြေအနေ(၅-၁၀ -၂၀၂၀) ရက်နေ့၊ ည (၈:၀၀) နာရီအထိ**

| | အသစ် (လွန်ခဲ့သော ၂၄ နာရီအတွင်း) | ယခုအထိ စုစုပေါင်း |
|---|---|---|
| စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | (၈,၂၈၅) ဦး | (၃၃၂,၈၇၅) ဦး |
| COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | (၉၈၇) ဦး | (၁၈,၇၈၁) ဦး |
| ဆေးရုံဆင်းခွင့် ရရှိသူ | (၃၅၃) ဦး | (၅,၅၄၈) ဦး |
| သေဆုံးလူနာ | (၃၂) ဦး | (၄၄၄) ဦး |

- Rapid Antigen Diagnostic Test Kit များဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများနှင့် မြို့နယ်များတွင် ဆက်လက်စစ်ဆေးလျက်ရှိပြီး အဆိုပါစစ်ဆေးမှုများတွင် အနံ့မရရှိသူများလည်း ပါဝင်ပါသည်။

## ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၉၈၇ ဦး ထပ်မံတွေ့ရှိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၈၇၈၁ ဦး ရှိသွားပြီ

**နေပြည်တော် အောက်တိုဘာ ၅**

အောက်တိုဘာ ၄ ရက် ည ၈ နာရီမှ အောက်တိုဘာ ၅ ရက် ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ ၈၂၈၅ ခုအား စစ်ဆေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၉၈၇ ဦး ထပ်မံတွေ့ရှိရသဖြင့် ယနေ့အထိ ရောဂါပိုးရှိသူ စုစုပေါင်း ၁၈၇၈၁ ဦးရှိသွားပြီဖြစ်ကြောင်း၊ ရောဂါပိုးတွေ့ရှိသူ ၁၈၇၈၁ ဦးအနက် သေဆုံးသူ ၄၄၄ ဦးနှင့် ဆေးရုံမှဆင်းခွင့်ပြုခဲ့သူ ၅၅၄၈ ဦးရှိကြောင်း ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သတင်းရရှိသည်။

သတင်းစဉ်

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၇၆၃၈၅၉၆ | ၄၈၄၉၅၃၉ | ၂၁၄၆၂၉ |
| ၂။ | အိန္ဒိယ | ၆၆၂၆၂၉၁ | ၅၅၈၆၇၀၃ | ၁၀၂၇၄၆ |
| ၃။ | ဘရာဇီး | ၄၉၁၅၂၈၉ | ၄၂၆၃၂၀၈ | ၁၄၆၃၇၅ |
| ၄။ | ရုရှား | ၁၂၂၅၈၈၉ | ၉၈၂၃၂၄ | ၂၁၄၇၅ |
| ၅။ | ကိုလံဘီယာ | ၈၅၅၀၅၂ | ၇၆၁၆၇၄ | ၂၆၇၁၂ |
| ၆။ | ပီရူး | ၈၂၈၁၆၉ | ၇၀၆၂၂၃ | ၃၂၇၄၂ |
| ၇။ | စပိန် | ၈၁၀၈၀၇ | စိစစ်ဆဲ | ၃၂၀၈၆ |
| ၈။ | အာဂျင်တီးနား | ၇၉၈၄၈၆ | ၆၃၆၆၇၂ | ၂၁၀၁၈ |
| ၉။ | မက္ကဆီကို | ၇၆၁၆၆၅ | ၅၅၀၀၅၃ | ၇၉၀၈၈ |
| ၁၀။ | တောင်အာဖရိက | ၆၈၁၂၈၉ | ၆၁၄၇၈၁ | ၁၆၉၇၆ |

## မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ် စောင့်ကြပ်ကြည့်ရှုမှု အခြေအနေ

ယနေ့ စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာပေါင်း - ၈၂၈၅

| ယနေ့ ပိုးတွေ့လူနာအသစ် | ယနေ့ သေဆုံးလူနာအသစ် | ယနေ့ ဆေးရုံမှ ဆင်းခွင့်ရသူ |
|---|---|---|
| ၉၈၇ | ၃၂ | ၃၅၃ |

စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း - ၃၃၂၈၇၅

| ပိုးတွေ့လူနာ စုစုပေါင်း | သေဆုံးလူနာ စုစုပေါင်း | ဆေးရုံမှဆင်းခွင့်ရသူ စုစုပေါင်း |
|---|---|---|
| ၁၈၇၈၁ | ၄၄၄ | ၅၅၄၈ |

ကိုးကား - ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန | ၅-၁၀-၂၀၂၀ ရက် ည (၈) နာရီ

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | ဖိလစ်ပိုင် | ၃၂၄၇၆၂ | ၂၇၃၁၂၃ | ၅၈၄၀ |
| ၂။ | အင်ဒိုနီးရှား | ၃၀၇၁၂၀ | ၂၃၂၅၉၃ | ၁၁၂၅၃ |
| ၃။ | စင်ကာပူ | ၅၇၈၁၉ | ၅၇၅၇၅ | ၂၇ |
| ၄။ | မြန်မာ | ၁၈၇၈၁ | ၅၅၄၈ | ၄၄၄ |
| ၅။ | မလေးရှား | ၁၂၈၁၃ | ၁၀၃၄၀ | ၁၃၇ |
| ၆။ | ထိုင်း | ၃၅၉၀ | ၃၃၉၀ | ၅၉ |
| ၇။ | ဗီယက်နမ် | ၁၀၉၇ | ၁၀၂၂ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၂၈၀ | ၂၇၅ | ၀ |
| ၉။ | ဘရူနိုင်း | ၁၄၆ | ၁၄၂ | ၃ |
| ၁၀။ | လာအို | ၂၃ | ၂၂ | ၀ |

# ၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ



နေပြည်တော် အောက်တိုဘာ ၅

၂၀၂၀ ပြည့်နှစ် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိပညာရေးဝန်ကြီးဌာန၌ ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိမ်းကြီးက ယနေ့ အောက်တိုဘာ ၅ ရက်နေ့သည် ကမ္ဘာတစ်ဝန်းလုံးတွင် ဆရာများကို လှိုက်လှိုက်လှဲလှဲ ဂုဏ်ပြုသည့် ကမ္ဘာ့ဆရာများနေ့ဖြစ်ပါကြောင်း၊ သင်ဆရာ မြင်ဆရာ ကြားဆရာများအားလုံးတို့အား ရိုသေစွာဂါရဝပြုအပ်ပါကြောင်း၊ ကမ္ဘာ့နိုင်ငံအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှုသည် ပညာရေးဖွံ့ဖြိုးမှုအပေါ် တည်မှီလျက်ရှိပါကြောင်း၊ နိုင်ငံတစ်နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍ အရည်အသွေးမြင့်မားလာအောင်၊ လူ့စွမ်းအား ဖွံ့ဖြိုးတိုးတက်လာအောင် အဓိက စွမ်းဆောင်ပေးနိုင်သည့် ပုဂ္ဂိုလ်များသည် ကျွမ်းကျင်မှု၊ အသိပညာ၊ အတတ်ပညာ၊ IQ၊ EQ များအတွက် မည်သို့ တစ်သက်တာသင်ယူရမည်ဆိုသည်ကို ဖြန့်ဝေပေးနေကြသည့် မြတ်ဆရာများပင်ဖြစ်ပါကြောင်း၊ ဆရာများသည် နိုင်ငံတစ်နိုင်ငံအတွက် အရည်အသွေးပြည့်ဝသည့် လူငယ်များကို မွေးထုတ်ပေးရုံသာမက ကမ္ဘာတစ်ဝန်းမှာပင်ဖြစ်ဖြစ်၊ နိုင်ငံတစ်နိုင်ငံမှာပင်ဖြစ်ဖြစ် အခက်အခဲအကျပ်အတည်းများ၊ ကပ်ဘေးဒုက္ခများနှင့် ကြုံတွေ့ရသည့်အခါတွင်လည်း အသိပညာဖြန့်ဝေပူးပေါင်းဆောင်ရွက်ပြီး ယင်းအခက်အခဲများ၊ ဘေးဒုက္ခများကို ရင်ဆိုင်ကျော်လွှားနိုင်ရန် ဦးဆောင်မှုပေးကြသူများလည်း ဖြစ်ပါကြောင်း၊ တစ်နည်းအားဖြင့် ဆရာများသည် နိုင်ငံတစ်နိုင်ငံ၏ အနာဂတ်ကို ပုံဖော်ပေးနေကြသူများပင် ဖြစ်ပါကြောင်း၊ ထို့ကြောင့် ကမ္ဘာ့နိုင်ငံအသီးသီးက ဆရာများကို ဂုဏ်ပြုသည့်အနေဖြင့် ကမ္ဘာတစ်ဝန်းတွင် အောက်တိုဘာ ၅ ရက်နေ့ကို ကမ္ဘာ့ဆရာများနေ့အဖြစ် သတ်မှတ်ကျင်းပခဲ့ခြင်း ဖြစ်ပါကြောင်း။

**ဖွံ့ဖြိုးတိုးတက်မှု အဟန့်အတားဖြစ်**

ယနေ့ကမ္ဘာကြီးတွင် စီးပွားရေးအားပြိုင်မှုများ၊ တစ်ဟုန်ထိုး တိုးတက်ပြောင်းလဲလာသည့် နည်းပညာများ၊ ရာသီဥတုပြောင်းလဲမှုများ၊ မသေချာ မရေရာမှုများနှင့် သဘာဝဘေးအန္တရာယ်များ စသည့် စိန်ခေါ်မှုကို ကမ္ဘာ့နိုင်ငံအသီးသီးတွင် ရင်ဆိုင်ကြုံတွေ့နေရပါကြောင်း၊ ပို၍ဆိုးရွားသော စိန်ခေါ်မှုကြီးသည် စီးပွားရေးနှင့် လူ့အဖွဲ့အစည်းများအပေါ် ကြီးမားသည့်ဖိစီးမှုများ ကျရောက်စေသည့် ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါဘေး အကျပ်အတည်းကြီးဖြစ်ပါကြောင်း၊ ၂၀၁၉ ခုနှစ် ကုန်ပိုင်းလောက်က စတင်ခဲ့သည့် ကိုဗစ်-၁၉ ကပ်ရောဂါသည် ယခု ၂၀၂၀ ပြည့်နှစ် တစ်နှစ်လုံးတွင် အလုပ်အကိုင်နှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းဆုံးရှုံးမှုများ၊ ဆင်းရဲနွမ်းပါးမှုများကို ဆိုးဆိုးရွားရွား ဖြစ်ပေါ်စေခဲ့ပါကြောင်း၊ ပညာရေးကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း ကြီးမားသည့်အဟန့်အတားဖြစ်စေခဲ့ပါကြောင်း၊ ကပ်ရောဂါဆိုးကြီး စတင်ခဲ့ပြီး ကိုးလကြာကာလအတွင်း ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါပိုးရှိသူ ၃၅ သန်းကျော်ရှိလာကာ ရောဂါပိုးရှိပြီး ပိုးတွေ့လူနာ သေဆုံးသူဦးရေ တစ်သန်းကျော် ရှိလာခဲ့ပြီဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင်လည်း ဓာတ်ခွဲအတည်ပြုလူနာ ၁၇၇၉၄ ဦးရှိလာ၍ သေဆုံးသူ ၄၁၂ ဦးရှိပါကြောင်း၊ယခုလို ကမ္ဘာကြီးကို စိန်ခေါ်နေသည့် ကပ်ရောဂါဘေးဆိုးကြီးကို ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံတို့က စုစည်းညီညွတ်သည့် မိသားစုစိတ်ဓာတ်ဖြင့် ကျော်လွှားနိုင်ရန် ကြိုးပမ်းလျက်ရှိပါကြောင်း၊ ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့ကြီး၏ အထူးအေဂျင်စီကြီးများဖြစ်သည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၊ ကုလသမဂ္ဂပညာရေး၊ သိပ္ပံနှင့်ယဉ်ကျေးမှုအဖွဲ့-ယူနက်စကို (UNESCO)၊ ကုလသမဂ္ဂ အပြည်ပြည်ဆိုင်ရာကလေးများရန်ပုံငွေအဖွဲ့(UNICEF)၊ အပြည်ပြည်ဆိုင်ရာအလုပ်သမားရေးရာအဖွဲ့ (ILO)၊ ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)စသည့် အဖွဲ့အစည်းအသီးသီးကလည်း မိမိတို့နှင့်သက်ဆိုင်သည့် ကဏ္ဍကနေပြီး ကပ်ဘေးဆိုးကြီးကို ကျော်လွှားနိုင်ရန် အစွမ်းကုန်ကြိုးပမ်းလျက်ရှိကြပါကြောင်း၊ မိမိတို့နိုင်ငံတွင်လည်း ကျန်းမာရေး၊ နည်းပညာ၊ ဝိဇ္ဇာသိပ္ပံ၊ နည်းပညာနှင့် သက်မွေး၊ အခြေခံပညာစသည့် နယ်ပယ်အသီးသီးက ဆရာများ၏ ဦးဆောင်မှုဖြင့် ကပ်ဘေးများကိုကျော်လွှားပြီး အနာဂတ်ကို ပုံဖော်တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း၊ ယခုလို အခြေအနေအချိန်အခါတွင် ကပ်ဘေးရန်ကို ကျော်လွှားပြီး အနာဂတ်နိုင်ငံတော်ကို ပုံဖော်ကြရမည့် ဆရာများ၏ အခန်းကဏ္ဍကို မြှင့်တင်သည့်အနေဖြင့် "ဦးဆောင်ကျော်လွှား ကပ်ဘေးများ၊ အနာဂတ် ပုံဖော် ဆရာများ" (Teachers: Leading in crisis, reimagining the future) ဆိုသည့် ဆောင်ပုဒ်သည် ယခုနှစ်ကမ္ဘာ့ဆရာများနေ့၏ ဆောင်ပုဒ်အဖြစ် ထွက်ပေါ်လာခဲ့ခြင်းဖြစ်ပါကြောင်း။

လူ့ဘောင်လောကအတွင်း အချိန်အခါ နေရာဒေသမရွေး ဆရာအတတ် ဆရာအလုပ်နှင့် အသက်မွေးဝမ်းကျောင်းပြုရခြင်းသည် သမ္မာအာဇီဝဖြစ်ပြီး အင်မတန်မွန်မြတ်သည့် ဂုဏ်တစ်ရပ်ဖြစ်ပါကြောင်း၊ မြန်မာ့လူ့ဘောင်တွင်လည်း မြန်မာ့ယဉ်ကျေးမှု ဓလေ့ထုံးစံအရ "သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ" ဟူ၍ရှိပြီး ဆရာဟူသမျှကို အစဉ်လေးစားကြည်ညို၊ ရိုသေကိုင်းရှိုင်းကြခြင်းဖြစ်ပါကြောင်း၊ ဆရာများကို အနန္တောအနန္တဂိုဏ်းဝင် ကျေးဇူးရှင်အဖြစ်တန်းတူတန်ဖိုးထားလေးစား သတ်မှတ်ထားကြခြင်းဖြစ်ပါကြောင်း၊ ဆရာများသည် အများ၏ စံပြုထိုက်သူ၊ အများကို ဦးစီးဦးဆောင်ပြုနိုင်သူများအဖြစ် အသိအမှတ်ပြုထားကြပါကြောင်း။

ကပ်ဘေးများကျော်လွှားပြီး အနာဂတ်နိုင်ငံတော်ကို အဘက်ဘက်က ပြန်လည်တည်ဆောက်ကြရာတွင် ပညာရေးသည် အရေးပါသည့်အခန်းကဏ္ဍက ရှိနေမည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်၏ အနာဂတ်ကို ပုံဖော်ကြမည့် ဆရာများသည် ကျန်းမာရေးကောင်းမွန်ပြီး ပညာရည်၊ နှလုံးရည်ပြည့်ဝနေရန် လိုအပ်ပါကြောင်း၊ ပညာရေးတွင် ဆရာများ၏အရေးကြီးပုံနှင့်ပတ်သက်၍ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က "ပညာရေးလုပ်ငန်းရဲ့ သော့ချက်အကျဆုံးနေရာမှာ ရှိသူများကတော့ ဆရာများ ဖြစ်ပါတယ်။ ဆရာတွေဆိုတာ ပညာပြည့်ဝ နှလုံးလှဖို့လိုပါတယ်။ ပညာဆိုတာ လက်ဆင့်ကမ်းတဲ့အရာဖြစ်ပါတယ်။ လက်ဆင့်ကမ်းရာမှာ ဦးနှောက်နဲ့ရော နှလုံးသားနဲ့ပါ လက်ဆင့်ကမ်းဖို့ လိုပါတယ်။ ကိုယ့်ရဲ့ အရည်အသွေးကို ပြည့်ဝအောင် တစ်သက်တာ သင်ယူကြိုးစားပြီး ကိုယ်ရဲ့တပည့်တွေကို ကိုယ့်ထက်သာတဲ့သူတွေ ဖြစ်အောင် လုပ်နိုင်စွမ်းရှိစေချင်ပါတယ်။ ဆရာစားမချန်ပါနဲ့။ တကယ့်သိက္ခာရှိတဲ့ ဂုဏ်ရှိတဲ့ဆရာတွေဆိုတာ မိမိတို့ထက် ပိုတော်တဲ့တပည့်တွေကို မွေးထုတ်ပေးနိုင်တဲ့ ဆရာ ဆရာမတွေပဲဖြစ်ပါတယ်။ ပညာရေးစီမံခန့်ခွဲသူတွေနဲ့ ဆရာ ဆရာမတွေဟာ ဦးဆောင်လမ်းပြနိုင်မှုအရည်အသွေး၊ စီမံခန့်ခွဲမှုအရည်အသွေး ပြည့်ဝနေဖို့လည်း အစဉ်ကြိုးစားစေချင်ပါတယ်"ဟု ၂၀၁၈ ခုနှစ် ဒီဇင်ဘာလတွင် ကျင်းပခဲ့သည့် ပညာရေးဝန်ကြီးဌာန ပညာရေးဖွံ့ဖြိုးတိုးတက်မှု အကောင်အထည်ဖော်ရေး နှီးနှောဖလှယ်ပွဲ (အခြေခံပညာကဏ္ဍ) တွင် မိန့်ကြားခဲ့ပါကြောင်း။

**စံနမူနာပြ အသိအမှတ်ပြုခံယူ**

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကမ္ဘာပေါ်တွင် ပညာသင်ယူနေကြသည့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၁ ဒသမ ၆ ဘီလီယံနှင့် အခြေခံပညာ ဆရာ ဆရာမ စုစုပေါင်း ၆၃ သန်းတို့ကို ထိခိုက်နစ်နာစေပါကြောင်း၊ ကိုဗစ်-၁၉ ကပ်ဘေးအလွန်ကာလ နိုင်ငံတော်၏ အနာဂတ်သည် ပညာရေးအရည်အသွေး ထိန်းသိမ်းမြှင့်တင်ပြီး အရည်အသွေးပြည့်ဝသည့် လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးမည့် ဆရာများအပေါ်တွင် များစွာမူတည်နေပါကြောင်း၊ ဆရာများသည် အတန်းတွင်းမှာသာမက စာသင်ခန်းပြင်ပ ကျောင်းပြင်ပမှာပါ လူငယ်လူရွယ်များကို အသိပညာပေးမည့်သူ၊ ဦးဆောင်လမ်းပြမည့်သူဖြစ်နေရန် လိုပါကြောင်း၊ ဆရာများသည် လူ့အဖွဲ့အစည်းတစ်ခုလုံး၏ စံနမူနာပြပုဂ္ဂိုလ်တစ်ဦးဖြစ်သည်နှင့်အမျှ လူ့အဖွဲ့အစည်းသည် ဆရာ၏ဦးဆောင်လမ်းညွှန်မှုကို တန်ဖိုးထားလေးစားအသိအမှတ်ပြုခံယူမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံ၏အနာဂတ်ကိုပုံဖော်ရာတွင် ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးကဏ္ဍ တိုးတက်မြင့်မားရေး အထူးအစီအစဉ်များကို ချမှတ်ပြီး အလေးပေး လုပ်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် ပညာရေးတွင် မည်သည့်ခွဲခြားမှုမျှ မရှိစေရေး၊ မည်သူတစ်ဦးတစ်ယောက်မျှ မကျန်ရစ်စေရေး၊ ကျောင်းထွက်သူ ပပျောက်ရေးနှင့် သင်ယူမှုမဆုံးရှုံးစေရေးတို့ကို မူဝါဒများ ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် ကျောင်းသားများ၏ စဉ်ဆက်မပြတ် သင်ယူမှုအခွင့်အလမ်းများကို ပံ့ပိုးပေးနိုင်ရန်အတွက် ကာလဒေသအခြေအနေ လိုက်လျောညီထွေရှိသည့် သင်ယူမှုနည်းလမ်းများ(Face-to-face learning, online learning, offline learning, blended learning)ကို အလေးပေးဆောင်ရွက်သွားရမည်ဖြစ်ပါကြောင်း၊ ဆောင်ရွက်ရာတွင် ရုပ်မြင်သံကြားသင်ခန်းစာများကို ပညာရေးဝန်ကြီးဌာန၏ ပညာရေးအစီအစဉ်(Education Channel)မှလည်းကောင်း၊ အွန်လိုင်းသင်ခန်းစာများကို မြန်မာဒစ်ဂျစ်တယ်ပညာရေးပလက်ဖောင်း (Myanmar Digital Education Platform) မှလည်းကောင်း၊ အင်တာနက်မရနိုင်သည့် ကျောင်းသားများအတွက် DBE Boxes များနှင့်လည်းကောင်း စဉ်ဆက်မပြတ်သင်ယူနိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယင်းအပြင် နိုင်ငံပိုင်ရုပ်သံဌာနဖြစ်သည့် မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ မြန်မာ့အသံနှင့် ပုဂ္ဂလိက ရုပ်မြင်သံကြားအစီအစဉ်များနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယခုလိုဆောင်ရွက်ရာတွင် သင်ကြားပို့ချပေးကြမည့် ဆရာများသည် အဓိကအခန်းကဏ္ဍက ပါဝင်နေမည် ဖြစ်ပါကြောင်း။

**ဆရာများသည် အရေးအကြီးဆုံး**

အနာဂတ်တွင် ဒီမိုကရေစီကျင့်စဉ်နှင့်အညီ အေးချမ်းတည်ငြိမ်ပြီး သာယာဝပြောသည့် နိုင်ငံတော်ကို တည်ဆောက်ရာတွင် ကျောင်းသားလူငယ်များ ၂၁ ရာစု ကျွမ်းကျင်မှုဆိုင်ရာ အရည်အသွေးများ ရရှိအောင် စုပေါင်းတာဝန်ယူတာဝန်ခံပြီး အခက်အခဲများဖြေရှင်း၍ လိုအပ်ချက်များ ဖြည့်ဆည်းပေးနိုင်ရန် စုပေါင်းအားနှင့် ရုန်းကြရမည်ဖြစ်ပါကြောင်း၊ လူငယ်များ အလုပ်အကိုင်ကောင်းများရရှိရေး၊ ပြည်တွင်းပြည်ပ ယှဉ်ပြိုင်နိုင်စွမ်းရှိသည့်လူငယ်များ မွေးထုတ်ပေးနိုင်ရေး၊ လူငယ်များ နည်းပညာဖွံ့ဖြိုးတိုးတက်မှုများ၏ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်မည့် စွမ်းရည်များရှိစေရေး၊ အခြေခံပညာ၊ နည်းပညာနှင့် သက်မွေးပညာနှင့် လေ့ကျင့်ရေး၊ အဆင့်မြင့်ပညာ စသည့် ပညာရေးကဏ္ဍအသီးသီးကို အားဖြည့်မြှင့်တင်ရေးတို့တွင် ဆရာများသည် အရေးအကြီးဆုံး ပုဂ္ဂိုလ်များဖြစ်ကြောင်းကို ပြောကြားလိုပါကြောင်း။

ဆရာများသည် ကျေးဇူးတင်ထိုက်သော ထာဝရဆရာများအဖြစ် တပည့်များ၊ ပညာရေးဝန်ထမ်းများ၊ ပြည်သူများအားလုံးက တန်ဖိုးထား လေးစားအသိအမှတ်ပြုပါကြောင်း၊ ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း နှစ်စဉ် ကမ္ဘာ့ဆရာများနေ့တွင် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ် ဆရာကြီး ဆရာမကြီးများ၊ ခွင့်ရက်မပျက် ဆရာမများကို ဂုဏ်ပြုချီးမြှင့်လျက်ရှိရာ ယခုနှစ်တွင်လည်း ကိုဗစ်အခြေအနေအရ အွန်လိုင်းမှ အသိအမှတ်ပြုကြေညာ၍ ပေးအပ်ချီးမြှင့်သွားရန် စီစဉ်ဆောင်ရွက်ထားပါကြောင်း၊ ဂုဏ်ထူးဆောင်ပုဂ္ဂိုလ် ဆရာမကြီး ဆရာကြီး ၁၄ ဦး၊ ခွင့်ရက်မပျက် ဆရာမ ခြောက်ဦး၊ ၂၀၁၉ ခုနှစ်တွင် ရခိုင်ပြည်နယ်၌ နိုင်ငံတော်၏ လိုအပ်ချက်အရ စစ်တွေတက္ကသိုလ်နှင့် တောင်ကုတ်တက္ကသိုလ်တို့တွင် အဝေးသင်တက္ကသိုလ် အနီးကပ်သင်တန်းပို့ချခြင်း၊ စာမေးပွဲလုပ်ငန်း၊ အောင်စာရင်းလုပ်ငန်းများအတွက် အခက်အခဲများကြားက စွမ်းစွမ်းတမံ သွားရောက်တာဝန်ထမ်းခဲ့ကြသည့် ဒေသအသီးသီးမှ တက္ကသိုလ် ဆရာ ဆရာမ စုစုပေါင်း ၅၅ ဦးတို့ကိုလည်း အွန်လိုင်းမှ အသိအမှတ်ပြုကြေညာ၍ ပေးအပ်ချီးမြှင့်သွားရန် စီစဉ်ဆောင်ရွက်ထားသည်ကို အသိပေးအပ်ပါကြောင်း။

**ရာထူးတိုးအခွင့်အလမ်း**

မြန်မာနိုင်ငံ ပညာရေးဝန်ကြီးဌာနသည် အမျိုးသားပညာရေးမဟာဗျူဟာစီမံကိန်း (၂၀၁၆-၂၀၂၁)၏ ရည်မှန်းချက်ပန်းတိုင်နှင့် မဟာဗျူဟာမြောက်အပြောင်းအလဲ ကိုးရပ်ဖြစ်သည့် မူကြိုနှင့် သူငယ်တန်းပညာရေး၊ အခြေခံပညာရေးအခွင့်အလမ်း၊ အရည်အသွေးနှင့် လူတိုင်းအကျုံးဝင်မှု၊ အခြေခံပညာသင်ရိုးညွှန်းတမ်း၊ ပညာရည်စစ်ဆေးအကဲဖြတ်ခြင်းနှင့် စာမေးပွဲများကျင်းပခြင်း၊ ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှု၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေးနှင့် လေ့ကျင့်ရေး၊ အဆင့်မြင့် ပညာရေးနှင့် စီမံခန့်ခွဲမှု၊ စွမ်းဆောင်ရည်မြှင့်တင်မှုနှင့် အရည်အသွေးအာမခံမှုတို့ကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံပညာကဏ္ဍတွင် ဆရာများအတွက် တတ်ကျွမ်းမှုစံသတ်မှတ်ချက် အညွှန်းဘောင်ကို ပြုစုရေးဆွဲခဲ့ပြီး အညွှန်းဘောင်၏ ပညာရပ်နယ်ပယ် လေးခုဖြစ်သည့် ဆရာအတတ်ပညာဆိုင်ရာ အသိပညာနှင့် နားလည်သဘောပေါက်မှု၊ ဆရာအတတ်ပညာဆိုင်ရာ ကျွမ်းကျင်မှုများနှင့် လက်တွေ့ကျင့်သုံးမှုများ၊ ဆရာအတတ်ပညာဆိုင်ရာ တန်ဖိုးထားမှုနှင့် သဘောထားခံယူချက်များနှင့် ဆရာအတတ်ပညာဆိုင်ရာ စွမ်းဆောင်ရည်ဖွံ့ဖြိုးတိုးတက်မှုဟူ၍ နယ်ပယ်လေးရပ်ကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆရာအတတ်ပညာရေးနှင့် စီမံခန့်ခွဲမှုကဏ္ဍတွင် ပညာရေးကောလိပ် ၂၅ ကျောင်းအား နှစ်နှစ်သင် ပညာရေးကောလိပ်မှ လေးနှစ်သင် ပညာရေးအထူးပြုဘွဲ့ပေးအပ်သော ပညာရေးဒီဂရီကောလိပ်များအဖြစ် အဆင့်တိုးမြှင့်နိုင်ခဲ့ပါကြောင်း၊ ပုံမှန်ရာထူးတိုး အခွင့်အလမ်းများဖြစ်သည့် ပညာအရည်အချင်းနှင့် ဆန္ဒပြုမှုများအရ သတ်မှတ်ချက်ကိုက်ညီသည့် မူလတန်းပြများသည် အလယ်တန်းပြ ရာထူးတိုးလျှောက်ထားနိုင်သလို သတ်မှတ်အရည်အချင်းနှင့်ကိုက်ညီသည့် အလယ်တန်းပြများသည် အထက်တန်းပြ ရာထူးတိုးလျှောက်ထားနိုင်သည့်အပြင် မူလတန်းပညာရေး၊ အလယ်တန်း ပညာရေးများတွင်လည်း ရာထူးတိုး အခွင့်အလမ်းများ ပညာအရည်အချင်းအရ ပိုမိုရွေးချယ်ပိုင်ခွင့်ရှိလာမည်ဖြစ်ပါကြောင်း။

ဘဝတစ်သက်တာတွင် စေတနာ၊ ဝါသနာ၊ အနစ်နာသာမက မေတ္တာ၊ ကရုဏာအပြည့်ဖြင့် တပည့်များကို သင်ကြားပို့ချပေးခဲ့ကြပြီး အငြိမ်းစားယူသွားကြသည့် ဆရာကြီး ဆရာမကြီးများ၊ မိမိတို့တာဝန်ထမ်းရာ ဒေသများတွင် ပညာရေးတာဝန်များကို အခက်အခဲ အမျိုးမျိုးကြားက စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်နေကြသည့် ဆရာ ဆရာမများအားလုံး ကပ်ဘေးအန္တရာယ်ကင်းဝေး၍ ကျန်းမာလုံခြုံမှုရှိကြပါစေ၊ အခက်အခဲများကို ကျော်လွှားပြီး အောင်မြင်မှုများ ဆွတ်ခူးနိုင်ကြပါစေ၊ နှလုံးစိတ်ဝမ်းအေးချမ်းပြီး နိုင်ငံတော် ဖွံ့ဖြိုးရေးလုပ်ငန်းအသီးသီးတွင် မိမိတို့ကျရာအခန်းကဏ္ဍက ပါဝင်အကျိုးပြုနိုင်ကြပါစေ၊ နိုင်ငံတော်နှင့် ပြည်သူများက ကျေးဇူးတင် တန်ဖိုးထားလေးစားခံရသူများ ဖြစ်ကြပါစေဟု ဆန္ဒပြုပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ယူနက်စကို အမျိုးသားကော်မရှင် အတွင်းရေးမှူးချုပ် ဒေါက်တာကြည်ရွှင်က ကုလသမဂ္ဂလက်အောက်ခံအဖွဲ့ ငါးဖွဲ့၏ အဖွဲ့ခေါင်းဆောင်များက ပေးပို့သော စုပေါင်းသဝဏ်လွှာကို ဖတ်ကြားပြီး မြန်မာနိုင်ငံဆရာများအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါက်တာစိုင်းခိုင်မျိုးထွန်းက မြန်မာနိုင်ငံဆရာများအဖွဲ့ချုပ်၏ သဝဏ်လွှာကို ဖတ်ကြားသည်။

ဆက်လက်၍ ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းက ကမ္ဘာ့ဆရာများနေ့အထိမ်းအမှတ် ဂုဏ်ထူးဆောင်ပုဂ္ဂိုလ်ကြီး ၁၄ ဦး၏ ဆောင်ရွက်မှုအကျဉ်းချုပ်၊ ၂၅ နှစ်နှင့်အထက် ကျောင်းတက်မပျက်သော ဆရာမ ခြောက်ဦးနှင့် ရခိုင်ပြည်နယ် ဘူးသီးတောင်မြို့၊ မောင်တောမြို့၊ သံတွဲမြို့နှင့် သကျေ်ာပြင်တို့တွင် အဝေးသင် အနီးကပ်သင်တန်းပို့ချခြင်းနှင့် စာမေးပွဲအောင်စာရင်း လုပ်ငန်းများအတွက် အခက်အခဲများကြားက စွမ်းစွမ်းတမံ သွားရောက်တာဝန်ထမ်းဆောင်ခဲ့သော ဆရာ ဆရာမများ၊ ဝန်ထမ်းများ ၅၅ ဦး၏ အမည်များကို တင်ပြသည်။

ယင်းနောက် ဆရာများအတွက် စံသတ်မှတ်ချက် အညွှန်းဘောင်ဆိုင်ရာ “ရှေ့ဆက်တက်လှမ်း အနာဂတ်လမ်း ပံ့ပိုးကူညီလက်တွဲမည်” ဗီဒီယိုပြသခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့စေရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေး ဆွေးနွေး

**နေပြည်တော် အောက်တိုဘာ ၅**

ကုန်စည်ပို့ဆောင်မှု အဆင်ပြေချောမွေ့စေရေးနှင့် ကုန်စည်ဝင်/ထွက်မှု အခြေအနေ၊ ကုန်ဈေးနှုန်းများဖြစ်ပေါ်မှု အခြေအနေများနှင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးတို့နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် ကျင်းပသည်။



**အခြေခံရိက္ခာပြည့်စုံလုံလောက်စွာရှိ**

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးဒေါက်တာ သန်းမြင့်က ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး အမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်အရ အခြေခံရိက္ခာဖြစ်သည့် ဆန်၊ ဆီ၊ ပဲ၊ ကြက်သွန်စသည့် အခြေခံရိက္ခာလိုအပ်ချက်များကို သုံးသပ်တွက်ချက်ခဲ့ကြောင်း၊ နိုင်ငံတော်အစိုးရနှင့် ကုန်သည်အသင်းအဖွဲ့များ၏ လက်ဝယ်တွင် အခြေခံရိက္ခာများ ပြည့်စုံစွာရှိသည့်အတွက် လက်ရှိ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုအများဆုံးဖြစ်သော ရန်ကုန်တိုင်းဒေသကြီးအတွက်သာမက မြန်မာတစ်နိုင်ငံလုံးအတွက် အခြေခံရိက္ခာပြည့်စုံလုံလောက်စွာ ရှိနေကြောင်း။

ပြည်သူလူထုအနေဖြင့် စားနပ်ရိက္ခာပြတ်လပ်မည်ကို စိုးရိမ်ပူပန်မှုမရှိစေလိုပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသို့ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများမှ ကုန်စည်များ ဝင်ရောက်သလို ရန်ကုန်တိုင်းဒေသကြီးမှလည်း အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ ကုန်စည်များ ဖြန့်ဖြူးလျက်ရှိကြောင်း၊ လုပ်ငန်းဆိုင်ရာများ များပြားသည့်အတွက် အားနည်းချက်၊ ချို့ယွင်းချက်များရှိသော်လည်း အမြန်ဆုံး ညှိနှိုင်းပူးပေါင်းဖြေရှင်းနိုင်ခဲ့ကြောင်း၊ ကုန်စည်စီးဆင်းမှုမှန်ကန်ရေး၊ ကုန်စည်မပြတ်လပ်စေရေး၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် အခက်အခဲများကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ အသင်းအဖွဲ့များအနေဖြင့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်း တင်ပြပေးစေလိုကြောင်းနှင့် ဆောင်ရွက်သင့်သည့်အကြံပြုချက်များကိုလည်း တင်ပြပေးစေလိုပါကြောင်း ပြောကြားသည်။

**တည်ငြိမ်လျက်ရှိ**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရန်ကုန်မြို့ရှိ မြို့နယ် ၄၄ မြို့နယ်အတွင်း ကုန်စည်စီးဆင်းမှုကို ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် သက်ဆိုင်ရာအသင်းအဖွဲ့များ နေ့စဉ်ညှိနှိုင်းဖြေရှင်းဆောင်ရွက်နေသည့်အတွက် မြို့နယ်များရှိ လက်လီဆိုင်များသို့ အခြေခံစားသောက်ကုန်များဖြန့်ဖြူးမှုမှာ အခက်အခဲမရှိကြောင်းနှင့် အခြေခံစားကုန်ဈေးနှုန်းများ တည်ငြိမ်လျက်ရှိကြောင်း၊ ကုန်စည်စီးဆင်းမှု မှန်ကန်မြန်ဆန်ရေးအတွက် ကုန်တင်ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များအား Test Kit များဖြင့် လုံလောက်စွာ စစ်ဆေးနိုင်ရေး၊ ကုန်တင်ယာဉ်များအား ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် ဆောက်လုပ်ရေးဝန်ကြီးဌာန၏ သတ်မှတ်ချက်များနှင့်အညီ ဖြတ်သန်းအသုံးပြုခွင့်ရရှိရေး၊ Test Kit များအား အသုံးပြုပြီး ရောဂါရှာဖွေစစ်ဆေးမှုများကို ပိုမိုဆောင်ရွက်နိုင်ရေးအတွက် အစိုးရအချင်းချင်း(G to G) စနစ်ဖြင့် ဆွေးနွေး၍ စီးပွားရေးလုပ်ငန်းရှင်များအချင်းချင်း(B to B) စနစ်ဖြင့် တင်သွင်းနိုင်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌနှင့် ညီနောင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများက ကဏ္ဍအလိုက် ဆွေးနွေးတင်ပြကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးတို့က ဖြည့်စွက်ဆွေးနွေးကြကာ ပြည်ထောင်စုဝန်ကြီးက ကုန်စည်စီးဆင်းမှုမှန်ကန်မြန်ဆန်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း နိဂုံးချုပ်ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# အိန္ဒိယသမ္မတနိုင်ငံသံရုံး၏ ဆက်ဆံရေးရုံး ဖွင့်ပွဲအခမ်းအနား ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၅**

မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်လျက်ရှိသည့် အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန်၏ ခရီးစဉ်အတွင်း အိန္ဒိယသမ္မတနိုင်ငံသံရုံး၏ ဆက်ဆံရေးရုံးဖွင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ Park Royal ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးစိုးဟန်၊ အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေးအတွင်းဝန် Mr. Harsh Vardhan Shringla နှင့် အိန္ဒိယကိုယ်စားလှယ်အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး Mr. Saurabh Kumar နှင့် မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနမှ အဆင့်မြင့်အရာရှိကြီးများ တက်ရောက်ကြသည်။


အခမ်းအနားတွင် နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ အိန္ဒိယနိုင်ငံခြားရေးအတွင်းဝန်နှင့် မြန်မာနိုင်ငံဆိုင်ရာအိန္ဒိယသံအမတ်ကြီးတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် အိန္ဒိယသံရုံး၏ ဆက်ဆံရေးရုံးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပြီး ဆက်ဆံရေးရုံးအား လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် အရာထမ်းငယ်အခြေခံသင်တန်းများအား Online Learning System ဖြင့် ဖွင့်လှစ်သင်ကြား





**နေပြည်တော် အောက်တိုဘာ ၅**

ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ၂၀၂၀-၂၀၂၁ လေ့ကျင့်ရေးနှစ်အတွက် ဖွင့်လှစ်ရန်ရှိသော သင်တန်းများအနက် ဗဟိုဝန်ထမ်းတက္ကသိုလ်(အထက်မြန်မာပြည်)တွင် အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ်(၈၆)ကိုလည်းကောင်း၊ ဗဟိုဝန်ထမ်းတက္ကသိုလ် (အောက်မြန်မာပြည်)တွင် အရာထမ်းငယ်အခြေခံသင်တန်း အမှတ်စဉ်(၁၁၆)ကိုလည်းကောင်း ယနေ့နံနက်ပိုင်းတွင် Online Learning System ဖြင့် စတင်ဖွင့်လှစ်သည်။

**အွန်လိုင်းစနစ်ဖြင့်သင်ကြား**

ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့် ၂၀၁၉-၂၀၂၀ လေ့ကျင့်ရေးနှစ်အတွက် သင်တန်းများ ဖွင့်လှစ်ဆဲကာလတွင် မတ်လအတွင်း၌ ကိုဗစ်-၁၉ ကူးစက်ရောဂါဖြစ်ပွားလာသဖြင့် မတ် ၁၆ ရက်မှစ၍ ဗဟိုဝန်ထမ်းတက္ကသိုလ်များတွင် ဖွင့်လှစ်ဆဲသင်တန်းများအား ပိတ်သိမ်းခဲ့ပြီး နိုင်ငံ့ဝန်ထမ်းများအား စဉ်ဆက်မပြတ် လေ့ကျင့်သင်ကြားသွားနိုင်ရေးအတွက် Online Learning System ဖြင့် ပြောင်းလဲဖွင့်လှစ် သင်ကြားပို့ချနိုင်ရေး သက်ဆိုင်ရာ အထက်အဖွဲ့အစည်းများ၏ ခွင့်ပြုချက်ရယူ၍ သင်ရိုးညွှန်းတမ်းများ ပြန်လည်ပြင်ဆင်ခြင်း၊ ICT နည်းပညာပိုင်းဆိုင်ရာ သင်တန်းပို့ချမည့် Online Platform များ ရွေးချယ်ခြင်း၊ ပို့ချသူဆရာ ဆရာမများကိုလည်း ICT ဆိုင်ရာ မွမ်းမံသင်တန်းများ ပို့ချပေးခြင်း၊ စမ်းသပ်ချိတ်ဆက်ဆောင်ရွက်ခြင်းများကို ကြိုတင်စီမံဆောင်ရွက်နိုင်စေရန် လုပ်ငန်းစီမံချက်များရေးဆွဲခဲ့ပြီး ယခုကဲ့သို့ Online Learning System ဖြင့် ပထမဦးဆုံး ဖွင့်လှစ်ခဲ့ခြင်းဖြစ်ရာ သင်တန်းကာလမှာ အောက်တိုဘာ ၅ ရက်မှ ၂၈ ရက်အထိ ရက်သတ္တလေးပတ်တွင် ဗဟိုဝန်ထမ်းတက္ကသိုလ်တစ်ခုစီ၌ သင်တန်းသား ၁၀၀ စီဖြင့် တန်းခွဲတစ်ခုလျှင် ၅၀ ပါ တန်းခွဲနှစ်ခုစီခွဲကာ သင်ကြားသွားမည်ဖြစ်သည်။ ယခုသင်တန်းတွင် ဝန်ကြီးဌာန/ အဖွဲ့အစည်း ၂၉ ခုမှ ဒုတိယဦးစီးမှူး၊ အငယ်တန်းအင်ဂျင်နီယာ-(၂)၊ စာရင်းကိုင်-(၂) ရာထူးနှင့် အဆင့်တူ သင်တန်းသား သင်တန်းသူများကို အွန်လိုင်းစနစ်ဖြင့် ဆက်သွယ်သင်ကြားမည်ဖြစ်ကြောင်း သိရသည်။

သင်ကြားမည့် ဘာသာရပ်များအနေဖြင့် စီမံခန့်ခွဲမှုပညာဘာသာရပ်၊ စီးပွားရေးပညာဘာသာရပ်၊ ဥပဒေပညာဘာသာရပ်၊ လူမှုရေးသိပ္ပံဘာသာရပ်၊ နိုင်ငံရေးသိပ္ပံဘာသာရပ်၊ အင်္ဂလိပ်စာဘာသာရပ်နှင့် သတင်းအချက်အလက်နှင့် ဆက်သွယ်ရေးနည်းပညာဘာသာရပ်တို့ဖြစ်ပြီး ဆရာ၊ ကျောင်းသား အပြန်အလှန်ဆွေးနွေးခြင်း (Interactive Learning) အတွက် Zoom Cloud Meetings ကိုလည်းကောင်း၊ သင်ခန်းစာများသင်ယူခြင်း၊ ဆွေးနွေးမေးမြန်းခြင်းနှင့် ကိုယ်တိုင်လေ့လာခြင်းတို့အတွက် Google Classroom ကိုလည်းကောင်း အသုံးပြုသွားမည်ဖြစ်သည်။

**အကျိုးကျေးဇူးများရရှိ**

သင်တန်းသားများအတွက် အွန်လိုင်းမှ သင်တန်းတက်ရောက်ရာတွင် လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်အဆင့်ဆင့် (Trainers' Manual နှင့် Solution Manual) ကို ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ Website (www.ucsb.gov.mm) တွင် လည်းကောင်း၊ Study Materials များဖြစ်သည့် Video File၊ Power Point File၊ PDF File နှင့် References and Resources တို့ကို ဗဟိုဝန်ထမ်း တက္ကသိုလ်နှစ်ခု၏ Google Classroom များ၌လည်းကောင်း လွှင့်တင်ထားပြီး သင်တန်းကာလအတွင်း သင်တန်းသားများအတွက် Mobile Data အသုံးပြုရန် တစ်ရက်လျှင် ကျပ် ၂၀၀၀ စီကို ပြည်ထောင်စုရာထူးဝန်အဖွဲ့မှ ထောက်ပံ့ပေးမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရာထူးဝန်အဖွဲ့အနေဖြင့်လည်း အဆိုပါသင်တန်းပြီးမြောက်သည့်အခါတွင် သင်တန်းကာလအတွင်း ရင်ဆိုင်ကြုံတွေ့ရသည့် အခက်အခဲများကို ပြန်လည်ဆန်းစစ်ကာ ကျန်ရှိသည့်သင်တန်းများကိုလည်း အလားတူ Online Learning System အသုံးပြု၍ စဉ်ဆက်မပြတ် ဆက်လက်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ယခု အရာထမ်းငယ်အခြေခံသင်တန်းများကို Online Learning System ဖြင့် ပြောင်းလဲပို့ချနိုင်သည့်အတွက် နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လတ်တလောဖြစ်ပွားလျက်ရှိသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကပ်ရောဂါ ကိုဗစ်-၁၉ ကူးစက်ပျံ့နှံ့မှုဖြစ်စဉ်အား ရှောင်ရှား၍ သင်ယူနိုင်ပြီး ICT နည်းပညာများကို ပိုမိုအသုံးပြုနိုင်ခြင်းအကျိုးကျေးဇူးများရရှိနိုင်မည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ယခုနှစ် ဆေးပညာဆိုင်ရာ နိုဘယ်လ်ဆု အသည်းရောင်ရောဂါ(စီ)ဗိုင်းရပ်စ်ပိုး ရှာတွေ့သူ သိပ္ပံပညာရှင် သုံးဦးရရှိ




**စတော့ဟုမ်း အောက်တိုဘာ ၅**

ယခုနှစ်အတွက် ဆေးပညာဆိုင်ရာနိုဘယ်လ်ဆုကို သိပ္ပံပညာရှင်သုံးဦးက စုပေါင်းရရှိသွားကြောင်း ယနေ့သတင်းများအရ သိရသည်။

**ချီးမြှင့်ခံရ**

ဟာဗေးဂျေအော်တာ၊ မိုက်ကယ်ဟောင်တန်နှင့် ချားလီးအမ်ရိုက်စ်တို့သည် အသည်းရောင်ရောဂါ(စီ) ဗိုင်းရပ်စ်ပိုးကို ရှာဖွေတွေ့ရှိခဲ့ခြင်းကြောင့် ၂၀၂၀ ပြည့်နှစ် ဆေးပညာနိုဘယ်လ်ဆုကို ချီးမြှင့်ခြင်းခံခဲ့ရသည်။

အသည်းရောင်ရောဂါသည် အသည်းခြောက်ခြင်းနှင့် အသည်းကင်ဆာရောဂါများကို ဖြစ်ပွားစေသည့် ကမ္ဘာတစ်ဝန်း၌ အဖြစ်များသော ရောဂါတစ်မျိုးဖြစ်သည်။

အဆိုပါ အသည်းရောင်ရောဂါ(စီ) ဗိုင်းရပ်စ်ပိုးကို ရှာဖွေတွေ့ရှိမှုသည် နာတာရှည်အသည်းရောင် ရောဂါဝေဒနာရှင်များအား ကုသရာတွင် အထောက်အကူဖြစ်စေနိုင်သည်။ ထို့ပြင် သွေးစစ်ဆေးမှုခံယူပြီး အသည်းရောင်ရောဂါ ဖြစ်ပွားနိုင်ဖွယ်ရှိ၊ မရှိကိုလည်း ကြိုတင်သိရှိနိုင်မည်ဖြစ်သည်။ လူသန်းပေါင်းများစွာ၏ အသက်ကို ကယ်တင်ရန် ဆေးဝါးများလည်း ဖော်ထုတ်နိုင်မည်ဖြစ်သည်။

**ဒစ်ဂျစ်တယ်စနစ်ဖြင့် ချီးမြှင့်မည်**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကြောင့် ယခုနှစ်နိုဘယ်လ်ဆုပေးပွဲအခမ်းအနားကို ဒီဇင်ဘာလတွင် အကျဉ်းချုံးကျင်းပမည်ဖြစ်ပြီး ဆုရရှိသူများအား ဒစ်ဂျစ်တယ်စနစ်ဖြင့် ဆုချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း နိုဘယ်လ်ဖောင်ဒေးရှင်းက ပြောကြားခဲ့သည်။

အောက်တိုဘာ ၆ ရက်တွင် ရူပဗေဒဆိုင်ရာ နိုဘယ်လ်ဆု၊ အောက်တိုဘာ ၇ ရက်တွင် ဓာတုဗေဒဆိုင်ရာ နိုဘယ်လ်ဆု၊ အောက်တိုဘာ ၈ ရက်တွင် စာပေဆိုင်ရာ နိုဘယ်လ်ဆု၊ အောက်တိုဘာ ၉ ရက်တွင် ငြိမ်းချမ်းရေးနိုဘယ်လ်ဆုနှင့် အောက်တိုဘာ ၁၂ ရက်တွင် စီးပွားရေးဆိုင်ရာ နိုဘယ်လ်ဆုရရှိသူများ၏ အမည်စာရင်းကို ထုတ်ပြန်ကြေညာပေးမည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား- အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

## အဲအေးရှားလေကြောင်းက ဂျပန်နိုင်ငံအတွင်းရှိ လေကြောင်းပြေးဆွဲမှုများ ရပ်နားမည်

**တိုကျို အောက်တိုဘာ ၅**

ဂျပန်နိုင်ငံအတွင်းပြေးဆွဲနေသော လေယာဉ်ခရီးစဉ်များနှင့် လုပ်ငန်းဆောင်ရွက်မှုများကို ရပ်ဆိုင်းမည်ဖြစ်ကြောင်း အဲအေးရှား(ဂျပန်)က ယနေ့ပြောကြားခဲ့သည်။ ယခုကဲ့သို့ လုပ်ငန်းများကို ရပ်ဆိုင်းရခြင်းမှာ ကိုဗစ်-၁၉ရောဂါ၏ အကျိုးသက်ရောက်မှုများအရ လိုက်ပါစီးနင်းသော ခရီးသည်အရေအတွက် ကျဆင်းသွားသောကြောင့်ဖြစ်သည်ဟု ၎င်းကုမ္ပဏီက ပြောကြားသည်။

အဆိုပါ လေကြောင်းလိုင်းအနေဖြင့် ဧပြီလအတွင်းကပင် အပြည်ပြည်ဆိုင်ရာခရီးစဉ်များနှင့် ပြည်တွင်းခရီးစဉ်များပြေးဆွဲမှုကို ရပ်နားထားခဲ့သည်။

အဲအေးရှား(ဂျပန်)အနေဖြင့် ဂျပန်နိုင်ငံအလယ်ပိုင်းရှိ ချူဘူလေဆိပ်မှ ဆာဘိုရို၊ ဆန်ဒိုင်း၊ ဖူကူအိုကာနှင့် တရုတ်(တိုင်ပေ)တို့သို့ လေကြောင်းခရီးစဉ်များ ပြေးဆွဲနေပြီး အဆိုပါခရီးစဉ်များကို ဒီဇင်ဘာ ၅ ရက်မှစတင်ပြီး ရပ်နားသွားမည်ဟု သိရသည်။

မိမိတို့လေကြောင်းလိုင်းသည် စရိတ်နည်း လေကြောင်းလိုင်းအနေဖြင့် ပြေးဆွဲခဲ့သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါအပြီးကာလတွင် ရပ်တည်နိုင်ရေးအတွက် အကျပ်အတည်းများဖြင့် ကြုံတွေ့နေရကြောင်း အဲအေးရှား(ဂျပန်)က ပြောကြားသည်။ **ကိုးကား-အင်န်အိတ်ချ်ကေ၊ ဘာသာပြန်-စိုးသူရ**




# ဖိလစ်ပိုင်နိုင်ငံ၌ အွန်လိုင်းစနစ်ဖြင့် သင်ယူရန် ကျောင်းသား ၆၀ ရာခိုင်နှုန်း အင်တာနက်လိုင်းချိတ်ဆက်နိုင်မှု မရှိသေး

**မနီလာ အောက်တိုဘာ ၅**

ဖိလစ်ပိုင်နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကြောင့် ကျောင်းသားကျောင်းသူများအား အွန်လိုင်းသင်ခန်းစာများဖြင့် သင်ကြားပို့ချမှုကို ယနေ့စတင်လျက်ရှိသည်။ သို့သော် ကျောင်းသား ကျောင်းသူ ၆၀ ရာခိုင်နှုန်းသည် အင်တာနက်ချိတ်ဆက်နိုင်မှုမရှိသည့်အတွက် အွန်လိုင်းသင်ခန်းစာများဖြင့် သင်ကြားပို့ချခြင်းသည် ကျောင်းသား ကျောင်းသူများအကြား သာတူညီမျှမှုမရှိကြောင်း စောဒကတက်မှုများ မြင့်တက်လျက်ရှိသည်။




နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုကြောင့် မတ်လမှစပြီး ယခုအချိန်အထိ စာသင်ကျောင်းပိတ်ထားခဲ့ပြီး မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူများအား အွန်လိုင်းသင်ခန်းစာများဖြင့် သင်ကြားမှုကို ယနေ့စတင်ပို့ချကြောင်း သိရသည်။

မြို့တော် မနီလာအပြင်ဘက်၌ နေထိုင်သော အထက်တန်းကျောင်းသူ ဂျက်ဇ်ဝွေနက် ပါဒီလိုက "ဒီမနက်မှာ အွန်လိုင်းသင်ခန်းစာတွေ လေ့လာသင်ယူနိုင်ဖို့ သူရဲ့အိမ်မှာ အင်တာနက်လိုင်းချိတ်ဆက်ခဲ့တယ်"ဟု ပြောကြားခဲ့သည်။

သို့သော် ကျောင်းသား မာဗင်ဂျာရိက သူ၏ဖခင်သည် ဆောက်လုပ်ရေးအလုပ်သမားတစ်ဦးဖြစ်သည့်အတွက် ၎င်းတို့အိမ်၌ အင်တာနက်လိုင်းချိတ်ဆက်ရန် မတတ်နိုင်သောကြောင့် ကျောင်းမှပေးသော ပြဋ္ဌာန်းစာအုပ်များကိုသာ အဓိကထားအသုံးပြုပြီး သင်ခန်းစာများကို လေ့လာကျက်မှတ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

ဖိလစ်ပိုင်နိုင်ငံရှိ ကျောင်းသားကျောင်းသူ ၆၀ ရာခိုင်နှုန်းသည် အွန်လိုင်းသင်ခန်းစာများကို လေ့လာသင်ယူရန် အင်တာနက်လိုင်းများ ချိတ်ဆက်နိုင်ခြင်း မရှိသေးကြောင်း ဖိလစ်ပိုင် ပညာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်- အောင်ကျော်ကျော်**

# လာမည့်နှစ် ဇူလိုင်လမတိုင်မီ ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ သန်း ၅၀၀ ရရှိရေး အိန္ဒိယနိုင်ငံ ကြိုးပမ်း

**နယူးဒေလီ အောက်တိုဘာ ၅**

ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုများ မြင့်တက်နေလင့်ကစား ပြည်သူ သန်း ၂၅၀ ခန့်ကို ကာကွယ်ဆေးထိုးပေးရန် လာမည့်နှစ် ဇူလိုင်လမတိုင်မီ ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ သန်း ၅၀၀ အထိရရှိရန် အိန္ဒိယနိုင်ငံက မျှော်လင့်ကြောင်း ကျန်းမာရေးဝန်ကြီး ဟက်ရှ်ဗာဒန်က ပြောကြားလိုက်သည်။

**ကြိုးပမ်းလုပ်ဆောင်**

အိန္ဒိယနိုင်ငံ၌ ဗိုင်းရပ်စ်ကူးစက်မှု ၆ ဒသမ ၅၅ သန်းအထိ ရှိလာခဲ့ပြီး လွန်ခဲ့သော ၂၄ နာရီအတွင်း ကူးစက်ခံရသူ ၇၅၈၂၉ ဦးအထိ မြင့်တက်လာခဲ့ကာ သေဆုံးသူ ၁၀၁၇၈၂ ဦးရှိကြောင်း သိရသည်။ ဗိုင်းရပ်စ်ကာကွယ်ဆေးများရရှိနိုင်ရန် အဆင့်မြင့်ပညာရှင်များအဖွဲ့က ကြိုးပမ်းလုပ်ဆောင်လျက်ရှိကြောင်း ဗာဒန်က တွစ်တာလူမှုကွန်ရက်၌ ရေးသားခဲ့သည်။ "ကျွန်တော်တို့ရဲ့ ရည်မှန်းချက်က ၂၀၂၁ ခုနှစ် ဇူလိုင်မတိုင်မီ ဗိုင်းရပ်စ်ကာကွယ်ဆေးအလုံးရေ သန်း ၄၀၀ ကနေ သန်း ၅၀၀ အထိရရှိရေး ဖြစ်ပါတယ်"ဟု ၎င်းက ဆိုသည်။

ပြည်သူသန်း ၁၃၀၀ အတွက် ဗိုင်းရပ်စ်ကာကွယ်ဆေးများရရှိရန် Serum Institute of India နှင့် ပုဂ္ဂလိကကုမ္ပဏီများက Bill & Melinda Gates Foundation၊ အမေရိကန်ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီ Novavax Inc ကဲ့သို့သော အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

**မျှမျှတတခွဲဝေ**

အိန္ဒိယနိုင်ငံက ဗိုင်းရပ်စ်ကာကွယ်ဆေးရရှိရေး အချိန်ဇယားများ၊ ဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီများ၏ ကတိကဝတ်များအပါအဝင် ဗိုင်းရပ်စ်ကာကွယ်ဆေး ထောက်ပံ့ရေးလမ်းကြောင်းများ စုံစမ်းရန် ကော်မတီများ ဖွဲ့စည်းခဲ့ကြောင်း ဗာဒန်က ပြောသည်။ ဗိုင်းရပ်စ်ကာကွယ်ဆေးများရရှိလာခဲ့လျှင် မျှမျှတတ ခွဲဝေမှုပြုလုပ်မည့် အစီအမံများဆောင်ရွက်ရန် ဗဟိုအစိုးရက သန္နိဋ္ဌာန်ချထားကြောင်း ၎င်းက ဆိုသည်။

ကိုရိုနာဗိုင်းရပ်စ်ကာကွယ်ဆေး ဖြန့်ဖြူးရေးဆောင်ရွက်ရာတွင် ယခုလမကုန်မီ ကျန်းမာရေးလုပ်သားများကဲ့သို့ အရေးပါသောဝန်ထမ်းများစာရင်း ပြုစုပြင်ဆင်ရန် ကျန်းမာရေးဝန်ကြီးဌာနက ရည်မှန်းထားသည်။

**ကိုးကား-သည်စထရိတ်တိုင်းမ်**
**ဘာသာပြန်-ကျော်ထိုက်စိုး**



# ထိုင်းအစိုးရက ဗိုင်းရပ်စ်ကာကွယ်ဆေးများ ဝယ်ယူရန် ထိုင်းဘတ်ငွေ ၂ ဒသမ ၉၃ ဘီလီယံ ကြိုတင်လျာထား

**ဗန်ကောက် အောက်တိုဘာ ၅**

ထိုင်းနိုင်ငံ အမျိုးသားကာကွယ်ဆေးဝယ်ယူရေးကော်မတီက လာမည့်နှစ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၆၆ သန်း ဝယ်ယူရန် ဘတ် ၂ ဒသမ ၉၃ ဘီလီယံ ကြိုတင်လျာထားရန် စီစဉ်နေကြောင်း ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာဖန်ပရာဖာရန်ထရာကူလ်က ယနေ့ ပြောကြားသည်။

ဗိုင်းရပ်စ်ကာကွယ်ဆေး အလုံးရေ ၆၆ သန်းက ထိုင်းပြည်သူ ၃၃ သန်း သို့မဟုတ် နိုင်ငံ့လူဦးရေ ၅၀ ရာခိုင်နှုန်းအတွက် ကာမိစေမည်ဖြစ်သည်။ ပြည်သူ့ကျန်းမာရေးဝန်ကြီး အနူတင်ချန်ဗီရာကူးလ် ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော အဆိုပါကော်မတီက နည်းလမ်းနှစ်ရပ်ဖြင့် ဗိုင်းရပ်စ်ကာကွယ်ဆေးများ ရရှိရေးဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ကြောင်း ၎င်းက ပြောသည်။ ပထမနည်းလမ်းမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကပ်ရောဂါ ကြိုတင်ပြင်ဆင်ရေးညွှန့်ပေါင်းအဖွဲ့နှင့် ကာကွယ်ဆေးမဟာမိတ်အဖွဲ့တို့က ကြီးကြပ်ဆောင်ရွက်သည့် Covax Campaign မှတစ်ဆင့် ထိုင်းပြည်သူ ၂၀ ရာခိုင်နှုန်းအတွက် ဗိုင်းရပ်စ်ကာကွယ်ဆေးရရှိရေး ဆောင်ရွက်မည်ဖြစ်သည်။

ဒုတိယနည်းလမ်းမှာ တတိယအဆင့် လူသားစမ်းသပ်မှုများ လုပ်ဆောင်နေသည့် အမေရိကန်၊ တရုတ်၊ ဗြိတိန်နှင့် ရုရှားနိုင်ငံရှိ ကာကွယ်ဆေးကုမ္ပဏီ ၁၀ ခုထံမှ ဝယ်ယူရေးဖြစ်ကြောင်း ၎င်းက ဆိုသည်။ လာမည့်နှစ်တွင် ဗိုင်းရပ်စ်ကာကွယ်ဆေး အသင့်ရရှိမည်ဟု မျှော်မှန်းပါကြောင်း၊ လူတိုင်း ကာကွယ်ဆေးနှစ်လုံး ထိုးရမည်ဖြစ်ကြောင်း၊ ထိုင်းပြည်သူများအတွက် ဗိုင်းရပ်စ်ကာကွယ်ဆေးများရရှိရေး ယခုလနှောင်းပိုင်းတွင် ဆွေးနွေးမည်ဖြစ်ကြောင်း အမျိုးသားကာကွယ်ဆေးသိပ္ပံမှ ညွှန်ကြားရေးမှူး ဒေါက်တာနခွန်ပရမ်ဆရီက ပြောသည်။

အန္တရာယ်အကြီးမားဆုံး ရင်ဆိုင်နေရပြီး တိုင်းပြည်၏ ပြည်သူ့ကျန်းမာရေးစနစ်အတွက် အရေးပါသည့် ကိုဗစ်-၁၉ ရောဂါတိုက်ဖျက်ရေးတွင် ရှေ့မျက်နှာစာမှပါဝင်နေသည့် ကျန်းမာရေးဝန်ထမ်းကဲ့သို့သော ဦးစားပေးအုပ်စုများအတွက် ကာကွယ်ဆေးကို ပထမဆုံး ထိုးပေးမည်ဟု ၎င်းက ဆိုသည်။

ကိုးကား - သည်နေးရှင်း၊ ဘာသာပြန် - ကျော်ထိုက်စိုး



ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဒေါက်တာဖန်ပရာဖာရန်ထရာကူလ်



# အင်ဒိုနီးရှား၌ ကိုဗစ်-၁၉ ရောဂါကြောင့် ဆရာဝန် ၁၃၀ သေဆုံး

**ဂျကာတာ အောက်တိုဘာ ၅**

မကြာသေးမီက အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် ဆရာဝန်သုံးဦး ထပ်မံသေဆုံးခဲ့ပြီးနောက် လက်ရှိအချိန်အထိ အဆိုပါရောဂါကြောင့် ဆရာဝန်သေဆုံးသူပေါင်း ၁၃၀ ရှိလာကြောင်း အင်ဒိုနီးရှားဆရာဝန်များအသင်းက ယမန်နေ့တွင် ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် ယခုကဲ့သို့ ကျန်းမာရေးဝန်ထမ်းများ ဆုံးရှုံးမှုသည် နိုင်ငံတော်အတွက် ကြီးမားသော အထိနာမှုတစ်ခုပင်ဖြစ်ကြောင်း ကိုဗစ်-၁၉ ရောဂါလျှော့ချရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ အာရီမူဆူမာက ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသွားသည့် ဆရာဝန် ၁၃၀ အနက် ၆၇ ဦးသည် အထွေထွေရောဂါကုဆရာဝန်များဖြစ်ပြီး ကျန်ဆရာဝန် ၆၁ ဦးသည် အထူးကုဆရာဝန်များဖြစ်ကာ ကျန်နှစ်ဦးသည် အလုပ်တာဝန်ဖြင့်နေထိုင်သော ဆရာဝန်များဖြစ်ကြောင်း သိရသည်။

ထို့အပြင် အင်ဒိုနီးရှား၌ ကိုဗစ်-၁၉ ရောဂါကြောင့် သူနာပြု ၉၂ ဦးလည်း သေဆုံးသွားကြောင်း အင်ဒိုနီးရှားအမျိုးသားသူနာပြုအဖွဲ့က ပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၆၆၂ ဦး တွေ့ရှိခဲ့ရာ ယနေ့အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၀၇၁၂၀ ရှိလာခဲ့သည်။ ထို့အတူ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း ၁၀၂ ဦး ထပ်မံသေဆုံးခဲ့ရာ သေဆုံးသူပေါင်း ၁၁၂၅၃ ဦး ရှိလာကြောင်း သိရသည်။

သို့သော် အင်ဒိုနီးရှား၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၃၃၀၀၀ ကျော်တို့သည် ရောဂါကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းသွားကြောင်း သိရသည်။

ကိုးကား - ဆင်ဟွာ
ဘာသာပြန် - ဂျေတီ

# ရုရှားနိုင်ငံအရှေ့ပိုင်းရှိ ကန်ချက်ကာပင်လယ်၌ ရေနေသတ္တဝါများ သေဆုံး

**မော်စကို အောက်တိုဘာ ၅**

ရုရှားနိုင်ငံအရှေ့ပိုင်းရှိ ကန်ချက်ကာပင်လယ်တွင် ဓာတုဗေဒအဆိပ်များ ပျော်ဝင်နေသည့်အတွက် ရေနေသတ္တဝါများ သေဆုံးလျက်ရှိသောကြောင့် သဘာဝဘေး ကျရောက်နေကြောင်း တာဝန်ရှိသူများက ယနေ့ ပြောကြားခဲ့သည်။

သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့အစည်းဖြစ်သည့် အစိမ်းရောင်ငြိမ်းချမ်းရေးအဖွဲ့က နိုင်ငံအရှေ့ပိုင်း ကန်ချက်ကာကျွန်းဆွယ်အနီးရှိ ပင်လယ်ပြင်၏ ရေအရောင် အဆင်းနှင့် အနံ့ပြောင်းလဲသွားခဲ့ပြီး ရေနေသတ္တဝါများဖြစ်သော ပင်လယ်ဖျံများ၊ ရေဘဝဲများနှင့် ရေခူများ ရာနှင့်ချီ သေဆုံးလျက်ရှိကြောင်း ပြောကြားခဲ့သည်။

အဆိုပါဒေသရှိ ကမ်းခြေများတစ်လျှောက် စစ်ဆေးချက်များအရ ပင်လယ်ရေတွင် စက်မှုလုပ်ငန်းသုံး ဓာတုပစ္စည်းဖြစ်သည့် ဖနော့နှင့် လောင်စာဆီများပါဝင်မှုများပြားနေကြောင်း ဒေသဆိုင်ရာ တာဝန်ရှိသူများက ပြောကြားသည်။ ယခုဖြစ်ရပ်သည် ပင်လယ်တွင်း အဆိပ်သင့်ပစ္စည်းများ ဖိတ်စဉ်မှုများနှင့်ပတ်သက်မှု ရှိ၊ မရှိ ပညာရှင်များက စစ်ဆေးနေသည်။ ဒေသဆိုင်ရာ အုပ်ချုပ်ရေးမှူး ဗလဒီမီယာဆိုလာဒွေ့စ်က အဆိုပါစစ်ဆေးမှုများကို အောက်တိုဘာ ၆ ရက်တွင် အပြီးသတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

**စစ်ဆေးရန် တောင်းဆို**

အဆိုပါ ပင်လယ်ပြင်ရှိ ရေထုမှာ လွန်ခဲ့သောလက အနံ့အရသာပြောင်းလဲသွားကြောင်း ရေလှိုင်းစီးသူများက ပြောကြားသည်။ အစိမ်းရောင်ငြိမ်းချမ်းရေးအဖွဲ့ကလည်း ဒေသတာဝန်ရှိသူများထံ အဆိုပါဖြစ်ရပ်ကို စစ်ဆေးပေးရန် တောင်းဆိုထားကြောင်း ပြောကြားသည်။ အရေးပေါ်လုပ်ငန်းဆိုင်ရာဝန်ကြီးဌာနက မော်တော်ဘုတ်များနှင့် ဒရုန်းယာဉ်များ အသုံးပြုပြီး ကမ်းခြေတစ်လျှောက် စောင့်ကြည့်နေကြောင်း ပြောကြားသည်။

ကိုးကား - အေအက်ဖ်ပီ
ဘာသာပြန် - စိုးသူရ

■



# ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ဘားဆိုင်များနှင့် ကော်ဖီဆိုင်များအား ကိုရိုနာဗိုင်းရပ်စ်ကူးစက်မှုကြောင့် ပိတ်ထားမည်

**ပါရီ အောက်တိုဘာ ၅**

ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ဘားဆိုင်များနှင့် ကော်ဖီဆိုင်များအား မကြာမီရက်သတ္တနှစ်ပတ်မျှ ပိတ်ထားမည်ဖြစ်ကြောင်းနှင့် ထိုကဲ့သို့ ပိတ်ထားရခြင်းမှာ ပါရီမြို့အတွင်း ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများ မြင့်တက်လာခြင်းကြောင့်ဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

နိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ အသွားအလာကန့်သတ်မှုများ ရုပ်သိမ်းခဲ့ပြီးနောက် လအနည်းငယ်အကြာတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ၊ သေဆုံးသူနှင့် ဆေးရုံတက်ရောက်သူများ များပြားလာခဲ့ကြောင်း သိရသည်။ ခပ်ခွာခွာနေရေးစည်းမျဉ်းအသစ်များကိုလည်း အောက်တိုဘာ ၆ ရက်မှ စတင်ကျင့်သုံးမည်ဖြစ်ကြောင်း သိရသည်။ ဘားဆိုင်များနှင့် ကော်ဖီဆိုင်များတွင် လူအများအပြား စုဝေးနေသည်ကို တွေ့ရှိရပြီး နှာခေါင်းစည်းဝတ်ဆင်ရေးဆိုင်ရာ စည်းမျဉ်းများကို ချိုးဖောက်နေကြကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ ထို့အပြင် အစားအသောက်တစ်ခုတည်းကိုသာ ရောင်းချသောဆိုင်များအား တင်းကျပ်သော စည်းမျဉ်းများဖြင့် ဖွင့်ခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

ပါရီဒေသ ကျန်းမာရေးအေဂျင်စီအကြီးအကဲ အော်ရီလိန်းရော်ဆေး က ပြောကြားရာတွင် ဒေသတွင်း၌ ကိုရိုနာဗိုင်းရပ်စ်ဆိုင်ရာ သတိပေးချက်ကို အမြင့်ဆုံးအဆင့်သတ်မှတ်ထားပြီး ဒေသတွင်းရှိ ဆေးရုံများတွင် ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရမှုကြောင့် ဆေးရုံတက်ရောက်နေရသူ ၃၆ ရာခိုင်နှုန်းရှိကြောင်း သိရသည်။ စားသောက်ဆိုင်များတွင် စားသောက်သူများအကြား ထိုင်ခုံအကွာအဝေးကို သုံးပေခန့် ခြားထားပြီး လက်သန့်ဆေးရည်များကိုလည်း ထားရှိပေးထားကြောင်း သိရသည်။

အလုပ်သမားဝန်ကြီး အဲလစ်ဇဘက်ဘော်နီက ပါရီနှင့် ကိုရိုနာဗိုင်းရပ်စ်ဖြစ်ပွားမှုများပြားသောဒေသရှိ အလုပ်သမားများအား မိမိတို့နေအိမ်မှနေ၍ အလုပ်များလုပ်ကိုင်ကြရန် ပြောကြားခဲ့သည်။

ကိုးကား - အေအက်ဖ်ပီ
ဘာသာပြန် - စိုးသူရ

# ကမ္ဘာပေါ်ရှိ လူဦးရေ ၁၀ ရာခိုင်နှုန်းမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရဖွယ်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောကြား




**ဂျီနီဗာ အောက်တိုဘာ ၅**

ကမ္ဘာပေါ်ရှိ လူဦးရေ ၁၀ ရာခိုင်နှုန်းမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံနေရပြီး အကြမ်းဖျင်းအားဖြင့် ၁၀ ဦးလျှင် တစ်ဦးနှုန်း ကူးစက်ခံနေရကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရေးပေါ်ကျန်းမာရေးအစီအစဉ်ဆိုင်ရာ အကြီးအကဲ ဒေါက်တာမိုက်ကယ်ရိုင်ယန်က ယနေ့ ပြောကြားခဲ့သည်။

ယခုရောဂါဖြစ်ပွားမှုအခြေအနေအရ ခက်ခဲသောအချိန်များကို တွေ့ကြုံရလိမ့်မည်ဟုလည်း ၎င်းက ပြောကြားခဲ့သည်။ ကမ္ဘာပေါ်ရှိ လူသားအများစုမှာ ကိုရိုနာဗိုင်းရပ်စ်ဘေးနှင့် ကြုံတွေ့ရဦးမည့်အခြေအနေတွင် ရှိနေကြောင်း ၎င်းက ဆိုသည်။ ကမ္ဘာပေါ်တွင် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုများ မြင့်တက်လျက်ရှိသော်လည်း မကြာမီအချိန်တွင် ကာကွယ်ဆေးများ ပေါ်ပေါက်လာနိုင်မည်ဖြစ်ကြောင်း မိုက်ကယ်ရိုင်ယန်က ပြောကြားသည်။

"ကာကွယ်ဆေးမပေါ်သေးသော်လည်း ကျန်းမာရေးဝန်ထမ်းများရဲ့ ကြိုးစားအားထုတ်မှုကြောင့် လူ့အသက်ပေါင်းများစွာကို ကယ်တင်နိုင်ခဲ့ပါတယ်"ဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင် ၁၉၄ နိုင်ငံ၏ ဘုတ်အဖွဲ့အစည်းအဝေးတွင် လူသားများကို ကိုဗစ်-၁၉ ရောဂါမှ ကာကွယ်ရန် ကြိုးပမ်းခဲ့သော ကျန်းမာရေးလုပ်သားများအား မိနစ်အနည်းငယ် ငြိမ်သက်ဂါရဝပြုနေစဉ်အချိန်အတွင်း ဒေါက်တာမိုက်ကယ်ရိုင်ယန်က ပြောကြားသည်။

အရှေ့တောင်အာရှဒေသတွင် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုများ မြင့်တက်နေသကဲ့သို့ ဥရောပနှင့် မြေထဲပင်လယ်အရှေ့ပိုင်းတွင်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူအရေအတွက် မြင့်တက်လာနေကြောင်း သိရသည်။ "ကျွန်တော်တို့ရဲ့ လောလောဆယ်ခန့်မှန်းချက်တွေအရ ကမ္ဘာ့လူဦးရေရဲ့ ၁၀ ရာခိုင်နှုန်းဟာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရတဲ့ အခြေအနေ တွေ့နေရပါတယ်"ဟု ဒေါက်တာမိုက်ကယ်ရိုင်ယန်က ပြောကြားသည်။

ကိုးကား - ဘလွန်းဘာဂ့်

ဘာသာပြန် - စိုးသူရ

# ထိုင်းဘုရင်က ဘဏ္ဍာရေးဝန်ကြီးသစ်ကို အတည်ပြု

**ဗန်ကောက် အောက်တိုဘာ ၅**

ထိုင်းဘုရင် မဟာဗာဂျီရာလောင်ကွန်းက အက်ခွမ်အမ်ပက်တရာပိုင်ဆစ်ကို ဘဏ္ဍာရေးဝန်ကြီးသစ်အဖြစ် အတည်ပြုခန့်အပ်လိုက်သည်။ ကိုရိုနာဗိုင်းရပ်စ်ကပ်ဘေးသင့် ထိုင်းနိုင်ငံ၏ စီးပွားရေးပြန်လည်ဦးမော့လာစေရန် ဆောင်ရွက်ရမည်ဖြစ်သည်။

အသက် ၆၄ နှစ်အရွယ် အက်ခွမ်က ၂၀၁၄ ခုနှစ် အာဏာသိမ်းမှုအပြီး ဖွဲ့စည်းခဲ့သည့်အစိုးရအဖွဲ့၌ ပို့ဆောင်ရေးဝန်ကြီးဖြစ်ခဲ့သလို ဆယ်စုနှစ်သုံးခုကျော် လုပ်ကိုင်ခဲ့သည့် နိုင်ငံတော်စီမံကိန်းအေဂျင်စီ၏ အကြီးအကဲဟောင်းလည်းဖြစ်သည်။ ဘဏ္ဍာရေးဝန်ကြီးအဖြစ် သီတင်းပတ်အနည်းငယ်ထမ်းဆောင်ပြီးနောက် စက်တင်ဘာ ၁ ရက်တွင် မမျှော်လင့်ဘဲ ရာထူးမှ နုတ်ထွက်ခဲ့သည့် ဘဏ်လုပ်ငန်းရှင် ပရာဒီးဒေါင်ချိုင်း၏နေရာတွင် အက်ခွမ်အား အစားထိုးခြင်းဖြစ်သည်။ အက်ခွမ်က အမေရိကန်ပြည်ထောင်စု၊ ဝီလီယမ်ကောလိပ်မှ စီးပွားရေးဖွံ့ဖြိုးမှုဘာသာရပ်ဖြင့် မဟာဘွဲ့ရရှိထားသူဖြစ်သည်။

အက်ခွမ်က ထိုင်းဘဏ် ငွေကြေးမူဝါဒကော်မတီ၊ ရင်းနှီးမြှုပ်နှံမှုဘုတ်အဖွဲ့ အပါအဝင် နိုင်ငံအဆင့်ကော်မတီများစွာ၌ တာဝန်ထမ်းဆောင်ခဲ့သည်။

ကိုးကား - သည်စထရိတ်တိုင်းမ်

ဘာသာပြန် - ကျော်ထိုက်စိုး

# အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၉၀၂ ဦး တွေ့ရှိပြီး ၂၃၅ ဦး ထပ်မံသေဆုံး

**တီဟီရန် အောက်တိုဘာ ၅**

အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၃၉၀၂ ဦး ထပ်မံတွေ့ရှိခဲ့ရာ ရောဂါကူးစက်ခံရသူပေါင်း ၄၇၅၆၇၄ ဦး ရှိလာကြောင်း၊ ထို့အပြင် အီရန်၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် ၂၃၅ ဦး ထပ်မံသေဆုံးခဲ့ပြီးနောက် အဆိုပါရောဂါကြောင့် သေဆုံးသူပေါင်း ၂၇၁၉၂ ဦး ရှိလာကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။



သို့သော် အီရန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် ၃၉၂၉၃ ဦးသည် ရောဂါမှ ပြန်လည်ကျန်းမာသွားပြီး လက်ရှိအချိန်၌ လူနာ ၄၁၆၇ ဦးသာ အထူးကြပ်မတ်ကုဌာန၌ အနီးကပ်စောင့်ကြည့်ခံရလျက်ရှိကြောင်း အီရန်ကျန်းမာရေးနှင့် ဆေးပညာဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ စီမာဆာဒတ်လာရီက ယနေ့ ပြုလုပ်သော သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်။

အီရန်အစိုးရသည် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုထိန်းချုပ်ရန် ရောဂါ စမ်းသပ်စစ်ဆေးမှုကို ဦးစားပေးလုပ်ဆောင်လာသည့်အတွက် နိုင်ငံအတွင်း ရောဂါ စတင်ဖြစ်ပွားခဲ့ပြီးနောက် ယနေ့အထိ နိုင်ငံတစ်ဝန်းလုံးတွင် ပြည်သူ ၄၁၅၁၄၄၅ ဦးတို့၏ နမူနာကို စစ်ဆေးခဲ့ကြောင်း သိရသည်။

အီရန်နိုင်ငံတွင် ပြည်နယ်နှင့် ဒေသပေါင်း ၃၁ ခုရှိသည့်အနက် ၂၆ ခုတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုမြင့်မားလျက်ရှိသည့်အတွက် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အနီရောင်အဆင့် သတိပေးချက်အသက်ဝင်ဆဲဖြစ်ကြောင်း ပြောရေးဆိုခွင့်ရှိသူက ထပ်မံပြောကြားသည်။

အီရန်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကို ယခုနှစ် ဖေဖော်ဝါရီ ၁၉ ရက်က စတင်တွေ့ရှိခဲ့ပြီး ယင်းရောဂါတိုက်ဖျက်ရေးနယ်ပယ်၌ တရုတ်အစိုးရနှင့် အပြန်အလှန် အကူအညီပေးကြရန် ကမ်းလှမ်းခဲ့ကြသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - ဂျေတီ

# အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ ဘီလီယံ တန်ကြေးရှိ အခြေခံအဆောက်အအုံစီမံကိန်း ဖော်ဆောင်မည့်အစီအစဉ် ဩစတြေးလျဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးချုပ်တို့ ကြေညာ

**ကင်ဘာရာ အောက်တိုဘာ ၅**

ကိုဗစ်-၁၉ ရောဂါကြောင့် စီးပွားရေးကျဆင်းမှုဖြစ်ပေါ်နေစဉ် စီးပွားရေးဖွံ့ဖြိုးတိုးတက်စေမည့် ဒေါ်လာဘီလီယံချီတန်သော အခြေခံအဆောက်အအုံစီမံကိန်းများ အရှိန်အဟုန်မြင့် ဆောင်ရွက်မည်ဟု ဩစတြေးလျအစိုးရက ပြောကြားလိုက်သည်။

အလုပ်အကိုင်နေရာ ထောင်နှင့်ချီဖန်တီးပေးမည့် "shovel-ready" ခေါ် သယ်ယူပို့ဆောင်ရေးဆိုင်ရာ အခြေခံအဆောက်အအုံ စီမံကိန်းများ၌ ဩစတြေးလျဒေါ်လာ ၇ ဒသမ ၅ ဘီလီယံ (အမေရိကန်ဒေါ်လာ ၅ ဒသမ ၃ ဘီလီယံ) ရင်းနှီးမြှုပ်နှံမှုကို ဝန်ကြီးချုပ် စကော့မောရစ်ဆင်နှင့် ဒုတိယဝန်ကြီးချုပ် မိုက်ကယ်မက်ကော်မတ်ခ်တို့က ယနေ့ ကြေညာခဲ့သည်။ ယခုကဲ့သို့ ရင်းနှီးမြှုပ်နှံမှုက ကိုရိုနာဗိုင်းရပ်စ် အကျပ်အတည်းနှင့် ၁၉၉၁ ခုနှစ်နောက်ပိုင်း ဩစတြေးလျနိုင်ငံ၏ ပထမဆုံးအကြိမ် စီးပွားရေးကျဆင်းမှုကို ပြန်လည်ကုစားပေးရန် လမ်းဖွင့်ပေးမည်ဟု မောရစ်ဆင်က ပြောသည်။

"စီးပွားရေးပြန်လည်တည်ဆောက်မှုကို အထောက်အပံ့ဖြစ်ပြီး အလုပ်အကိုင်တွေ ပိုမိုဖန်တီးပေးနိုင်မယ့် အခြေခံအဆောက်အအုံစီမံကိန်းတွေမှာ ရင်းနှီးမြှုပ်နှံဖို့ ဒေသန္တရအစိုးရအဖွဲ့တွေနဲ့ ကျွန်တော်တို့ အနီးကပ် လက်တွဲဆောင်ရွက်နေပါတယ်" ဟု ၎င်းက ထုတ်ပြန်ချက်တစ်ခုအတွင်း ပြောကြားခဲ့သည်။ ယခုရင်းနှီးမြှုပ်နှံမှုက နိုင်ငံ့စီးပွားရေးကို မြှင့်တင်ပေးမည်ဖြစ်သလို နိုင်ငံတစ်ဝန်း ခန့်မှန်းခြေ အလုပ်အကိုင်နေရာ ၃၀၀၀၀ ဖန်တီးပေးမည့် စီမံချက်၏ တစ်စိတ်တစ်ဒေသဖြစ်ကြောင်း ၎င်းက ဆိုသည်။

အဆိုပါ ရင်းနှီးမြှုပ်နှံမှုစီမံချက်အရ ဩစတြေးလျနိုင်ငံ၏ လူနေအထူထပ်ဆုံး နယူးဆောက်ဝေးလ်ပြည်နယ်က ဩစတြေးလျဒေါ်လာ ၂ ဒသမ ၇ ဘီလီယံ ရရှိမည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ ဘေးအသင့်ဆုံးဒေသ ဝိတိုရိယပြည်နယ်က ဒေါ်လာ ၁ ဒသမ ၁ ဘီလီယံ ရရှိမည်ဖြစ်သည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - ကျော်ထိုက်စိုး

# အင်ဒိုနီးရှား၌ ဖမ်းဆီးထိန်းသိမ်းခံရသူများနှင့် အကျဉ်းသား ၁၂၄ ဦး ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရ



**ဂျကာတာ အောက်တိုဘာ ၅**

အင်ဒိုနီးရှားနိုင်ငံ၌ ဖမ်းဆီးထိန်းသိမ်းခံရသူများနှင့် အကျဉ်းသားများကို ကိုဗစ်-၁၉ ရောဂါပိုး ရှိ၊ မရှိ စမ်းသပ်စစ်ဆေးခဲ့ရာ ဖမ်းဆီးထိန်းသိမ်းခံရသူများနှင့် အကျဉ်းသား ၁၂၄ ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုး စမ်းသပ်တွေ့ရှိခဲ့ကြောင်း အင်ဒိုနီးရှားဥပဒေနှင့် လူ့အခွင့်အရေးဝန်ကြီးဌာန၏ အကျဉ်းထောင်ညွှန်ကြားမှုဦးစီးဌာနက ယနေ့ ပြောကြားသည်။

အဆိုပါ ထိန်းသိမ်းခံရသူများနှင့် အကျဉ်းသားများသည် အကျဉ်းထောင်တာဝန်ရှိသူများမှတစ်ဆင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရခြင်းဖြစ်ကြောင်း အကျဉ်းထောင်ညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသည့် ထိန်းသိမ်းခံထားရသူများနှင့် အကျဉ်းသားများကို သီးခြားခွဲ၍ထားပြီး ဆေးရုံများသို့ ပို့ဆောင်ထားကြောင်း ၎င်းက ထပ်မံပြောကြားသည်။

အင်ဒိုနီးရှားနိုင်ငံအတွင်း ဖမ်းဆီးထိန်းသိမ်းခံရသူများနှင့် အကျဉ်းသားများသည် နိုင်ငံအတွင်း အကျဉ်းထောင်များရှိ အကျဉ်းသား ဝင်ဆံ့နိုင်သော ပမာဏထက် ပိုမိုများပြားကြောင်းသိရသည်။

မြို့တော်ဂျကာတာတွင် အကျဉ်းထောင် ရှစ်ခုရှိပြီး ယင်းအကျဉ်းထောင် ရှစ်ခုတွင် အကျဉ်းသားစုစုပေါင်း ၅၇၉၁ ဦးသာ ဝင်ဆံ့သော်လည်း လက်ရှိအချိန်တွင် အကျဉ်းသား ၁၄၇၇၆ ဦးအထိ လက်ခံထားရကြောင်း အကျဉ်းထောင်ညွှန်ကြားမှုဦးစီးဌာနက ၎င်း၏ တရားဝင်ဝက်ဘ်ဆိုက်တွင် ဖော်ပြထားသည်။

ကိုးကား - ဆင်ဟွာ

ဘာသာပြန် - ဂျေတီ

| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၃၅၄၅၂၉၆၄ | ဦး |
| သေဆုံးသူ | ၁၀၄၂၇၃၄ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၂၆၆၅၆၈၄၇ | ဦး |

# ရသေ့တောင်မြို့နယ် ထီးဆွဲကျေးရွာအနီးရှိ AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့၏ ခြေကုပ်စခန်းအား သိမ်းပိုက်ရရှိကြောင်း တပ်မတော်က သတင်းထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၅**

ရခိုင်ပြည်နယ် ရသေ့တောင်မြို့နယ် ထီးဆွဲကျေးရွာအနီး ကျေးရွာလူထုအား အကာအကွယ်ရယူ၍ လမ်းပန်းဆက်သွယ်မှု လုံခြုံရေးအား ဖြတ်တောက်ခြိမ်းခြောက်နေသော AA အကြမ်းဖက် သောင်းကျန်းသူအဖွဲ့၏ ခြေကုပ်စခန်းအား သိမ်းပိုက်ရရှိကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်တွင် AA အကြမ်းဖက်သောင်းကျန်းသူအဖွဲ့များသည် ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်း-ရသေ့တောင် - ဘူးသီးတောင် ဆက်သွယ်ထားသည့် ကားလမ်းနှင့် စစ်တွေ-ရသေ့တောင် - ဘူးသီးတောင် ရေလမ်းကြောင်းတို့၏ လုံခြုံရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံရေးကို ရသေ့တောင်မြို့နယ် ထီးဆွဲကျေးရွာအနီး စိုးမိုးတောင်ကုန်းနေရာများ၌ အခိုင်အမာနေရာယူ၍ လမ်းပန်းဆက်သွယ်မှု ဖြတ်တောက်ခြင်း၊ ရေယာဉ်များအား မကြာခဏ ပစ်ခတ်ခြင်းဖြင့် ခြိမ်းခြောက်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တိုက်ခိုက်ခဲ့ရာ အောက်တိုဘာ ၄ ရက် နံနက် ၂ နာရီခန့်တွင် အပြီးတိုင် သိမ်းပိုက်ရရှိခဲ့ကြောင်း။

ဖြစ်စဉ်မှာ AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ပုဏ္ဏားကျွန်း-ရသေ့တောင်-ဘူးသီးတောင် ဆက်သွယ်ထားသည့် လမ်းကြောင်းကို ရသေ့တောင်မြို့နယ် ထီးဆွဲကျေးရွာအနီး စိုးမိုးတောင်ကုန်းနေရာများ၌ အခိုင်အမာနေရာယူ၍ အရပ်သားများအသွင်ဖြင့် အယောင်ဆောင်ကာ အလစ်အငိုက် ချောင်းမြောင်းတိုက်ခိုက်ခြင်း၊ ကျေးရွာသားများအား လူသားတံတိုင်းအဖြစ် အသုံးပြု၍ တိုက်ခိုက်ခြင်း၊ ဒေသတွင်း အေးချမ်းစွာနေထိုင်လုပ်ကိုင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ အပါအဝင် ဒေသခံပြည်သူများအား မကြာခဏ ချောင်းမြောင်းသတ်ဖြတ်ခြင်း၊ ဖမ်းဆီးခေါ်ဆောင်ခြင်း စသည့် အကြမ်းဖက်လုပ်ရပ်များအပြင် ရေလမ်းကြောင်းကိုလည်း ဖြတ်တောက်ပိတ်ဆို့ပစ်ခတ်ခြင်းများ ဆောင်ရွက်လျက်ရှိရာ စက်တင်ဘာလအတွင်း၌ ရေယာဉ်များအား ဖြတ်တောက် ပိတ်ဆို့ ပစ်ခတ်မှု ခြောက်ကြိမ်ရှိပြီဖြစ်သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖွန်လမှစ၍ လမ်းကြောင်းလုံခြုံမှုရှိစေရေး လုံခြုံရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း။

ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ရာသီဥတုဆိုးရွားပြီး မိုးတွင်းကာလဖြစ်သဖြင့် လှုပ်ရှားသွားလာရန် အခက်အခဲများကြားမှ အောက်တိုဘာ ၄ ရက် နံနက် ၂ နာရီခန့်တွင် ၎င်းတို့နေရာယူထားသည့် နေရာများကို သိမ်းပိုက်ရရှိခဲ့ကြောင်း။

ဖြစ်စဉ်များတွင် AA အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်း၊ လက်နက်နှင့် ဆက်စပ်ပစ္စည်းအချို့ သိမ်းဆည်းရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် နယ်မြေဒေသလုံခြုံရေး၊ လမ်းပန်းဆက်သွယ်မှုလုံခြုံစေရေး နယ်မြေစိုးမိုးရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

သတင်းစဉ်

# ရေဝတီမြစ်ရေ သတိပေးချက်

**နေပြည်တော် အောက်တိုဘာ ၅**

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ရေဝတီမြစ်ရေသည် ဆိပ်သာမြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ရေဝတီမြစ်ရေသည် ဟသ်ံာတမြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ယနေ့ မွန်းလွဲ ၁ နာရီခွဲ တိုင်းထွာချက်အရ ရေဝတီမြစ်ရေသည် ဇလွန်မြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဟသ်ံာတမြို့နယ်၊ ဇလွန်မြို့နယ်နှင့် ဆိပ်သာမြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြု နေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

# စစ်တွေ-မင်းပြား-အမ်း လမ်းပန်းဆက်သွယ်မှု လုံခြုံရေးအတွက် တပ်မတော်က ဆောင်ရွက်လျက်ရှိကြောင်း သတင်းထုတ်ပြန်

**နေပြည်တော် အောက်တိုဘာ ၅**

ရခိုင်ပြည်နယ် စစ်တွေ-မင်းပြား-အမ်း လမ်းပန်းဆက်သွယ်မှု လုံခြုံရေးအတွက် တပ်မတော်က ဆောင်ရွက်လျက်ရှိကြောင်း တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယင်းသတင်းထုတ်ပြန်ချက်တွင် AA အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ရခိုင်ပြည်နယ်အတွင်း ဆက်သွယ်ရေးလမ်းကြောင်းများ ဖြတ်တောက်ပိတ်ဆို့မှုများကို ဆောင်ရွက်လျက်ရှိသောကြောင့် ကုန်စည်စီးဆင်းမှု အခက်အခဲများဖြစ်ပေါ်ခြင်း၊ စားရေးအခက်အခဲများ ကြုံတွေ့ခြင်းနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံရေးတို့တွင် အခက်အခဲများ ဖြစ်ပေါ်လျက်ရှိကြောင်း။

ထိုသို့ဖြစ်ပေါ်နေသည့် အခြေအနေများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက မတူပီ-ဆမီး-ပလက်ဝလမ်းကြောင်း၊ ကျောက်တော်-ပလက်ဝ လမ်းကြောင်းပွင့်စေရေး ဆောင်ရွက်ခဲ့မှုများအပါအဝင် ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးအတွက် လုံခြုံရေးလုပ်ငန်းများကို နေ့ညမပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယင်းသို့ ဆောင်ရွက်လျက်ရှိစဉ် စစ်တွေ-မင်းပြား-အမ်း လမ်းပန်းဆက်သွယ်မှု လုံခြုံရေးဆောင်ရွက်လျက်ရှိသည့် တပ်ဖွဲ့ဝင်များသည် AA အကြမ်းဖက်သောင်းကျန်းသူများနှင့် စက်တင်ဘာလမှ ယနေ့အချိန်အထိ မင်းပြားနှင့် အမ်းအကြား ပြည်ထောင်စုလမ်းမကြီးပေါ်၌ ထိတွေ့မှု လေးကြိမ်ဖြစ်ပွားခဲ့ကြောင်း။

အောက်တိုဘာ ၃ ရက်တွင်လည်း အမ်း-မင်းပြား သွားကားလမ်းပေါ်ရှိ တောင်ဘုတ်ကေ ကျေးရွာအနီး၌ လမ်းကြောင်းဖြတ်တောက်ပိတ်ဆို့မှု ဆောင်ရွက်လျက်ရှိသော AA အကြမ်းဖက် သောင်းကျန်းသူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ ထိတွေ့မှုဖြစ်ပွားခဲ့ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များက နယ်မြေစိုးမိုးရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြထားသည်။

အဆိုပါ ဖြစ်စဉ်များတွင် AA အကြမ်းဖက်သောင်းကျန်းသူများထံမှ အလောင်း၊ လက်နက်နှင့် ဆက်စပ်ပစ္စည်းအချို့ သိမ်းဆည်းရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့အချို့ ကျဆုံး၊ ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်းနှင့် ရခိုင်ပြည်နယ်အတွင်း လမ်းပန်းဆက်သွယ်မှုလုံခြုံစေရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း ယင်းသတင်းထုတ်ပြန်ချက်အရ သိရသည်။

သတင်းစဉ်

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး ယမန်နေ့တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၂၇၃ စီး၊ သွင်းကုန် ၁၉၇ စီး၊ ရန်ကုန်-မြဝတီ လမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် သွင်းကုန် ၉၅ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့တွင် မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုတစ်မှု ခန့်မှန်းတန်ဖိုး ငွေကျပ်သုည ဒသမ ၁၆၅ သန်း တန်ဖိုးရှိ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသော အကောက်ခွန်မဲ့ ကုန်ပစ္စည်းဖြစ်သည့် M–150 (150 ml x 50 Bottles) (15 Pkgs) အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

သတင်းစဉ်






# အထွေထွေရွေးကောက်ပွဲကို ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်တွင် ကျင်းပမည်

## ရွေးကောက်ပွဲများသည် -

- ဒီမိုကရေစီ၏ အခြေခံဖြစ်သည်။
- ဒီမိုကရေစီရှင်သန်စေရေး၏ ရေသောက်မြစ်ဖြစ်သည်။
- ဒီမိုကရေစီဖြစ်ထွန်းရေး၏ ပင်စည်ပင်မဖြစ်သည်။

ရွေးကောက်ပွဲကျင်းပရန်
**၃၃ ရက်သာ**
လိုတော့သည်။

## မဲဆန္ဒရှင်ပြည်သူများသို့ အသိပေးကြေညာခြင်း

အောက်တိုဘာလ ၅ ရက်

၁။ အနည်းဆုံးရက်ပေါင်း ၉၀ ထက်မနည်း မဲဆန္ဒနယ်ပြင်ပရောက် အခြားမဲဆန္ဒရှင်များသည် မိမိတို့၏ အမြဲတမ်းနေရပ်သို့ သွားရောက်ပြီး မဲပေးလိုခြင်းမရှိပါက မိမိတို့ရောက်ရှိနေသော မဲဆန္ဒနယ်တွင် ရွေးကောက်ခံသော လွှတ်တော်ကိုယ်စားလှယ်လောင်းများကို ဆန္ဒမဲပေးနိုင်ခွင့် ရရှိစေရန်အတွက် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲသို့ ပုံစံ(၃-က)ဖြင့် ၁၇-၉-၂၀၂၀ ရက်နေ့မှ ၁၀-၁၀-၂၀၂၀ ရက်နေ့အထိ လျှောက်ထားနိုင်ကြောင်း ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။

၂။ သို့ဖြစ်ပါ၍ အဆိုပါမဲဆန္ဒရှင်များအနေဖြင့် ပုံစံ(၃-က)ဖြင့် လျှောက်ထားရန် နောက်ဆုံးသတ်မှတ်ရက်ဖြစ်သော ၁၀-၁၀-၂၀၂၀ ရက်နေ့အတွင်း သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ လျှောက်ထားနိုင်ပါကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

## မြန်မာသံရုံး ငါးရုံးတွင် ကြိုတင်ဆန္ဒမဲ ဆက်လက်ပေးပြီး နီပေါနိုင်ငံနှင့် အစ္စရေးနိုင်ငံတို့တွင် ကြိုတင်ဆန္ဒမဲစတင်ပေး


စင်ကာပူနိုင်ငံရောက် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးရန် စောင့်ဆိုင်းကြစဉ်။


နီပေါနိုင်ငံရောက် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးကြစဉ်။

**နေပြည်တော် အောက်တိုဘာ ၅**
၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲအတွက် ကြိုတင်ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် နိုင်ငံပြင်ပသို့ ရောက်ရှိနေသည့် မြန်မာနိုင်ငံသားများသည် ယနေ့တွင် မြန်မာသံရုံး ငါးရုံး၌ ဆက်လက်ဆန္ဒမဲပေးကြရာ ဗန်ကောက်မြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၅၃၆ ဦး၊ ကိုင်ရိုမြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၂၀၊ စင်ကာပူမြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၁၇၀၀ ကျော်ခန့်၊ ဆိုးလ်မြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၁၅၀ နှင့် တိုကျိုမြို့ မြန်မာသံရုံး၌ မဲဆန္ဒရှင် ၄၀၂ ဦး လာရောက်ဆန္ဒမဲပေးခဲ့ကြကြောင်း သိရသည်။

ထို့ပြင် အိုင်ယာလန်နိုင်ငံ၊ ဒိန်းမတ်နိုင်ငံနှင့် ဆွီဒင်နိုင်ငံတို့တွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးရန်အတွက် လန်ဒန်မြို့ မြန်မာသံရုံးမှ အောက်တိုဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် မဲရုံဖွင့်လှစ်ဆောင်ရွက်ခဲ့ရာ အိုင်ယာလန်နိုင်ငံမှ မဲဆန္ဒရှင် ၁၆ ဦး၊ ဒိန်းမတ်နိုင်ငံမှ မဲဆန္ဒရှင် ၁၈ ဦး၊ ဆွီဒင်နိုင်ငံမှ မဲဆန္ဒရှင် ၁၈ ဦး စုစုပေါင်း ၅၂ ဦး လာရောက်ဆန္ဒမဲပေးခဲ့သည်။ ဗြိတိန်နိုင်ငံတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲ ပေးနိုင်ရေးအတွက် လန်ဒန်မြို့ မြန်မာသံရုံးတွင် အောက်တိုဘာ ၉ ရက်မှ ၁၂ ရက်အထိ မဲရုံ ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ယနေ့တွင် နီပေါနိုင်ငံ၌ ရောက်ရှိနေသော မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးရန်အတွက် ကတ္တမန္ဒူးမြို့ မြန်မာသံရုံး၌ မဲရုံစတင်ဖွင့်လှစ်ခဲ့ရာ စုစုပေါင်း သုံးဦး လာရောက်ဆန္ဒမဲပေးခဲ့သည်။

အလားတူ အစ္စရေးနိုင်ငံတွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲ ပေးနိုင်ရေးအတွက် တဲလ်အဗီးမြို့ မြန်မာသံရုံးတွင် ပထမနေ့အဖြစ် မဲရုံစတင်ဖွင့်လှစ်ခဲ့ပြီး ဆန္ဒမဲပေးသူ လေးဦး လာရောက်ဆန္ဒမဲပေးခဲ့ကြောင်း သိရသည်။

ကြိုတင်ဆန္ဒမဲပေးရန် မြန်မာသံရုံးများသို့ ရောက်ရှိလာသည့် နိုင်ငံသားများအား ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေးဆိုင်ရာ ချမှတ်ထားရှိသည့် ကျန်းမာရေးဆိုင်ရာ သတ်မှတ်ချက်များနှင့်အညီ သံရုံးအဝင်ဝတွင် ကိုယ်အပူချိန်တိုင်းခြင်း၊ လက်ဆေးခြင်း၊ မျက်နှာအကာ ဖြန့်ဝေတပ်ဆင်စေခြင်းတို့ဖြင့် သက်ဆိုင်ရာနိုင်ငံအလိုက် ကိုဗစ်-၁၉ ရောဂါ တားဆီးကာကွယ်ရေးအစီအမံများကို အလေးထားလိုက်နာဆောင်ရွက်ကြကြောင်း သိရသည်။


အီဂျစ်နိုင်ငံရောက် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးကြစဉ်။


အစ္စရေးနိုင်ငံရောက် မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးကြစဉ်။

သို့ပါ၍ ယနေ့တွင် မြန်မာသံရုံး ခုနစ်ရုံး၌ ကြိုတင်ဆန္ဒမဲပေးခဲ့ကြကြောင်းနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ ဘရူနိုင်းနိုင်ငံ၊ အိုင်ယာလန်နိုင်ငံ၊ ဒိန်းမတ်နိုင်ငံ၊ ဆွီဒင်နိုင်ငံနှင့် အက်စ်ဝါတီနီနိုင်ငံတို့တွင် ရောက်ရှိနေသော မြန်မာနိုင်ငံသားများ ကြိုတင်ဆန္ဒမဲပေးမှုများ ပြီးဆုံးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မွန်ညီညွတ်ရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၅

မွန်ညီညွတ်ရေးပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဝင် နိုင်ကျော်ဝင်းက မွန်ဘာသာဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး တွဲဖက်အတွင်းရေးမှူး မိကျိုက်စောက မြန်မာဘာသာဖြင့် လည်းကောင်း ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။

မိကျိုက်စော၏ မြန်မာဘာသာဖြင့် ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -





လေးစားအပ်ပါသော မွန်တိုင်းရင်းသားများ၊ မွန်ပြည်နယ်နှင့် နိုင်ငံတစ်ဝန်းလုံးရှိ မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ရှင် - ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်ရှင်။ ကျွန်မကတော့ မွန်ညီညွတ်ရေးပါတီရဲ့ ရန်ကုန်တိုင်းဒေသကြီး တွဲဖက်အတွင်းရေးမှူး မိကျိုက်စော ဖြစ်ပါတယ်။ ကျွန်မတို့ပါတီအနေနဲ့ လာမည့် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင်ကျင်းပမယ့် အထွေထွေရွေးကောက်ပွဲမှာ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးများရှိ မဲဆန္ဒနယ်မြေ(၆၅) နယ်မြေမှာ ယှဉ်ပြိုင်သွားမှာ ဖြစ်ပါတယ်။

မွန်တိုင်းရင်းသားများနှင့် မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ရှင့် - ကျွန်မတို့ပါတီရဲ့ နိုင်ငံရေးမူဝါဒသဘောထားကတော့ -

(၁) တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပြည်တွင်းစစ်ရပ်စဲရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ဆောင်ပြီး၊ တန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ကို အာမခံသော၊ လူမျိုးကို အခြေခံဖွဲ့စည်းသည့် ဖက်ဒရယ်ပြည်ထောင်စုနိုင်ငံ တည်ထောင်ရန်။

(၂) ပါတီစုံဒီမိုကရေစီစနစ် အခြေတည်ခိုင်မာလာစေရေး ဦးစွာကြိုးပမ်းဆောင်ရွက်ရန်နှင့် ထိုမှတစ်ဆင့် တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်းတည်းဟူသော လောကပါလတရားတို့နှင့် ပြည့်စုံသည့် ဒီမိုကရေစီနိုင်ငံ တည်ဆောက်ရန်။

(၃) မွန်ဒေသတစ်ခုလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်မှု တည်ဆောက်ရန်နှင့် နိုင်ငံတစ်ဝန်းလုံး ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးတွင် ပါဝင်ဆောင်ရွက်ရန်။

(၄) တိုင်းရင်းသားလူမျိုးစုအားလုံး၏ အစုအဖွဲ့ဆိုင်ရာ ကိုယ်ပိုင်အမှတ်လက္ခဏာများကို အသိအမှတ်ပြုသည့်အပြင် ပြည်သူတစ်ဦးချင်းစီ၏ ဒီမိုကရေစီအခွင့်အရေးများ အပြည့်အဝခံစားခွင့်ရှိသည့် လူ့အဖွဲ့အစည်းကို တည်ဆောက်ရန်။

(၅) တိုင်းရင်းသားပြည်သူတစ်ရပ်လုံး လူ့အခွင့်အရေး အပြည့်အဝရရှိစေရန်နှင့် လွတ်လပ်သော လူမှုဘဝကို ရရှိခံစားနိုင်ကြစေရန်။

(၆) နိုင်ငံတစ်ဝန်းလုံးတွင် အဂတိလိုက်စားမှု ကင်းစင်ပပျောက်ပြီး တရားဥပဒေစိုးမိုးရေး ပီပီပြင်ပြင် ဖြစ်ထွန်းခိုင်မာလာစေရန်။

(၇) အာဏာရှင်စနစ်၊ မဟာလူမျိုးကြီးဝါဒနှင့် ကျဉ်းမြောင်းသည့်လူမျိုးရေးဝါဒတို့ကို ဆန့်ကျင်သွားရန်တို့ ဖြစ်ပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ရှင့်-**

အထက်ပါနိုင်ငံရေးမူဝါဒသဘောထား (၇) ရပ်အပေါ် အခြေခံကာ ကဏ္ဍအလိုက် လုပ်ငန်းစဉ်များကိုချမှတ်ပြီး အကောင်အထည်ဖော်ဆောင်သွားမည့် လုပ်ငန်းစဉ်များကတော့...

(က) နိုင်ငံရေးကဏ္ဍ

(၁) ပြည်တွင်းစစ်ရပ်စဲရေး၊ ငြိမ်းချမ်းမှုတည်ဆောက်ရေးနှင့် အမျိုးသားပြန်လည်ရင်ကြားစေ့ရေးအတွက် နည်းလမ်းမျိုးစုံအသုံးပြုပြီး တက်ကြွစွာ ပါဝင်ဆောင်ရွက်မည်။

(၂) ပြည်ထောင်စုမြန်မာနိုင်ငံ၏ ဒီမိုကရေစီအသွင်ကူးပြောင်းရေးနှင့် အခိုင်အမာ တည်ဆောက်ရေးဖြစ်စဉ်တွင် လူမျိုးစုံ တိုင်းရင်းသားပြည်သူများနှင့်အတူ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်မည်။

(၃) လူမျိုးစုံပြည်သူများ၏ အကျိုးစီးပွားကို ရှေးရှုသည့် စနစ်တစ်ရပ် ပေါ်ထွန်း အခြေခိုင်လာစေရန် ကြိုးပမ်းဆောင်ရွက်မည်။

(ခ) စီးပွားရေးကဏ္ဍ

(၁) ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာစေရန်နှင့် လက်ဝါးကြီးအုပ် လွှမ်းမိုးချုပ်ကိုင်မှုမဖြစ်ပေါ်လာစေရေး ကာကွယ်တားဆီး ဆောင်ရွက်မည်။

(၂) ပြည်တွင်းနှင့် နိုင်ငံတကာမှ ရင်းနှီးမြှုပ်နှံမှုတွင် နည်းပညာအကူအညီများရယူ၍ ဒေသတွင်း အလတ်စားနှင့် အသေးစားစီးပွားရေးလုပ်ငန်းများ အခြေခံခိုင်မာစွာဖြင့် ဖြစ်ထွန်းတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်မည်။

(၃) ဒေသတွင်းစီးပွားရေး ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးမြှင့်ဖန်တီးနိုင်ရန် ဆောင်ရွက်မည်။

(၄) စိုက်ပျိုးရေးအပေါ် အခြေခံသည့် အရည်အသွေးမြှင့်ထုတ်ကုန်ထုတ်လုပ်တင်ပို့နိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်မည်။

(၅) ဒေသအတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု မြင့်မားလာစေရန်နှင့် အကြီးစား နိုင်ငံစုံစီးပွားရေးလုပ်ငန်းများ ပေါ်ထွန်းလာစေရေးအတွက် လုပ်ခွင့်သာသည့် စီးပွားရေးပတ်ဝန်းကျင် ဖန်တီးတည်ဆောက်သွားမည်။

(၆) မွန်ဒေသကို ပြည်တွင်းနှင့် နိုင်ငံတကာ ကုန်သွယ်မှုတွင် အချက်အချာကျသည့် ဒေသအဖြစ် ဖွံ့ဖြိုးတိုးတက်လာစေရန် ကြိုးပမ်းဆောင်ရွက်မည်။

(ဂ) ပညာရေးကဏ္ဍ

(၁) လူတိုင်း စာတတ်မြောက်ရေးစနစ်ကို အကောင်အထည်ဖော်မည်။

(၂) အခမဲ့မသင်မနေရအခြေခံပညာရေးစနစ်ကို အကောင်အထည်ဖော်မည်။

(၃) နိုင်ငံတော်၏ ကြီးကြပ်မှုအောက်တွင် စံချိန်စံညွှန်းနှင့် ပြည့်မီသော ပုဂ္ဂလိကပညာရေးစနစ်ကို အားပေးမည်။




(၄) အဆင့်မြင့်ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာရေးတို့ကို နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်အောင် ဆောင်ရွက်မည်။

(၅) မိခင်ဘာသာစကား အခြေပြု ဘာသာစုံပညာရေးစနစ်ကို အကောင်အထည်ဖော်နေသည့် တစ်ပြိုင်နက်တည်း အဆုံးတွင် နိုင်ငံတော်၏ ပင်မပညာသင်ကြားရေးစနစ်နှင့် ပေါင်းစည်းသွားနိုင်ရန် ဆောင်ရွက်မည်။

(၆) သက်ဆိုင်ရာ တိုင်းရင်းသားဒေသအတွင်းရှိ ကျောင်းများတွင် သက်ဆိုင်ရာ တိုင်းရင်းသားတို့၏ စာပေကို ဘာသာရပ်တစ်ခုအနေဖြင့် သင်ကြားသွားမည်...တို့ဖြစ်ပြီး အခြားကဏ္ဍများဖြစ်တဲ့ လယ်ယာကဏ္ဍ၊ အလုပ်သမားကဏ္ဍ၊ ယဉ်ကျေးမှုကဏ္ဍ၊ ကျန်းမာရေးကဏ္ဍ၊ လူငယ်ကဏ္ဍ၊ အမျိုးသမီးကဏ္ဍ၊ နိုင်ငံခြားရေးကဏ္ဍနဲ့ မဟာမိတ်ကဏ္ဍများကို ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**လေးစားအပ်ပါသော မဲဆန္ဒရှင်ပြည်သူအပေါင်းတို့ရှင်-**

ကျွန်မတို့ မွန်ညီညွတ်ရေးပါတီဟာ မွန်ဒေသအတွင်းရှိ မွန်တိုင်းရင်းသားများအတွက်သာမက ဒေသနှင့်ပြည်နယ်အတွင်းရှိ အခြားသောတိုင်းရင်းသားများ၏ ရပိုင်ခွင့်များ၊ အခွင့်အရေးများကို လေးစားအသိအမှတ်ပြုပြီး အထက်ပါနိုင်ငံရေးမူဝါဒနှင့် လုပ်ငန်းစဉ်များအတိုင်း ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် မွန်ညီညွတ်ရေးပါတီကို မဲပေးကြပါစို့လို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ရှင်။

မဲဆန္ဒရှင်ပြည်သူအပေါင်း ဘေးဘယာ ဝေးကွာနိုင်ကြပါစေ....

**- ဖက်ဒရယ်ပြည်ထောင်စုသို့ ချီတက်ကြစို့**

**သီချင်းစာသား (မွန်/ မြန်မာ)**

**သီချင်းခေါင်းစဉ်** **ရာမညသားအားလုံးရဲ့ပါတီ**

(Pre မွန်ဒေသရဲ့ အသည်းဟာ အမ်ယူပီ
မွန်ဒေသရဲ့ အချစ်ဟာ မွန်ပါတီ
Cho မဲပေးမည် မဲပေးမည် ဖက်ဒရယ်အတွက်ချီ
မဲပေးမည် မဲပေးမည် ပြည်သူအတွက်ရည်
အားလုံးအတွက် အားလုံးအတွက် မွန်ညီညွတ်ရေးပါတီ။)

## ခရမ်းမြို့နယ်၌ မဲရုံလုံခြုံရေးတာဝန်ထမ်းဆောင်မည့် အထူးရဲသင်တန်းဖွင့်လှစ်

**ခရမ်း အောက်တိုဘာ ၅**

ရန်ကုန်တောင်ပိုင်းခရိုင် ခရမ်းမြို့နယ်၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် လုံခြုံရေးတာဝန်ထမ်းဆောင်မည့် အထူးရဲသင်တန်းကို အောက်တိုဘာ ၁ ရက်မှစတင်ကာ မြို့နယ်အားကစားခန်းမနှင့် မြို့နယ်အတွင်းရှိ ရဲကင်းစခန်းခွဲများ၌ ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

သင်တန်းဖွင့်ပွဲ အခမ်းအနားတွင် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမိုးကျော်ဟန်က အထူးရဲသင်တန်းနှင့် ပတ်သက်၍ သင်တန်းသားတစ်ဦးချင်းစီတိုင်း လိုက်နာကျင့်သုံးရမည့် စည်းကမ်းကျင့်ဝတ်များ၊ မဲရုံလုံခြုံရေးဆိုင်ရာ ဆောင်ရွက်ရမည့်အကြောင်းအရာများနှင့် သင်ကြားမည့် ဘာသာရပ်များအား ကြိုးစားသင်ယူလေ့ကျင့်ကြရန် ပြောကြားခဲ့သည်။

အဆိုပါ သင်တန်းတွင် လူ့အခွင့်အရေး၊ ပြည်သူလူထု ပူးပေါင်းပါဝင်သော ရဲလုပ်ငန်းစနစ်၊ ရဲစည်းကမ်းထိန်းသိမ်းရေးဥပဒေ၊ ရဲကျင့်ဝတ်၊ ရာဇသတ်ကြီးဥပဒေ၊ ရဲအက်ဥပဒေ၊ ရာဇဝတ်ကျင့်ထုံးဥပဒေ၊ ရဲလက်စွဲဥပဒေ၊ ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ သတင်းမီဒီယာဥပဒေနှင့် အခြေခံစစ်ရေးပြသခြင်းတို့ကို သင်ကြားပို့ချပေးမည်ဖြစ်ပြီး သင်တန်းကာလမှာ လေးပတ်ဖြစ်ကြောင်း သိရသည်။

ခရမ်းမြို့နယ်ရှိ ရပ်ကွက် ၁၃ ရပ်ကွက်နှင့် ကျေးရွာများတွင် ပြည်သူအများ ဆန္ဒမဲပေးနိုင်မည့် မဲရုံ ၂၀၄ ရုံအတွက် အထူးရဲ ၂၀၄ ဦး ခန့်အပ်သွားမည်ဖြစ်ပြီး ကူးစက်မြန် ကိုဗစ်-၁၉ ရောဂါကာလဖြစ်သဖြင့် သင်တန်းကို ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီ လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

## ကန့်ဘလူမြို့နယ်၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ ၂၃၀၅၈၅ ဦးရှိပြီး မဲရုံ ၂၀၄ ရုံ ထားရှိ

ကန့်ဘလူ အောက်တိုဘာ ၅

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်အတွင်းရှိရပ်ကွက်နှင့်ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးပိုင်ခွင့် မဆုံးရှုံးစေရေးအတွက် မဲဆန္ဒရှင်အမည်စာရင်းများကို အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အထိ ဒုတိယအကြိမ် ကပ်ထားကြေညာရာ မဲစာရင်းတွင် မိမိအမည် ပါ၊ မပါကို လာရောက်ကြည့်ရှုလျက်ရှိကြသည်။

ကန့်ဘလူမြို့နယ်တွင် ရပ်ကွက်နှင့် ကျေးရွာအုပ်စု ၉၇ အုပ်စုရှိပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူပေါင်း ၂၃၀၅၈၅ ဦးအတွက် မဲရုံပေါင်း ၂၀၄ ရုံ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း၊ ဒုတိယအကြိမ် မဲဆန္ဒရှင်စာရင်း ကပ်ထားကြေညာရာတွင်လည်း မိမိအမည်စာရင်း ပါ၊ မပါ လာရောက်ကြည့်ရှုကြရန်လိုအပ်ကြောင်း၊ သို့မှသာ ဆန္ဒမဲစာရင်းတွင် မိမိအမည် မပါရှိပါက ပုံစံ-၃ ဖြင့် အမည်စာရင်းတင်သွင်းရန်တောင်းဆိုခြင်း၊ မဲစာရင်းတွင်မပါဝင်သင့်သူများ ပါဝင်နေပါက ပုံစံ-၄ ဖြင့် ကန့်ကွက်ခြင်း၊ မဲစာရင်းပါအချက်အလက်များ မှားနေပါက ပုံစံ-၄(က) ဖြင့် ပြင်ဆင်လွှာတင်သွင်းခြင်းများ ဆောင်ရွက်နိုင်ကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးမှ သိရသည်။

၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲရုံလုံခြုံရေးတာဝန်ထမ်းဆောင်ရန် အထူးရဲတပ်ဖွဲ့ဝင် ၂၀၄ ဦး ခန့်အပ်ထားပြီး အထူးရဲသင်တန်းကို ကန့်ဘလူမြို့ အထက-၁ ကျောင်းဝင်းအတွင်း၌ အဖွဲ့ခုနစ်ဖွဲ့ခွဲကာ အောက်တိုဘာ ၁ ရက်မှ ၂၈ ရက်အထိ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

## ချမ်းအေးသာစံမြို့နယ်၌ အထူးရဲတပ်ဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာလုံခြုံရေးသင်တန်း ဖွင့်လှစ်

**မန္တလေး အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ် အထူးရဲတပ်ဖွဲ့ဝင်များအား ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးသင်တန်းဖွင့်ပွဲအခမ်းအနားကို ချမ်းအေးသာစံမြို့နယ် အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းရှိ ပညာမြင့်မိုရ်ခန်းမ၌ အောက်တိုဘာ ၁ ရက်က ကျင်းပခဲ့သည်။

အခမ်းအနားသို့ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မိုးအောင်က သင်တန်းဖွင့် အမှာစကားပြောကြားခဲ့ပြီး မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်ကျန်းမာရေးဦးစီးဌာန၊ မြို့နယ်ပညာရေးဌာန၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့တို့မှ တာဝန်ရှိသူများနှင့် သင်တန်းသားစုစုပေါင်း ၃၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မန်း(ကိုယ်ပွား)**

# ဒီမိုကရေစီပါတီသစ်(ကချင်) က
# ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၅

**ဒီမိုကရေစီပါတီသစ် (ကချင်) ဥက္ကဋ္ဌ ဦးတိန့်ဆောင်က ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၅ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။ အဆိုပါ ဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည် -**



**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်း မှီတင်းနေထိုင်ကြကုန်သော မိဘပြည်သူအပေါင်းတို့ခင်ဗျား-** စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာနှုတ်ခွန်းဆက်သအပ်ပါသည်။

ကျွန်တော်ကတော့ ဒီမိုကရေစီပါတီသစ်(ကချင်) New Democracy Party (Kachin) NDP(K) ပါတီမှ ဥက္ကဋ္ဌ ဦးတိန့်ဆောင် ဖြစ်ပါသည်။ ကျွန်တော်တို့ပါတီဟာ ၂၀၁၉ ခုနှစ်၊ ဩဂုတ်လ (၂၉)ရက်နေ့မှာ မှတ်ပုံတင်အမှတ်(၁၁၉) နဲ့ ခွင့်ပြုမိန့်ရရှိထားသောပါတီ ဖြစ်ပါသည်။

**လေးစားအပ်ပါသော မိဘပြည်သူလူထုများခင်ဗျား-**

ကျွန်ုပ်တို့၏ အမိနိုင်ငံတော်သည် လွတ်လပ်ပြီး နိုင်ငံတော်၏ လေထု၊ ရေထု၊ မြေထုတစ်ဝန်းလုံး အချုပ်အခြာအာဏာပိုင်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် မှီတင်းနေထိုင်ကြကုန်သော တိုင်းရင်းသားလူမျိုးနွယ် တစ်ရာကျော်ရှိရာ တိုင်းရင်းသားမျိုးနွယ်အားလုံးသည် နိုင်ငံတော်အာဏာ၏ မူလပိုင်ရှင် အစစ်အမှန်များပင် ဖြစ်ကြပါသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ကချင်ပြည်နယ် မြို့နယ် (၁၈) ခုတွင် ပါဝင်သော ဝိုင်းမော်မြို့နယ်၊ ချီဖွေမြို့နယ်၊ ဆော့လော်မြို့နယ်နှင့် အင်ဂျန်းယန်မြို့နယ်များအတွင်းရှိ ဒေသခံတိုင်းရင်းသား မျိုးနွယ်စုများသည် အင်္ဂလိပ်နယ်ချဲ့လက်အောက်မှ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိသည့် ၁၉၄၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်ကာလအထိ မိမိတို့ဌာနေဒေသ၊ မြို့၊ ရွာ၊ ကျေးလက်များတွင် အေးချမ်းသာယာစွာ လုပ်ကိုင်စားသောက် အသက်ရှင်နေထိုင်ခဲ့ကြပါသည်။

၁၉၆၀ ပြည့်နှစ် နောက်ပိုင်းကာလများတွင် ကချင်ပြည်နယ်တစ်ခုလုံး၌ နိုင်ငံတော်အစိုးရကို ဆန့်ကျင်တော်လှန်တိုက်ခိုက်သော လက်နက်ကိုင်ပဋိပက္ခများ ဖြစ်ပေါ်လာခဲ့ပါသည်။ တိုင်းရင်းသားမျိုးနွယ်စုများ၊ ပြည်သူလူထုများသည် ကျေးလက်တောရွာနှင့် မြို့များပါမကျန် စစ်ဘေးစစ်ဒဏ်သင့်ပြီး စစ်၏အနိဋ္ဌာရုံ ဆိုးကျိုးများ အလူးအလဲ ခံစားလာကြရပါသည်။

နောင် ကချင်အထူးဒေသ(၁)ဟု ခေါ်တွင်မည့်ဒေသရှိ အမြော်အမြင်ကြီးမားသော တိုင်းရင်းသားခေါင်းဆောင်အချို့၏ ဦးဆောင်မှုဖြင့် ၁၉၉၀ ပြည့်နှစ်၊ ဇန်နဝါရီလ (၁၅) ရက်နေ့တွင် နိုင်ငံတော်အစိုးရ (တပ်မတော်အစိုးရ) နှင့် ငြိမ်းချမ်းရေးစာချုပ် ချုပ်ဆိုနိုင်ခဲ့ကြပါသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရမှ ကချင်ပြည်နယ် ဝိုင်းမော်မြို့နယ်၊ ချီဖွေမြို့နယ်နှင့် ဆော့လော်မြို့နယ် (မြို့နယ်သုံးခု) နယ်မြေဒေသကို ကချင်အထူးဒေသ(၁) ငြိမ်းချမ်းရေးနယ်မြေဒေသအဖြစ် သတ်မှတ်ပေးခဲ့ပါသည်။ ယခုအခါ အင်ဂျန်းယန်မြို့နယ်ကိုလည်း ပါတီ၏စည်းလုံးရေးနယ်မြေအဖြစ် သတ်မှတ်ထားပါသည်။

ဒီမိုကရေစီပါတီသစ်(ကချင်) ပါတီသည် အထက်ဖော်ပြပါ နယ်မြေဒေသတစ်ခုလုံးတွင် မှီတင်းနေထိုင်လျက်ရှိသော ဒေသခံတိုင်းရင်းသား ပြည်သူလူထုကို အခြေခံ၍ ဖွဲ့စည်းထားခြင်းဖြစ်ပြီး တိုင်းရင်းသားပြည်သူများ၏ ဒေသနှင့် ဘဝလုံခြုံရေး၊ စားဝတ်နေရေးနှင့် လူမှုရေးလိုအပ်ချက်များ ပြည့်စုံစေရေး၊ လူ့အခွင့်အရေးနှင့် ဒီမိုကရေစီကျင့်စဉ်ပါ အခွင့်အရေးများ ရရှိခံစားနိုင်ရေးတို့အတွက် ပြည်သူလူထုနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားမည့် ဒေသအကျိုးပြုပါတီအဖြစ် လေးနက်သော သန္နိဋ္ဌာန်ပြုဖွဲ့စည်းထားခြင်း ဖြစ်ပါသည်။

**ပါတီ၏ မူဝါဒသဘောထားနှင့် လုပ်ငန်းစဉ်များကိုတင်ပြမည်-**

လေးစားအပ်ပါသော မိဘပြည်သူလူထုများ ခင်ဗျား-

**ပါတီ၏ ရည်မှန်းချက်-**

(၁) ပြည်သူလူထုနှင့်လက်တွဲကာ စစ်မှန်သောငြိမ်းချမ်းရေးကို ထာဝစဉ် တည်ဆောက်သွားမည်။
(၂) လက်နက်ကိုင်ပဋိပက္ခ လုံးဝချုပ်ငြိမ်းသည့် လူ့အဖွဲ့အစည်းတစ်ရပ် ထာဝစဉ်တည်ရှိနိုင်ရန် ကြိုးပမ်းဆောင်ရွက်မည်။
(၃) တိုင်းရင်းသားပြည်သူလူထုအားလုံး၏ အခွင့်အရေးနှင့် လူမှုစီးပွားဘဝ တစ်ပြေးညီ တန်းတူရည်တူ ဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်မည်။
(၄) ဖက်ဒရယ်စနစ်ကို အခြေခံသော ပြည်ထောင်စုဒီမိုကရေစီ နိုင်ငံတော် အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ကြိုးပမ်းဆောင်ရွက်မည် တို့ဖြစ်ပါသည်။

ပါတီ၏ ယုံကြည်ချက်အနေဖြင့် "ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး" တည်းဟူသော အရေးသုံးပါးကို အမျိုးသားရေးတာဝန်အဖြစ် ယုံကြည်ခံယူပါသည်။ ကိုယ့်ဒေသ၊ ကိုယ့်လူမျိုးကို ကိုယ်တိုင်အုပ်ချုပ်သော ဖက်ဒရယ်စနစ်ကို ကျင့်သုံးပြီး နယ်မြေဒေသအလိုက် ဖွံ့ဖြိုးတိုးတက်လာအောင် စနစ်တကျ စီမံဆောင်ရွက်ခြင်းဖြင့် ဒီတာဝန်အရေးသုံးပါးကို အောင်မြင်စွာ အကောင်အထည်ဖော်နိုင်မည်ဟု ယုံကြည်ပါသည်။

**လေးစားအပ်ပါသော မိဘပြည်သူလူထုများ ခင်ဗျား-**

**ပါတီ၏ အခြေခံမူဝါဒကို တင်ပြမည်-**

(၁) ပါတီ၏ စည်းလုံးရေးနယ်မြေအဖြစ် အခြေခံပြုသောနယ်မြေဟု သတ်မှတ်သော ဝိုင်းမော်မြို့နယ်၊ ချီဖွေမြို့နယ်၊ ဆော့လော်မြို့နယ်နှင့် အင်ဂျန်းယန်မြို့နယ်တို့တွင် မှီတင်းနေထိုင်လျက်ရှိသော ပြည်သူလူထုကို အခြေခံ၍ ဖွဲ့စည်းထားသော ဒေသအကျိုးပြုပါတီ ဖြစ်သည်။
(၂) ဒီမိုကရေစီကျင့်စဉ်ကို အခြေခံ၍ ဒေသအကျိုး၊ ပြည်သူလူထုအကျိုးနှင့် တိုင်းပြည်အကျိုးကို သယ်ပိုးဆောင်ရွက်မည်။
(၃) ပြည်သူလူထုနှင့်လက်တွဲပြီး ငြိမ်းချမ်းရေးကို ထာဝစဉ်တည်ဆောက်မည်။
(၄) ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို အစဉ်ဦးထိပ်ထားမည်။
(၅) နိုင်ငံတော်၏ အချုပ်အခြာအာဏာပိုင်ဆိုင်မှုနှင့် ဒေသတည်ငြိမ်လုံခြုံမှုကို ထိပါးစေနိုင်သည့် အကြမ်းဖက်ဝါဒနှင့် ပုံစံအမျိုးမျိုးဖြင့် ဝင်ရောက်လာမည့် နယ်ချဲ့ဝါဒတို့ကို ဆန့်ကျင်တွန်းလှန်မည်။
(၆) ပါတီသည် မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်၊ မည်သည့်ပါတီ၏ ဩဇာခံမှုမဖြစ်စေရ၊ လွတ်လပ်စွာ ကိုယ့်ကြမ္မာကိုယ် ဖန်တီးနိုင်သော နိုင်ငံရေးပါတီဖြစ်သည်။

**ပါတီ၏ မူဝါဒ သဘောထား ၁၂ ချက် -**

(က) နိုင်ငံရေး မူဝါဒသဘောထား
( ခ ) စီးပွားရေး မူဝါဒသဘောထား
( ဂ ) ပညာရေး မူဝါဒသဘောထား
(ဃ) ကျန်းမာရေး မူဝါဒသဘောထား
( င ) တိုင်းရင်းသားလူမျိုးများအပေါ် ထားရှိသော မူဝါဒသဘောထား
( စ ) တောင်သူလယ်သမားများနှင့်ပတ်သက်သော မူဝါဒသဘောထား
(ဆ) အလုပ်သမားများနှင့်ပတ်သက်သော မူဝါဒသဘောထား
( ဇ ) လူငယ်များနှင့်ပတ်သက်သော မူဝါဒသဘောထား
( ဈ ) အမျိုးသမီးများနှင့်ပတ်သက်သော မူဝါဒသဘောထား
(ည) နိုင်ငံ့ဝန်ထမ်းများနှင့်ပတ်သက်သော မူဝါဒသဘောထား
( ဋ ) ဘာသာရေးဆိုင်ရာ မူဝါဒသဘောထား
( ဌ ) ယဉ်ကျေးမှုဆိုင်ရာ မူဝါဒ သဘောထား

ယခုတင်ပြခဲ့သည့် မူဝါဒသဘောထားများသည် မိမိတို့ပါတီ၏ ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းစာအုပ်တွင် အသေးစိတ်ဖော်ပြထားပြီး ဖြစ်ပါသည်။

**လေးစားအပ်ပါသော မိဘပြည်သူလူထုများ ခင်ဗျား-**

ကျွန်တော်တို့ ပါတီသည် ဌာနေဒေသခံတိုင်းရင်းသားများ၊ လူမျိုးဘာသာမရွေး အားလုံးပါဝင်ကြပြီး စည်းလုံးညီညွတ်စွာနဲ့ မိမိတို့ ဒေသအကျိုးကို နိုင်ငံတော်အစိုးရနှင့် လက်တွဲ၍ အရှိန်အဟုန်မြင့်စွာ ကျရာအခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်လျက်ရှိနေပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ ကျင်းပမည့် ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလ (၈)ရက်နေ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရာနှုန်းပြည့်အောင်နိုင်ရေး အထူးစီမံဆောင်ရွက်ထားရှိပြီး ဖြစ်ပါသည်။

ကချင်ပြည်နယ်၊ ကချင်အထူးဒေသ (၁) ထာဝရငြိမ်းချမ်းရေးနယ်မြေဖြစ်တဲ့ ဝိုင်းမော်မြို့နယ်၊ ချီဖွေမြို့နယ်၊ ဆော့လော်မြို့နယ်၊ ပါတီ၏စည်းရုံးရေးနယ်မြေအဖြစ် သတ်မှတ်ထားသော အင်ဂျန်းယန်မြို့နယ်အတွင်း မှီတင်းနေထိုင်ကြသော ဌာနေဒေသခံတိုင်းရင်းသား မဲဆန္ဒရှင်မိဘပြည်သူလူထုများအနေဖြင့် မိမိတို့၏တန်ဖိုးရှိလှစွာသော မဲတစ်ပြားကို မိမိဌာနေဒေသ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို စည်းလုံးညီညွတ်ခြင်းအင်အားနဲ့ အရှိန်အဟုန်မြင့်စွာ တကယ်လက်တွေ့ဆောင်ရွက်လျက်ရှိနေသော သင်၏ဒေသအကျိုးပြုပါတီ ဒီမိုကရေစီ ပါတီသစ် (ကချင်) ပါတီကို မဲပေးကြပါစို့ဟု တိုက်တွန်းနှိုးဆော်ရင်း နိဂုံးချုပ်အပ်ပါသည်။

ပြည်ထောင်စုတိုင်းရင်းသား မိဘပြည်သူလူထုအပေါင်း၊ အန္တရာယ်ကင်း၊ ဘေးကင်းစွာ၊ စိတ်ချမ်းသာ ကိုယ်ချမ်းသာ၊ သာယာချမ်းမြေ့ပြည့်ဝပါစေကြောင်း၊ ဆုတောင်းမေတ္တာ ပို့အပ်ပါသည်ခင်ဗျား။

## NDP(Kachin) ပါတီ

**ဒါဒို့ပြည် ဒါဒို့မြေ ဒို့ဌာနေမြေ**
**ဒို့ပြည် ဒို့မြေ ဒို့ပါတီ**
**ဒီမိုကရေစီပါတီသစ်(ကချင်)ပါတီ**
**ထွန်းလင်းတောက်ပနေပြီနော်**

**ပြည်သူများရဲ့ ရင်မှာဖွား**
**ပြည်သူအများက ပိုင်ဆိုင်ထား**
**ထိန်းသိမ်းကြမယ် ဒို့ရိုးရာ**
**ဆောင်ရွက်ကြမယ် ဒို့ဌာနေ**
**ဖွံ့ဖြိုးစေရမည် ငြိမ်းချမ်းစေရမည်**

**(မိဘပြည်သူ မောင်မယ်များ**
**စည်းလုံးခြင်းသည် အင်အားဟေ့ဟေ့**
**(NDP Kachin ပါတီ)၊**
**ထွန်းလင်းတောက်ပနေပြီနော်)၂**

**တေးရေး - ဆောလန်ခေါ်တိန့်**
**တေးဆို - ဆောလန်ခေါ်တိန့်**
**- ဒေါ့ဂျော်ဇယ်လွမ်း**
**- ဂျီချန်းနာမ်**
**- လရှီးခေါန်ခေါန်**

# လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်၌ မဲဆန္ဒရှင်စာရင်းများ ဒုတိယအကြိမ် ကပ်ထားကြေညာ

**ရန်ကုန် အောက်တိုဘာ ၅**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာ (အရှေ့ပိုင်း)မြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများကို ရပ်ကွက်/ ကျေးရွာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးများတွင် အောက်တိုဘာ ၁ ရက်မှ ၁၄ ရက်အထိ မဲဆန္ဒရှင်စာရင်းများကို ဒုတိယအကြိမ် ကပ်ထားကြေညာလျက်ရှိသည်။

**ကပ်ထားကြေညာ**

လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်အတွင်းရှိ ရပ်ကွက်(၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆)၊ (၇)၊ (၈)၊ (၁၅) ရပ်ကွက်နှင့် ရေဥက္ကံ၊ ရွှေလင်ပန်း၊ ရှမ်းချောင်း၊ ကစင်၊ ညောင်ရွာ ကျေးရွာ ငါးရွာတို့မှ ရပ်ကွက်/ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် မဲဆန္ဒရှင်စာရင်းများ ကပ်ထားကြေညာထားသည်။

**ပြန်လည်လျှော်ထားနိုင်**

အဆိုပါ မဲဆန္ဒရှင်စာရင်းများ ပိုမိုပြည့်စုံမှန်ကန်စေရန် ပထမအကြိမ် မဲစာရင်းများကို ပြင်ဆင်ဖြည့်စွက်ပြီး ဒုတိယအကြိမ် ကပ်ထားကြေညာရာ၌ မှားယွင်းမှုများ ရှိပါက မဲဆန္ဒရှင်ပြည်သူများက လာရောက်ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ပုံစံသုံးမျိုးဖြင့် ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ခြင်းတို့ကို ပြန်လည်လျှောက်ထားနိုင်သည်။

ထိုသို့ လှိုင်သာယာ(အရှေ့ပိုင်း)မြို့နယ် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲရုံးအတွင်းတွင် ရပ်ကွက် ကိုးရပ်ကွက်နှင့် ကျေးရွာ ငါးရွာတို့ရှိပြီး မဲဆန္ဒရှင်စာရင်း စုစုပေါင်း ၃၃၆၀၀၀ ရှိကြောင်း သိရသည်။

**ထွန်းထွန်းနိုင်(ပြန်/ဆက်)**

■

# ပြည်သူ့အကျိုးပြုကျောင်းသားများပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

နေပြည်တော် အောက်တိုဘာ ၅

**ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ ဒု-ဥက္ကဋ္ဌ ဒေါ်ခင်စန်းမူက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် ဟောပြောချက်စာမူအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှတစ်ဆင့် ပေးပို့လာပါသည်။ အဆိုပါဟောပြောချက် စာမူအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည် –**

**လေးစားအပ်ပါသော မဲဆန္ဒရှင် မိဘပြည်သူများရှင်–**

ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်ဝပါစေကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါတယ်။

ကျွန်မကတော့ ပြည်သူ့အကျိုးပြုကျောင်းသားများပါတီမှ ဒုဥက္ကဋ္ဌ ဒေါ်ခင်စန်းမူဖြစ်ပါတယ်။ မဲဆန္ဒရှင် မိဘပြည်သူများရှင်။ ကျွန်မတို့ ပါတီရဲ့ ဖြစ်ပေါ်လာမှုနှင့် ဖွဲ့စည်းတည်ရှိမှုတို့ကို တင်ပြမှာဖြစ်ပါတယ်။

ကျွန်မတို့ပါတီဟာ ၂၀၁၄ ခုနှစ် နိုဝင်ဘာလမှ စတင်ကာ နိုင်ငံရေးအမြင်ရှိသူများ၊ စီးပွားရေးအမြင်ရှိသူများ၊ ပြည်သူများရဲ့အကျိုးကို ဦးထိပ်ပန်ဆင်ကာ ပြည်သူ့အကျိုးကို ထဲထဲဝင်ဝင် ဆောင်ရွက်ပေးလိုသော အတွေ့အကြုံရှိကြသော ပုဂ္ဂိုလ်များနှင့်စုဖွဲ့ကာ ဖွဲ့စည်းထားခြင်းဖြစ်ပါတယ်။ ပါတီရဲ့အလံနှင့်တံဆိပ်ကိုလည်း အဖြူရောင် ခွပ်ဒေါင်းကို ကြယ်(၁၄)လုံးမှ စက်ဝိုင်းပုံသဏ္ဍာန် ဝန်းရံထားပါတယ်။

အဓိပ္ပာယ်ဖော်ပြရမယ်ဆိုလျှင် ဒီမိုကရေစီပြောင်းလဲရေးအတွက် တစ်တိုင်းပြည်လုံး ဆန္ဒထုတ်ဖော်ပြသရာတွင် ယနေ့ပါတီဖွဲ့စည်းခဲ့သော ပါဝင်ခဲ့သော ပုဂ္ဂိုလ်များသည် ကျောင်းသားအဖြစ် တည်ရှိနေရာမှ ပြည်သူများနှင့်အတူ ပူးပေါင်းဆောင်ရွက်ခဲ့ကြသော ကျောင်းသားများဖြစ်သည့်အတွက် ကျောင်းသားများရဲ့ သင်္ကေတ (ဗိုလ်ချုပ်အောင်ဆန်းတို့မှ စတင်ခဲ့သည့်) ခွပ်ဒေါင်းအား သင်္ကေတယူခဲ့ပါသည်။ ယခင်က ခွပ်ဒေါင်းသည် နယ်ချဲ့ဆန့်ကျင်ရေးကာလဖြစ်သည့်အတွက် မျိုးချစ်စိတ်ရှိစေရန် အနီရောင်ဖြစ်သော်လည်း ယနေ့ကာလသည် ငြိမ်းချမ်းစွာ ပါတီစုံဒီမိုကရေစီစနစ်ကျင့်သုံးနေသည့်အတွက် အရောင်ကင်း၍ အဆင်းလှသော “အဖြူရောင်ခွပ်ဒေါင်း” ဖြစ်ပါသည်။ ဝန်းရံထားသော ကြယ်(၁၄)လုံးမှာ ကျွန်မတို့ရဲ့ ညီနောင်များဖြစ်တဲ့ တိုင်းရင်းသားလူမျိုးပေါင်းစုံ မှီတင်းနေထိုင်သော ပြည်နယ်ဒေသကြီး၊ တိုင်းဒေသကြီးများအတွက် သင်္ကေတအမှတ်အသားဖြစ်ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများရှင်**

ကျွန်မတို့ပါတီရဲ့ မူဝါဒသဘောထားများကို ဆက်လက်တင်ပြ အစီရင်ခံပါမယ်ရှင်။

**နိုင်ငံခြားရေးမူဝါဒအနေဖြင့်**

ဘက်လိုက်မှုကင်းပြီး လွပ်လပ်၍ တရားမျှတသော မူဝါဒဖြစ်ပါတယ်။ တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းတစ်ခု၊ နိုင်ငံတစ်နိုင်ငံရဲ့ လွှမ်းမိုးခြင်းကို လက်မခံဘဲ ဘက်လိုက်မှုကင်းရှင်းခြင်းကို လက်ခံတဲ့ မူဝါဒဖြစ်ပါတယ်။

မည်သည့်နိုင်ငံကိုမျှ ကျူးကျော်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်း ပြုလုပ်မှာမဟုတ်သလို မိမိနိုင်ငံနဲ့ တိုင်းပြည်လူမျိုးပေါ်ကိုလည်း ကျူးကျော်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ နှောင့်ယှက်ခြင်းတို့ကို မည်သည့်အခါမျှ လက်ခံမည်မဟုတ်ဘဲ ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူဝါဒကို ကျင့်သုံးပါမည်။

အင်အားကြီးနိုင်ငံများ/ လက်နက်အင်အားတောင့်တင်းသော နိုင်ငံများနှင့် ထိစပ်နေသည့် ကျွန်မတို့တိုင်းပြည်အတွက် အင်အားတောင့်တင်းသော ခေတ်မီလက်နက်တပ်ဆင်ထားသော ပြည်ထောင်စုတပ်မတော်တစ်ရပ်ဖြစ်တည်ရေး ဆောင်ရွက်မည့် မူဝါဒများ ဖြစ်ပါတယ်။

**မဲဆန္ဒရှင် မိဘပြည်သူများရှင်**

**စီးပွားရေးမူဝါဒအနေနဲ့**

အခြေခံလူတန်းစားအများစု ပါဝင်သော စီးပွားရေးလုပ်ငန်းများအား ဦးစားပေးပါမည်။ အခြေခံအလုပ်သမားများပါဝင်သော အသေးစား တစ်ပိုင်တစ်နိုင်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးဆောင်ရွက်ပါမည်။ အများပိုင်ကုမ္ပဏီများ ပေါ်ပေါက်ရေး ဦးစားပေးပါမည်။

အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုဆောင်ရွက်နိုင်ရန် မူဝါဒနှင့်အညီ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအား ခွင့်ပြုဆောင်ရွက်ပေးပါမည်။ ပညာရေးမူဝါဒအား ဆက်လက်တင်ပြပါမည်။

မသင်မနေစနစ်အား အခြေခံပညာအထက်တန်းအထိ အဆင့်ဆင့်ဆောင်ရွက်ပေးပါမည်။ လုပ်ငန်းခွင်ဝင်ရောက်နိုင်ရန် လူသားအရင်းအမြစ်များ ရရှိရေးအတွက် ခေတ်မီလျော်ညီသော သက်မွေးဝမ်းကျောင်း ပညာရေးမူဝါဒချမှတ်ဆောင်ရွက်ပါမည်။

ပညာရေးအစ၊ ဘာကပညာရေးကျောင်းကဆိုသည့် စကားအရ တိုင်းရင်းသားပြည်သူအများ လေးစားယုံကြည်သည့် ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများ ဖွင့်လှစ်နိုင်ရေး ဦးစားပေးဆောင်ရွက်ပါမည်။ ကျန်းမာရေးမူဝါဒအား ဆက်လက်တင်ပြပေးပါမည်။

လက်ရှိနိုင်ငံတစ်ဝန်းရှိ ဆေးရုံ/ဆေးခန်းများအား နိုင်ငံတကာနှင့် ယှဉ်နိုင်စေရန် ခေတ်မီကိရိယာများ တပ်ဆင်ခြင်းအား ဦးစားပေးပါမည်။ သက်ကြီးရွယ်အိုအားလုံးအား ဆေးဝါးအခမဲ့ကုသခြင်းနှင့် ကျန်းမာရေးစောင့်ရှောက်ပေးသော ဂေဟာများ ဖွင့်လှစ်တည်ထောင်ပေးပါမည်။

ကလေးမွေးဖွားစဉ် သေဆုံးမှုလျော့ချရေးနှင့် အသိပညာပေးမှုများအား လုပ်ငန်းစဉ် တစ်ရပ်အဖြစ် မဖြစ်မနေ ဆောင်ရွက်ပေးသွားပါမည်။ တိုင်းပြည်၏ အခြေခံဒေသများဖြစ်သော မြို့များနှင့် ဝေးကွာသည့် နေရာဒေသများ၊ တောင်ပေါ်ဒေသများတွင် ကျေးရွာအုပ်စုအလိုက် တိုက်နယ်ဆေးရုံတစ်ရုံစီနှင့် ကျန်ကျေးရွာများတွင် ဆေးပေးခန်း/ သားဖွားခန်းများအား ဖွင့်လှစ်နိုင်ရေး အထူးဦးစားပေးဆောင်ရွက်သွားပါမည်။

လူမှုရေးမူဝါဒအား ဆက်လက်တင်ပြပါမည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အတွင်းရှိ ပြည်သူများ ယုံကြည်ကိုးကွယ်ရာဖြစ်သော ဗုဒ္ဓဘာသာ၊ မွတ်ဆလင်ဘာသာ၊ ခရစ်ယာန်ဘာသာ၊ ဟိန္ဒူဘာသာတို့အပြင် အခြားမိမိယုံကြည်ရာကိုးကွယ်မှုများကို လွတ်လပ်စွာ ကိုးကွယ်နေမှုအား ဆက်လက်၍ ကူညီပံ့ပိုးပေးသွားပါမည်။ အသင်း/အဖွဲ့များအား ဥပဒေနှင့်အညီ လွတ်လပ်စွာ ဖွဲ့စည်းတည်ထောင်နိုင်ရေး ဆောင်ရွက်ပေးပါမည်။ နိုင်ငံသားတိုင်းရရှိမည့် တန်းတူအခွင့်အရေးရရှိမှုများအား တိုးတက်နိုင်သမျှ တိုးတက်စေရေး ဦးစားပေးပါမည်။

နိုင်ငံရေးမူဝါဒအား ဆက်လက်တင်ပြပါမည်။ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြင့် စည်းလုံးညီညွတ်သော ဖက်ဒရယ်ပြည်ထောင်စု ဖော်ဆောင်ရေးကို ဦးစားပေးဆောင်ရွက်ပါမည်။ ဖက်ဒရယ်ပြည်ထောင်စု၏ အဓိကအစိတ်အပိုင်းများဖြစ်သော တိုင်း/ပြည်နယ်များ အာဏာခွဲဝေမှုနှင့် လုပ်ပိုင်ခွင့် အခွင့်အလမ်းများ၊ ခွင့်တူညီမျှရေးအတွက် ဦးစားပေးတောင်းဆိုသွားပါမည်။

**မဲဆန္ဒရှင် မိဘပြည်သူများရှင်**

ကျွန်မတို့ပါတီဟာ အခြေခံလူတန်းစားဖြစ်တဲ့၊ တောင်သူလယ်သမား၊ အလုပ်သမားများ အများဆုံးနေထိုင်ရာမြို့နယ်မှာ ဖွဲ့စည်းတည်ထောင်ထားတဲ့ ပါတီဖြစ်ပါတယ်။ ဒါ့ကြောင့် လယ်သမားများရဲ့ အခွင့်အရေးများကို မဆုံးရှုံးစေရန် အဓိကထား ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ လယ်သမားများရဲ့ လယ်ယာမြေများအား မှန်ကန်စွာ ပြန်လည်ရရှိရေး ဖြစ်ပေါ်စေရန် ညှိနှိုင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း တင်ပြလိုပါတယ်။ ယခု ကျွန်မတို့ပါတီ အခြေစိုက်ရာဒေသသည် စက်ရုံပေါ်များပြီး အလုပ်သမားထုများ များပြားစွာလုပ်ကိုင်လျက်ရှိပါတယ်။ အနယ်နယ်အရပ်ရပ်မှ လာရောက်အလုပ်လုပ်ကိုင်နေကြသော ညီအစ်ကိုမောင်နှမများအား ၎င်းတို့၏ အခက်အခဲများကို အဓိကထား ဦးစားပေးညှိနှိုင်းဖော်ဆောင်ပေးသွားပါမယ်လို့ ကတိပြုပါတယ်။ ရသင့်ရထိုက်သည်များကို အမှန်တကယ်ရရှိရေး အထူးဆောင်ရွက်ပေးသွားပါမယ်လို့ ကတိပေးအပ်ပါတယ်။

**မဲဆန္ဒရှင်မိဘပြည်သူများရှင်**

အထက်ကဖော်ပြခဲ့တဲ့ ကျွန်မတို့ပါတီရဲ့မူဝါဒများကို မိဘပြည်သူများအား တင်ပြဆွေးနွေးခြင်းသည် ယခုကျင်းပမယ့် အထွေထွေရွေးကောက်ပွဲကြီးမှာ ကိုယ်စားလှယ်များ ရွေးချယ်ရာတွင် အတွေးများပြီး အရွေးမမှားစေဖို့ တင်ပြခြင်းဖြစ်ပါတယ်။ ကျွန်မတို့ပါတီဟာ ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ–၇ အရ နိုင်ငံတော်သည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည်ဟု ဖော်ပြချက်အား အပြည့်အဝထောက်ခံပြီး ရွေးကောက်ပွဲဝင်ခဲ့ခြင်း ဖြစ်ပါတယ်။ ကျွန်မတို့ပြည်သူအားလုံး လိုလားသော ဒီမိုကရေစီစနစ်ကို တစ်သင်း/တစ်ဖွဲ့/ တစ်ပါတီတည်းမသွားဘဲ ပါတီစုံကို အခြေခံသွားခြင်းဖြစ်ကြောင်း မှန်ကန်သောလမ်းကြောင်းအဖြစ် မှတ်ယူပါတယ်။

**မိဘပြည်သူများရှင်**

ကျွန်မတို့ပါတီဟာ အမှီအခိုကင်းပြီး အရောင်ဖြူစင်တဲ့အတွက် ဘယ်ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ နောက်ကလိုက်နေရတဲ့ နောက်လိုက်တွေ မဟုတ်ပါဘူး။ ကျွန်မတို့ ပါတီဝင်အားလုံးဟာ ဒီမြေမှာမွေး၊ ဒီမြေမှာကြီး၊ ဒီရေကို အတူသောက်ခဲ့တဲ့ ညီရင်းမောင်နှမတွေပါ။ ကျွန်မတို့ ကိုယ့်အိမ်၊ ကိုယ့်နိုင်ငံကိုပစ်ပြီး ဘယ်မှမသွားခဲ့ကြဘဲ ဒီတိုင်းပြည်အပေါ်မှာ သံယောဇဉ်ရှိစွာ နေခဲ့ကြတာပါ။ ယနေ့ မဲပေးမယ့် မိဘပြည်သူများဟာ ဒီနိုင်ငံမှာမွေးရာကစ သေဆုံးသည့်တိုင် နေထိုင်လျက်ရှိကြတဲ့အတွက် စိတ်ထားမြင့်မြတ်တဲ့ မြန်မာလူမျိုးများဖြစ်ကြောင်း တင်ပြလိုပါတယ်။

သေအတူ ရှင်မကွာ ဒီနိုင်ငံရဲ့ ခေတ်အဆက်ဆက် တွေ့ကြုံခဲ့ရတဲ့ အခက်အခဲတွေကို ယခုလို ဖော်ဆောင်ခွင့်ရတဲ့အချိန်မှာ မြန်မာနိုင်ငံသား စိတ်ဓာတ်အပြည့်နဲ့ ထမ်းဆောင်ချင်ပါတယ်။ အပေါ်ယံသဘောနဲ့ ပြောဆိုမှုများကို ရှုတ်ချပြီး မှန်ကန်စွာပြောဆိုတဲ့ အခြားပါတီတွေကို မဲပေးကြပါ။ အရွေးမမှားစေပါနဲ့။ ကိုယ့်တိုင်းပြည်ကို နှံ့ထဲအကျမခံပါနဲ့လို့ တင်ပြချင်ပါတယ်။



နိဂုံးချုပ်အနေနဲ့ ရွေးကောက်ပွဲဝင်ရောက်မယ့် ကျွန်မတို့ပါတီကိုယ်စားလှယ်လောင်းများရဲ့ အရောင်ကင်း အစင်းဖြူတဲ့ ဒေါင်းဖြူကို ကြယ်(၁၄)လုံး ဝန်းရံထားသော ကျွန်မတို့ပါတီရဲ့ သင်္ကေတဘေးမှာ အမှန်တံဆိပ်ခတ်နှိပ်ပေးရင်း ရှင်လန်းတက်ကြွစွာ မဲပေးကြပါ။ ကျွန်မတို့ပါတီအနေဖြင့် အပြောကောင်းခြင်းမဟုတ်ဘဲ အကောင်းပြောခြင်းသာဖြစ်ကြောင်း လေးစားစွာ တင်ပြအစီရင်ခံအပ်ပါသည်ရှင်။

ကျွန်မတို့ပါတီရဲ့ ဆောင်ပုဒ်ကတော့–
လူ့အခွင့်အရေးနဲ့ ဒီမိုကရေစီ၊
စဉ်ဆက်မပြတ် ပြည်သူ့အတွက်၊
အားသွန်ခွန်စိုက်ထမ်းရွက်ကာ၊
ပြည်သူချစ်တဲ့ဒေါင်းဖြူပါ။ ဖြစ်ပါတယ်။

မဲဆန္ဒရှင်မိဘပြည်သူများ ရွှင်လန်းချမ်းမြေ့စေကြောင်း ဂါရဝပြု နှုတ်ခွန်းဆက်သလိုက်ပါတယ်ရှင်။

## သာယာပါစေ တို့အမိမြေ

တေးရေး/တေးဆို –စောကြီး

V1 သမိုင်းတစ်ခေတ် ဆန်းသစ်လို့လာပြီ .. ဒီမိုကရေစီနိုင်ငံသစ်သို့ချီ...
ကျောင်းသားများရဲ့ အားမာန်နဲ့ ... ဒီပါတီကို တည်ထောင်ခဲ့ကြပြီ ...
ဖွဲ့လုံ့လ ဝီရိယ အားမာန်နဲ့ ... ပြည်သူ့အကျိုးကို မျှော်ကိုးလို့ရယ် ...
ဘယ်နေရာမဆို အရှေ့က မားမားမတ်ရပ်တည် . . . ပျော်ရွှင်ဖွယ်ရာ နိုင်ငံသစ်သို့ချီ...

V2 မြန်မာသမိုင်းရဲ့ ခရီးလမ်းတစ်လျှောက်မှာလည်း ... ပြည်သူ့အကျိုးပြုလုပ်ငန်းများကို ...
ကျောင်းသားများက ဦးဆောင်ပြီး ... အသက်ပေးကာ တာဝန်ထမ်းခဲ့သည် ...
အားလုံးရဲ့ ဘဝအေးချမ်းဖို့ ... နိုင်ရာတာဝန်ကိုယ်စီထမ်းကြပြီ...
ညီညွတ်ခြင်းနဲ့ စည်းလုံးခြင်းအားမာန် ... ဒီမိုကရေစီကိုလေ ဖော်ဆောင်ပြီ...

CHO ပြည်ထောင်စုမပြိုကွဲရေး . . .
တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ...
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ...
စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော .. ဒီမိုကရေစီထွန်ကားရေး ...
လွတ်လပ်ခြင်း တရားမျှတခြင်းနဲ့အတူ လောကပါလတရားများ ထွန်းကားရေးအတွက်ဦးတည်ပါမည်။

V3 ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ ... ပြည်သူ့အကျိုးကို ထာဝရထမ်းရွက်မည် ...
လူ့အခွင့်အရေးအပြည့်အဝရစေမည် . . . သန္နိဋ္ဌာန်ကေန်ချမှတ်ပြီ ...
ပြည်သူ့အရေးနဲ့ အခြားအရေးများပါမကျန် ... ဘာသာရေးနဲ့ သာသနာရေးများအတွက် ...
အတူလက်တွဲကာ ကြိုးစားခရီးဆက်မယ် ... သာယာပါစေ တို့မိမြေ...

CHO (ပြည်ထောင်စုမပြိုကွဲရေး ...
တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ...
အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး ...
စစ်မှန်ပြီး စည်ကမ်းပြည့်ဝသော . . ဒီမိုကရေစီထွန်းကားရေး ...
လွတ်လပ်ခြင်း တရားမျှတခြင်းနဲ့အတူ .. လောကပါလတရားများ ထွန်းကားရေးအတွက် ဦးတည်ပါမည်။)၂

တို့ရဲ့ မြန်မာပြည် ကြီးပွားတိုးတက်ရေးအတွက် .. အစဉ်ကြိုးစားနေမည် ...

**ပြည်သူ့ဆန္ဒနှင့်အညီ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲဆီသို့ . . .**

## ကမ္ဘောဇဘဏ်က ရခိုင်ပြည်နယ် ကျောက်တော်မြို့သို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ပေးပို့လှူဒါန်း

**ကျောက်တော် အောက်တိုဘာ ၅**

ကမ္ဘောဇဘဏ်သည် ရခိုင်ပြည်နယ် ကျောက်တော်မြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးသို့ ယနေ့ နံနက်ပိုင်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများကို ပေးအပ်လှူဒါန်းသည်။

အခမ်းအနားတွင် ကမ္ဘောဇဘဏ် (ကျောက်တော်ဘဏ်ခွဲ) တာဝန်ခံ ဒုတိယမန်နေဂျာ ဦးဇော်လင်းထွန်းနှင့် ဝန်ထမ်းများက ပိုးတွေ့လူနာများနှင့် ၎င်းတို့အား ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသည့် ဝန်ထမ်းများအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအထောက်အကူပြုပစ္စည်းများဖြစ်သည့် ဆေးရုံသုံး နှာခေါင်းစည်း အခု ၁၀၀၀၀၊ ခေါင်းစွပ် ၅၀၀၊ လက်အိတ် ၁၀၀၀၊ မျက်နှာအကာ ၂၀၀၊ လက်သန့်ဆေးရည် ဘူးကြီး ၂၀၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၃၀၊ မျက်မှန် ၃၀ နှင့် ဆေးရုံကြီးအတွက် ကိုဗစ်-၁၉ ရောဂါဖြစ်ပွားနေချိန်ကာလ အထွေထွေအသုံးပြုနိုင်ရန် ငွေကျပ်သိန်း ၅၀ တို့ကို ဆေးရုံ အစည်းအဝေးခန်းမတွင် ပေးအပ်လှူဒါန်းရာ ကျောက်တော်မြို့နယ် ကျန်းမာရေး ဦးစီးဌာနမှူး ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာသန်းထွန်းဦးနှင့် ဆရာဝန်၊ သူနာပြုများက လက်ခံရယူကြပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သိရသည်။

ကိုကျော်





## နေပြည်တော်ကောင်စီသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများနှင့် အလှူငွေများ လာရောက်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၅**

နေပြည်တော်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးသုံးပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားကို ယနေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ကောင်စီရုံး ညှိနှိုင်းခန်းမ ၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်၊ နေပြည်တော်ကောင်စီဝင် ဗိုလ်မှူးကြီးမင်းနောင်နှင့် ဦးတင်ထွန်း၊ နေပြည်တော်ကောင်စီ အတွင်းရေးမှူး ဦးခင်မောင်လေး၊ နေပြည်တော်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြတ်ဝဏ္ဏစိုးနှင့် တာဝန်ရှိသူများ တက်ရောက်သည်။

လှူဒါန်းပွဲတွင် မြန်မာ့သြဘာလုပ်ငန်းစုမှ အလှူငွေကျပ် ၁၀ သိန်း၊ နှာခေါင်းစည်း အခု ၄၀၀ နှင့် ဟိုက်ပိုကလိုရိုက်ပိုးသတ်ဆေးရည်ဘူး ၅၀ တို့ကို လည်းကောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဆရာ ဆရာမများ အဖွဲ့ချုပ် (ပျဉ်းမနား)မှ အလှူငွေကျပ် ၁၅ သိန်းကို လည်းကောင်း သက်ဆိုင်ရာတာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမျိုးအောင်နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# အားလုံးရဲ့ ကြိုးစားအားထုတ်မှုတွေကို ဒီအချိန်မှာ နှစ်ဆတိုးပြီး လုပ်မှသာလျှင် ကိုဗစ်ကို နှစ်ဆတိုးပြီး အနိုင်ရရှိမှာ ဖြစ်ပါတယ်

**ပါမောက္ခ ဒေါက်တာဇော်ဝေစိုး**

**ရန်ကုန်တိုင်းဒေသကြီးအတွင်း ကိုဗစ် – ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်းပြီး ရန်ကုန်တိုင်းဒေသကြီး ကိုဗစ် – ၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးအတွက် ပေါင်းစပ်ညှိနှိုင်းရေးကော်မတီ ဒုတိယဥက္ကဋ္ဌ (၁)၊ ဆေးတက္ကသိုလ် – ၁ (ရန်ကုန်) ပါမောက္ခချုပ် ပါမောက္ခဒေါက်တာဇော်ဝေစိုးနှင့် မြန်မာ့ရုပ်မြင်သံကြား မှ သတင်းအဖွဲ့က အောက်တိုဘာ ၄ ရက်တွင် ဆက်သွယ်မေးမြန်းထားသည်များကို ပြန်လည်ဖော်ပြလိုက်ပါသည် –**

**ပါမောက္ခ ဒေါက်တာဇော်ဝေစိုး**
**[ပါမောက္ခချုပ်၊ ဆေးတက္ကသိုလ် – ၁ (ရန်ကုန်)]**

ကျွန်တော်တို့ ရန်ကုန်မှာ ကိုဗစ်အခြေအနေက ၆၇၄ ဦးရှိပါတယ်။ ယခင်ရက်တွေနဲ့စာရင် ဒါ လျော့ကျလာတာ ဖြစ်ပါတယ်။ ကျွန်တော်တို့ စစ်ဆေးမှုတွေများပေမယ့် အရေအတွက်က တက်မလာဘူး၊ လျော့ကျလာတယ်ဆိုတာ အခြေအနေကောင်းတယ်လို့ ကျွန်တော့်အနေနဲ့ ယူဆပါတယ်။ ဒါပေမယ့် သေချာပေါက်တော့ ပြောလို့မရသေးပါဘူး။

မြန်မာတစ်ပြည်လုံးမှာ စစ်ဆေးမှုတွေ ၈၁၉၅ ဦး စစ်ဆေးပြီး ၉၇၀ ကျော် ကျွန်တော်တို့ ရခဲ့တယ်။ ဒီထဲမှာ ရန်ကုန်တိုင်းက ၆၇၄ ဦးရှိပါတယ်။ ကျွန်တော်တို့ အခြေအနေ တိုးတက်လာတယ်၊ ကောင်းလာတယ်လို့ ယူဆလို့ရပါတယ်။

### ပြည်သူတစ်ရပ်လုံး စည်းကမ်းလိုက်နာခဲ့

ဒါဟာ ကျွန်တော်တို့ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ခဲ့ကြလို့ ဖြစ်ပါတယ်။ ပြည်သူတစ်ရပ်လုံးက ပူးပေါင်းပါဝင်ပြီးတော့ စည်းကမ်းတွေ လိုက်နာခဲ့ကြတယ်။ လိုအပ်တဲ့နေရာတွေမှာ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးကြတယ်။ ဒီဟာအားလုံးကိုလည်း ကျေးဇူးတင်ဖို့ ကောင်းပါတယ်။ ဦးစီးဦးဆောင်ပြုတဲ့ နိုင်ငံတော်နဲ့၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့နဲ့ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနကိုလည်း အထူးကျေးဇူးတင်ပါတယ်။

ပြည်သူလူထုပါဝင်မှုဟာ တကယ့်ကို အားရဖို့ကောင်းပါတယ်။ ကျွန်တော်တွေ့ခဲ့တဲ့ ဥပမာတစ်ခုကို ပြောပြပါမယ်။ မုန့်ဖက်ထုပ်ရောင်းတဲ့သူက ကိုဗစ်စင်တာကို မုန့်ဖက်ထုပ်လှူပါတယ်။ ဒီလိုမျိုးပါဝင်မှုက တကယ်တော့ ပြည်သူလူထုကို အလွန်ကို ချီးကျူးဖို့၊ ဂုဏ်ယူဖို့ ကောင်းပါတယ်။ အားရဖို့ ကောင်းပါတယ်။ ဒါကျွန်တော် ဥပမာတစ်ခု ပြောတာပါ။ လုပ်အား တတ်နိုင်တဲ့သူက လုပ်အားနဲ့ ကူညီတယ်။ ငွေကြေးတတ်နိုင်တဲ့သူက ငွေကြေးနဲ့ ကူညီတယ်။ စိတ်ဓာတ်ပိုင်းဆိုင်ရာ တတ်နိုင်သူက စိတ်ဓာတ်ပိုင်းဆိုင်ရာနဲ့ ကူညီပြီးတော့၊ ကျွန်တော်တို့ရဲ့ COVID Medical Centre တွေမှာပါဝင်မှုက တကယ့်ကို အံ့မခန်း အံ့သြလောက်ပါတယ်။ ဒါကြောင့် ပြည်သူလူထုကို ကျွန်တော် အထူးကျေးဇူးတင်ပါတယ်။ ဒါကို ဆက်ပြီးထိန်းထားဖို့လိုပါတယ်။

### အပြီးတိုက်ထုတ်နိုင်မယ်

ယခုလိုမျိုး ပူးပေါင်းပါဝင်မှုတွေ တစ်ဦးချင်း၊ တစ်ဦးချင်း၊ တစ်ယောက်ချင်း၊ တစ်ယောက်ချင်းစီရဲ့ ပါဝင်မှုတွေကို ဆက်ပြီး ထိန်းထားနိုင်မယ်ဆိုရင် ဒီကိုဗစ် – ၁၉ ကို ကျော်လွှားအနိုင်ယူနိုင်မယ်လို့ ထင်ပါတယ်။ ရန်ကုန်ကနေ၊ မြန်မာပြည်ကနေ အပြီးတိုင် တိုက်ထုတ်နိုင်မယ်လို့ မြင်ပါတယ်။ ဒါဟာ လမ်းစပေါ်ကို ရောက်နေပြီလို့ မြင်ပါတယ်။

ရန်ကုန်အနေနဲ့ဆိုရင် ယခင်တုန်းက နောက်ကနေ လိုက်ခဲ့ရပါတယ်။ လူနာတွေက Positive ဖြစ်တဲ့ ပိုးတွေ့

**ပြုစုကုသမှုအနေနဲ့ ပြောမယ်ဆိုရင် ယခင်တုန်းက ဆေးရုံအသစ်တစ်ခု အသားမကျခင်မှာ လူနာတွေကို ကုသခဲ့ရတာဖြစ်တဲ့အတွက် အကြောင်းအမျိုးမျိုးနဲ့ လိုအပ်ချက်တွေ ရှိနိုင်ပါတယ်။ ယခုအခါမှာတော့ ကိုဗစ်စင်တာတွေဟာ အသားကျလာပါတယ်။ ကိုဗစ်စင်တာတွေမှာ အလုပ်လုပ်နေတဲ့ ဆရာဝန်၊ ဆရာမ၊ ဝန်ထမ်း၊ စေတနာ့ဝန်ထမ်းတွေ အားလုံးက သူ့နေရာနဲ့သူ၊ သူ့ရဲ့ အလုပ်နဲ့သူ ပုံမှန်လည်ပတ် ဆောင်ရွက်နိုင်ပြီးတော့ အသားတကျ၊ စနစ်တကျနဲ့ အရည်အသွေးရှိရှိ ဆောင်ရွက်လာနိုင်တဲ့အတွက် ပြုစုကုသမှုတွေဟာလည်း ပိုမိုပြီးကောင်းမွန်လာပါတယ်။**

လူနာတွေက ထွက်လာတယ်၊ များလာတယ်၊ သူတို့ကိုကုသဖို့အတွက် စင်တာတွေကို တစ်ခုပြီး တစ်ခု တိုးပြီးဆောက်ပြီးတော့ သူတို့ကို ထားဖို့အတွက်၊ သူတို့ကို ကုသဖို့အတွက်၊ စောင့်ရှောက်ဖို့အတွက် နေရာတွေ၊ ခုတင်တွေ ရှာရပါတယ်။ ကျွန်တော်တို့က နောက်က လိုက်ခဲ့ရတယ်။ ယခုကျွန်တော်တို့ ရှေ့မှာ ရှိနေပါပြီ။ ယခုလူနာတိုင်းကို နေရာပေးပြီး ကုသပေးနိုင်တဲ့အပြင် ယခုအချိန်မှာ လူနာတွေအတွက် ခုတင်လွတ်တွေ ရှိနေပါတယ်။ နေရာလွတ်တွေ ရှိနေပါတယ်။

အင်အားတွေလည်း ရှိနေပါတယ်။ ဒါကြောင့် ဒီနေ့ဆိုရင် အားလုံးကို စနစ်တကျ အသေအချာ ပြုစုစောင့်ရှောက်နိုင်တဲ့ အနေအထားတွေ ဖြစ်လာပါတယ်။

ပြုစုကုသမှုအနေနဲ့ ပြောမယ်ဆိုရင် ယခင်တုန်းက ဆေးရုံအသစ်တစ်ခု အသားမကျခင်မှာ လူနာတွေကို ကုသခဲ့ရတာဖြစ်တဲ့အတွက် အကြောင်းအမျိုးမျိုးနဲ့ လိုအပ်ချက်တွေ ရှိနိုင်ပါတယ်။ ယခုအခါမှာတော့ ကိုဗစ်စင်တာတွေဟာ အသားကျလာပါတယ်။ ကိုဗစ်စင်တာတွေမှာ အလုပ်လုပ်နေတဲ့ ဆရာဝန်၊ ဆရာမ၊ ဝန်ထမ်း၊ စေတနာ့ဝန်ထမ်းတွေ အားလုံးက သူ့နေရာနဲ့သူ၊ သူ့ရဲ့ အလုပ်နဲ့သူ ပုံမှန်လည်ပတ် ဆောင်ရွက်နိုင်ပြီးတော့ အသားတကျ၊ စနစ်တကျနဲ့ အရည်အသွေးရှိရှိ ဆောင်ရွက်လာနိုင်တဲ့အတွက် ပြုစုကုသမှုတွေဟာလည်း ပိုမိုပြီးကောင်းမွန်လာပါတယ်။

ဒါကြောင့်လည်း အားလုံးမြင်တဲ့အတိုင်းပဲ သေဆုံးနှုန်းကအစ ကျလာတာဖြစ်ပါတယ်။ ယခင်ကနဲ့စာရင် အရေအတွက်တွေ လျော့နည်းလာပြီး Case Fatality Rate က ပြန်လည်ပြီးတော့ လျော့ကျပြီး ကောင်းမွန်လာတာ ဖြစ်ပါတယ်။ ဒါတွေဟာ ကျွန်တော်တို့ အသာစီးရ၊ အပေါ်ကရ၊ အနိုင်ရရှိလာတဲ့ လမ်းစလို့ ထင်ပါတယ်။ ဒါပေမယ့် ဒါကို ထင်ပါတယ်လို့ပဲ ပြောပါသေးတယ်။ ဒါကို ပိုင်နေနိုင်ပြီလို့ မပြောပါဘူး။

### ထက်လျှို

အားလုံးရဲ့ ကြိုးစားအားထုတ်မှုတွေကို ဒီအချိန်မှာ နှစ်ဆတိုးပြီးတော့ လုပ်မှသာလျှင် ကိုဗစ်ကို နှစ်ဆတိုးပြီး အနိုင်ရရှိမှာ ဖြစ်ပါတယ်။ ဒါကြောင့် အဲဒါဟာ အားလုံးဆောင်ရွက်ရမယ့်၊ တစ်ဦးချင်း၊ တစ်ယောက်ချင်းရဲ့ အခန်းကဏ္ဍအလိုက် ဆောင်ရွက်ရမယ့်ကိစ္စ ဖြစ်ပါတယ်။ ဒါကြောင့် အားမလျှော့လိုက်ပါနဲ့၊ ဆက်လက်ပြီးတော့ အားအင်အပြည့်နဲ့ ဆက်လက်ပြီး တွန်းလှန်တိုက်ခိုက်ပေးကြပါလို့ အားလုံးကို ဒီနေရာကနေပြီး ပန်ကြားလိုပါတယ်။

### ဆက်လက်တိုက်ခိုက်ပေးကြပါ

ဒ့ါအပြင် ကျန်းမာရေးနဲ့ စောင့်ရှောက်မှုပေးနေတဲ့ သူတွေအားလုံး ဆရာဝန်၊ ဆရာမ၊ သူနာပြုမှအစ စေတနာ့ဝန်ထမ်းများအားလုံးကိုလည်းပဲ အထူးကျေးဇူးတင်ပါတယ်။ အထူးပဲ ဒီနေရာကနေပြီးတော့ ဂုဏ်ယူပြီး အလေးပြုပါတယ်။ ဆက်လက်ပြီး အားနဲ့၊ အင်နဲ့၊ တောင့်ပြီး၊ တွန်းပြီး ထားကြပါဦး။ ဆက်လက်ပြီး စွန့်လွှတ်ကြပါဦး။ ဆက်လက်ပြီး ဒုက္ခဆင်းရဲခံပြီး ဒါကို တိုက်ခိုက်ပေးကြပါဦး။ ဒီနေရာကနေ အနူးအညွတ်ပန်ကြားအပ်ပါတယ်။

ကျွန်တော်တို့တွေ အောင်နိုင်၊ နိုင်နိုင်မယ့်လမ်းစပေါ်ကို ရောက်လာပါပြီလို့ မြင်ပါတယ်။ ယခုလိုမျိုး ကိုဗစ်နဲ့ပတ်သက်ပြီး ယခုလိုအချိန်အခါမျိုးမှာ အားလုံး စုစုစည်းစည်း ညီညီညွတ်ညွတ် နဲ့၊ အားလုံးပါဝင်ပြီးတော့ ယခုလိုမျိုး ဆောင်ရွက်တာဟာ တိုင်းပြည်အတွက် ကျွန်တော်ထင်ပါတယ်။ ယခင်တုန်းက ပထမလှိုင်းပေါ့နော်။ ပထမလှိုင်းတုန်းကလည်း ကျွန်တော်တို့ တိုင်းပြည်ဟာ ကမ္ဘာပေါ်မှာ ထူးထူးခြားခြား အောင်မြင်ခဲ့တဲ့ တိုင်းပြည်ဖြစ်သလို၊ ယခုလို ဒုတိယလှိုင်းမှာလည်း ထူးထူးခြားခြား အောင်မြင်မယ့် တိုင်းပြည်တစ်ခုဖြစ်ဖို့ အတွက် ဝိုင်းဝန်းပြီးတော့ တိုင်းပြည်ရဲ့ သိက္ခာ၊ ဂုဏ်ကို ကမ္ဘာ့အလယ်မှာ ရပ်တည်နိုင်အောင် ဝိုင်းဝန်းပေးကြပါလို့ ဒီနေရာကနေ အနူးအညွတ် မေတ္တာရပ်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးပစ္စည်းများ ပေးအပ်လှူဒါန်း



**ရန်ကုန် အောက်တိုဘာ ၅**
ရန်ကုန်တိုင်းဒေသကြီးအစိုးရ ကိုဗစ်-၁၉ ကာကွယ်ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီမှ တိုင်းဒေသကြီးအတွင်းရှိ ဖျားနာကုဆေးခန်းများသို့ အရေးပေါ်လိုအပ်နေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးပစ္စည်းများကို သွားရောက်ပေးအပ်လှူဒါန်းပေးလျက်ရှိကြောင်း သိရသည်။

ယမန်နေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းသည် သာကေတမြို့နယ် အားကစားကွင်းရှိ ဖျားနာကုဆေးခန်း (Fever Clinic) သို့ သွားရောက်၍ လိုအပ်သည့် အထောက်အကူပြု ပစ္စည်းများဖြစ်သော တစ်ကိုယ်ရေသုံး ကာကွယ်ရေးဝတ်စုံအစုံ၂၀၊ Cap အခု ၁၀၀၊ လက်အိတ်သုံးဘူး၊ Surgical Mask အခု ၃၀၀၀၊ Apron အခု ၁၀၀ ၊မျက်မှန် ၁၀ခု၊ ဖိနပ် ၁၀ ရံ၊ လက်သန့်ဆေးရည် ၁၀ ဘူးတို့အား သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီးလူမှုရေးဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများနှင့်အတူ Community Based Facility Quarantine Center အဖြစ်ထားရှိသော အထက(၁)စမ်းချောင်း၌ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးက တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၂၉ စုံကိုလှူဒါန်းခဲ့သည်။ ထို့ပြင် အထက(၂)စမ်းချောင်းရှိ Facility Quarantine Centerသို့သွားရောက်ကြည့်ရှု၍ လိုအပ်သည်များကိုညှိနှိုင်းဆောင်ရွက်ခဲ့သည်။

ထို့နောက် ဒလမြို့နယ်သို့ သွားရောက်၍ ကန့်သတ်စောင့်ကြည့်စခန်းများ လည်ပတ်နေမှုများကို သွားရောက်ကြည့်ရှုခဲ့ပြီး ဒလမြို့နယ်ရှိ ကန့်သတ်စောင့်ကြည့်စခန်းများနှင့် ဒလမြို့နယ်ပြည်သူ့ဆေးရုံတွင် လိုအပ်လျက်ရှိသော ဆေးဘက်ဆိုင်ရာပစ္စည်းများနှင့် အခြားသောအထောက်အပံ့ပစ္စည်းများကို ပေးအပ်လှူဒါန်းခဲ့ကြောင်း၊ ဒလမြို့နယ်ပြည်သူ့ဆေးရုံတွင် ကိုဗစ်-၁၉ရောဂါလူနာများအတွက် လိုအပ်နေသော နေရာထိုင်ခင်းကိစ္စရပ်များ၊ ဆေးပစ္စည်းလိုအပ်ချက်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း၊ ဆက်လက်၍ အထက(၁)ဒလမြို့နယ် (ကန့်သတ်စောင့်ကြည့်စခန်း-၁)၊ အထက(၄)ဒလမြို့နယ် (ကန့်သတ်စောင့်ကြည့်စခန်း-၂) နှင့် ပြည်သူ့ဆေးရုံကြီးဝန်ထမ်းအိမ်ရာ (ကန့်သတ်စောင့်ကြည့်စခန်း-၃) တို့အား ကန့်သတ်စောင့်ကြည့်ခံယူမည့်သူများအတွက် လိုအပ်နေသော အစားအသောက်စရိတ်ကိစ္စရပ်များ၊ ခုတင်လိုအပ်နေမှုများကို အဆင်ပြေစေရန် ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကာ စေတနာ့ဝန်ထမ်းအဖြစ် တာဝန်ယူဆောင်ရွက်နေသူများအား ကျေးဇူးတင်စကားပြောကြားခဲ့သည်။

**မြင့်မောင်**

# သာကေတမြို့နယ် ဖျားနာကုအခမဲ့ဆေးခန်း၌ တယ်လီဒေါက်တာအစီအစဉ် တိုးချဲ့ဆောင်ရွက်

**ရန်ကုန် အောက်တိုဘာ ၅**
လက်ရှိတွင် သာကေတဖျားနာကုဆေးခန်းသို့ လာရောက်ပြသသူများပြားလျက်ရှိပြီး ပိုမိုထိရောက်စွာ ဝန်ဆောင်မှု ပေးနိုင်ရန်အတွက် တယ်လီဒေါက်တာ(ဖုန်းမှတစ်ဆင့် ဆရာဝန်များနှင့် တိုက်ရိုက်ဆက်သွယ် မေးမြန်းနိုင်မည့်) အစီအစဉ်ကို တိုးချဲ့ဆောင်ရွက်လျက်ရှိကြောင်း အဆိုပါဆေးခန်းမှ သိရသည်။

အဆိုပါ အစီအစဉ်ကို နေ့စဉ် နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအထိ တာဝန်ကျ ဆရာ ဆရာမများက ဝန်ဆောင်မှုပေးသွားမည်ဖြစ်ပြီး ပြည်သူများ အနေဖြင့် ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ သိလိုသည်များကို ဖုန်းမှတစ်ဆင့် ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

ပြည်သူများ မေးမြန်းမှုကို နေ့အလိုက် တာဝန်ယူဖြေကြားပေးမည့် စေတနာ့ဝန်ထမ်း ဆရာ၊ဆရာမများမှာ တနင်္လာနေ့တွင် ဒေါက်တာခိုင်ဝါလွင် ဖုန်း-၀၉-၉၆၁၈၄၂၆၈၃၊ အင်္ဂါနေ့တွင် ဒေါက်တာမြတ်သူအောင်ဖုန်း- ၀၉-၉၇၇၂၁၇၉၉၆၊ ဗုဒ္ဓဟူးနေ့တွင် ဒေါက်တာခင်မြင့်ကြူ ဖုန်း-၀၉-၇၅၉၇၀၇၃၂၇၊ ကြာသပတေးနေ့တွင် ဒေါက်တာကောင်းပြည့်စုံသင်း ဖုန်း-၀၉-၇၇၂၇၁၄၉၉၆၊ သောကြာနေ့တွင် ဒေါက်တာအောင်ခိုင် ဖုန်း-၀၉-၇၅၁၂၉၆၇၉၅၊ စနေနေ့တွင် ဒေါက်တာခင်မျိုးညွန့် ဖုန်း-၀၉-၇၇၉၃၀၉၅၁၅၊ တနင်္ဂနွေနေ့တွင် ဒေါက်တာသိဂီစန်း ဖုန်း-၀၉-၉၇၇၀၇၃၃၇၃တို့သို့ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ သိလိုသည်များကို ဆက်သွယ်မေးမြန်းနိုင်မည်ဖြစ်သည်။

အဆိုပါ အစီအစဉ်သည် စေတနာ့ဝန်ထမ်း ဆရာ၊ဆရာမများ၏လုပ်အားကို ချေတာသောအားဖြင့် သတ်မှတ်ထားသော အချိန်အတွင်းသာ ဆက်သွယ်ရန်နှင့် အခြား မသက်ဆိုင်သော အကြောင်းအရာများကို မေးမြန်းခြင်းများ မပြုလုပ်ကြရန် အထူးမေတ္တာရပ်ခံထားကြောင်း သိရသည်။

သာကေတမြို့နယ် ဖျားနာကုအခမဲ့ဆေးခန်းကိုသာကေတမြို့နယ်ဘောလုံးကွင်း(စာတိုက်မှတ်တိုင်အနီး) အပတ်စဉ် အင်္ဂါ၊ ကြာသပတေးနှင့် စနေနေ့များတွင် နံနက် ၉ နာရီမှ ၁၁ နာရီထိ ဖွင့်လှစ်လျက်ရှိသည်။

**အေးမင်းသူ**

# အသက် ၈၀ မှ ၈၅ နှစ်အတွင်း သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေများပေးအပ်

**အောင်လံ**
မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ အသက်၈၀နှစ်မှ ၈၅နှစ်ကြား သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ငွေများကို အောက်တိုဘာ ၅ ရက် နံနက် ၁၀ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမတွင် ပေးအပ်ခဲ့ကြောင်း သိရသည်။

ထိုသို့ပေးအပ်ရာတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းသန်းက သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေးစာရေးဝန်ထမ်းများထံ လွှဲပြောင်းပေးအပ်ပြီး တာဝန်ရှိသူများမှ အောင်လံမြို့နယ်အတွင်းရှိ ရပ်ကွက် ကိုးရပ်ကွက်၊ ကျေးရွာအုပ်စု ၉၁ အုပ်စု မှ အသက် ၈၀ နှစ်မှ ၈၅ နှစ်ကြား သက်ကြီးဘိုးဘွား ၁၆၆၅ ဦးအတွက် တစ်ဦးလျှင် ကျပ်၃၀၀၀၀ နှုန်းဖြင့် ငွေကျပ် ၄၉၉၅၀၀၀၀ ကို အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်ခဲ့သည်။

**မျိုးသိန်း(ပြန်/ဆက်)**

---

**အင်တော**
ရှမ်းပြည်နယ်(တောင်ပိုင်း) အင်တောမြို့ ကျောက်ဂူကျေးရွာအုပ်စုအတွင်း ကိုဗစ်-၁၉ ရောဂါကာလ စားဝတ်နေရေး အဆင်ပြေစေရန် ရည်ရွယ်၍ အသက် ၈၀ မှ ၈၅ နှစ်အကြား သက်ကြီးဘိုးဘွားများအား ထောက်ပံ့ငွေများကို အောက်တိုဘာ ၄ ရက် နံနက်ပိုင်းက ကျေးရွာအုပ်ချုပ်ရေးမှူးရုံးခန်းမ၌ ထောက်ပံ့ပေးအပ်ခဲ့သည်။

ထိုသို့ ထောက်ပံ့ပေးအပ်ရာတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ကိုဗစ်-၁၉ စီးပွားရေးကုစားမှုအစီအစဉ်အရ ဘိုးဘွားတစ်ဦးလျှင် ငွေကျပ် ၃၀၀၀၀နှုန်းဖြင့် ကျောက်ဂူကျေးရွာအုပ်စုအတွင်းရှိ အသက် ၈၀ မှ ၈၅နှစ်အတွင်း သက်ကြီးဘိုးဘွား ၅၉ ဦးအတွက် စုစုပေါင်းငွေကျပ် ၁၇၇၀၀၀၀အား ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးသန်းအောင်၊ ကျေးရွာတာဝန်ခံနှင့် စာရေးဝန်ထမ်းတို့က လက်ဝယ်အရောက် သွားရောက်ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **အောင်ခိုင် (အင်တော)**

---

**လမိုင်း**
မွန်ပြည်နယ် ရေးမြို့နယ် လမိုင်းမြို့ မြို့မ(၁)ရပ်ကွက်အတွင်းရှိ အသက် ၈၀ နှစ်နှင့် ၈၅ နှစ် အကြား သက်ကြီးဘိုးဘွားများအား လူမှုရေးပင်စင်ထောက်ပံ့ငွေများကို အောက်တိုဘာ ၅ ရက် နံနက်ပိုင်းက အိမ်တိုင်ရာရောက် လိုက်လံထောက်ပံ့ပေးအပ်ခဲ့သည်။

အဆိုပါ ထောက်ပံ့ငွေများကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ် စတုတ္ထသုံးလပတ် ဖြစ်သည့် (ဇူလိုင်လ၊ ဩဂုတ်လ၊ စက်တင်ဘာလ) အတွက် ဘိုးဘွားတစ်ဦးကို တစ်လလျှင် ငွေကျပ် ၁၀၀၀၀ နှုန်းဖြင့် သုံးလစာငွေကျပ် ၃၀၀၀၀ ကို လမိုင်းမြို့ မြို့မ(၁) ရပ်ကွက်အတွင်းရှိ သက်ကြီးအဘိုးအဘွား ၃၉ ဦးတို့အား မြို့မ(၁)အုပ်ချုပ်ရေးမှူး ဦးသန်းအောင်နှင့် တာဝန်ရှိသူများက အိမ်တိုင်ရာရောက်သွားရောက်ကာ အဘိုးအဘွားများထံသို့ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။ **လမိုင်း(ပြန်/ဆက်)**

# ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ အွန်လိုင်းမှထုတ်လွှင့်

**ငပုတော အောက်တိုဘာ ၅**
ကိုဗစ်-၁၉ရောဂါကူးစက်မှုများဖြစ်ပွားနေသည့်ကာလအတွင်း ငပုတောမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးစာကြည့်တိုက်ကို ယာယီပိတ်ထားစဉ်ကာလအတွင်း စာဖတ်ပရိသတ်များနှင့် ကလေးငယ်များအသိပညာဗဟုသုတများတိုးပွားစေရန်အတွက် အသိပညာပေးလုပ်ငန်းများကို အွန်လိုင်းမှတစ်ဆင့် အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ထုတ်လွှင့်ပေးလျက်ရှိသည်။

အွန်လိုင်းမှတစ်ဆင့်အသိပညာပေးရာတွင် စာဖတ်ပရိသတ် ပြည်သူများနှင့် ကလေးငယ်များအတွက် ပုံပြောခြင်း၊ ကဗျာရွတ်ခြင်း၊ စက္ကူအရုပ်ခေါက်ခြင်း၊ စာအုပ်မိတ်ဆက်ခြင်း၊ စာဖတ်သူအကြိုက်စာပေဆွေးနွေးခြင်းနှင့်Talk Show အစီအစဉ်များကို ငပုတောမြို့နယ်ရုံး ပြည်သူ့စာကြည့်တိုက် Facebook Page မှတစ်ဆင့်ထုတ်လွှင့်ပေးနေသကဲ့သို့ကိုဗစ်-၁၉ရောဂါဆိုင်ရာအသိပေးသတင်းများ၊ ရွေးကောက်ပွဲဆိုင်ရာသတင်းများ၊ ဒေသဆိုင်ရာသတင်းများနှင့် နိုင်ငံတော်၏ ထုတ်ပြန်ချက်အစရှိသည့် သတင်းအချက်အလက်များကိုလည်း IPRD Ngaputaw Facebook Page တွင် နေ့စဉ်ဖော်ပြပေးလျက်ရှိကြောင်း သိရသည်။

**လှမင်းထွဋ်(ပြန်/ဆက်)**

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ဒလမြို့နယ်၌ စောင့်ကြည့်ရေးစင်တာများနှင့် ဆေးရုံမှထွက်ရှိသောအမှိုက်များကို စနစ်တကျမီးရှို့ဖျက်ဆီး

**ရန်ကုန် အောက်တိုဘာ ၅**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်ပေးလျက်ရှိရာ မြို့တွင်းရှိ အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစင်တာများနှင့် ဆေးရုံတို့မှ နေ့စဉ်ထွက်ရှိသော စွန့်ပစ်အမှိုက်များကို ပတ်ဝန်းကျင်အနီးအနားရှိ ပြည်သူများ ရောဂါကူးစက်မှုမရှိစေရေးအတွက် စနစ်တကျထုပ်ပိုး၍ တစ်ရက်ခြားတစ်ကြိမ် သိမ်းဆည်းပေးလျက်ရှိကြောင်း သိရသည်။



ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန ဒလမြို့နယ် တာဝန်ခံ ဦးဇာနည်ထွန်းက “ကျွန်တော်တို့ ကန့်သတ်စောင့်ကြည့်စခန်းနဲ့ ဒလဆေးရုံကြီးတို့ကနေထွက်ရှိလာတဲ့ အမှိုက်တွေကို ဆေးရုံ၊ ဆေးခန်းအမှိုက်သိမ်းယာဉ်နဲ့ တစ်ရက်ခြားတစ်ခါ သွားရောက်ပြီး စနစ်တကျသိမ်းဆည်းပြီးတော့ မီးရှို့ဖျက်ဆီးတယ်၊ တစ်ရက်ခြားကိုအမှိုက်တန်ချိန် နှစ်တန်လောက်ထွက်တယ်၊ အမှိုက်သိမ်းယာဉ်တစ်စီးနဲ့ စီစဉ်ပေးပါတယ်၊ ဝန်ထမ်းတွေကိုလည်း အန္တရာယ်ကင်းအောင် တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံအပြည့် ဝတ်ဆင်ပြီးတော့ စွန့်ပစ် အမှိုက်တွေကိုကိုင်တွယ်ဆောင်ရွက်ပေးတာဖြစ်ပါတယ်”ဟု ပြောသည်။

ဒလမြို့နယ်၌ လက်ရှိအချိန်တွင်အသွားအလာ ကန့်သတ်စောင့်ကြည့်ရေးစင်တာ ၁၄ ခု ဖွင့်လှစ်ဆောင်ရွက်ထားရှိပြီး အဆိုပါစင်တာများမှ ထွက်ရှိသည့်စွန့်ပစ်အမှိုက်များကို တစ်ရက်ခြားတစ်ခါ သိမ်းဆည်းပြီး ဒလသုသာန်၌ မီးရှို့ဖျက်ဆီးပေးလျက်ရှိကြောင်း သိရသည်။ **နိုင်လင်းကျော်(ဒလ)**



# ချင်းရွှေဟော်မြို့မှ နေရပ်ပြန်ပြည်သူ သုံးဦးအား သက်ဆိုင်ရာဒေသများသို့ ထပ်မံလွှဲပြောင်းပို့ဆောင်

**ချင်းရွှေဟော် အောက်တိုဘာ ၅**

ချင်းရွှေဟော်မြို့ရှိမြန်မာ-တရုတ် နှစ်နိုင်ငံနယ်စပ်ဂိတ်ပေါက်မှ ဝင်ရောက်လာသည့် နေရပ်ပြန်ပြည်သူများအား ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီက ၎င်းတို့၏ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ ပြန်လည်ရောက်ရှိနိုင်ရေးအတွက် စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ယမန်နေ့ ညနေ ၆ နာရီက နေရပ်ပြန် ပြည်သူသုံးဦးအား ထပ်မံလွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။

အဆိုပါ နေရပ်ပြန်ပြည်သူသုံးဦးမှာ အမျိုးသားများဖြစ်ကြပြီး ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့နယ်မှတစ်ဦး၊ မိုင်းငေါ့မြို့နယ်မှ တစ်ဦးနှင့် သိန္နီမြို့နယ်မှ တစ်ဦးတို့ဖြစ်သည်။

ထိုသို့ ချင်းရွှေဟော်မြို့ ကိုဗစ်-၁၉ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းကော်မတီမှ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်များသို့ နေရပ်ပြန်ပြည်သူများအား စနစ်တကျ စီစဉ်လွှဲပြောင်းပို့ဆောင်ပေးလျက်ရှိရာ ဧပြီ ၃၀ ရက်မှ ယနေ့အထိ အမျိုးသား ၈၅၆၃ ဦးနှင့် အမျိုးသမီး ၆၉၁၈ ဦးတို့ဖြစ်ပြီး စုစုပေါင်းနေရပ်ပြန်ပြည်သူ ၁၅၄၈၁ဦးတို့ကို လွှဲပြောင်းပို့ဆောင်ပေးခဲ့သည်။ **ဇင်ဇင်(ပြန်/ဆက်)**

# နေရပ်ပြန်မြန်မာသင်္ဘောသားများ ကော့သောင်းမြို့၌ အသွားအလာကန့်သတ်စောင့်ကြည့်ထားရှိ

**ကော့သောင်း အောက်တိုဘာ ၅**

ကော့သောင်းမြို့အနီး အက်ဒမန်ပင်လယ်အတွင်း Crew Change ပြုလုပ်ရန် မလေးရှားနိုင်ငံမှလာရောက်သည့် MT.TSM DUBHE သင်္ဘောပေါ်မှ သင်္ဘောသား ခုနစ်ဦး၊ ဘာရိန်းနိုင်ငံမှလာရောက်သည့် MV.HAN HUI သင်္ဘောပေါ်မှ သင်္ဘောသား သုံးဦး စုစုပေါင်းသင်္ဘောသား ၁၀ ဦးတို့သည် ယမန်နေ့ညနေပိုင်းက Sign off ထွက်လာရာ ကော့သောင်းမြို့ ဆိပ်ကမ်း၌ တာဝန်ရှိဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့နှင့် ကျန်းမာရေးဌာနမှ တာဝန်ရှိသူများက လိုအပ်သည့် ကျန်းမာရေးစစ်ဆေးမှုများဆောင်ရွက်ကာ ကော့သောင်းမြို့၌ Hotel Quarantine ၁၄ ရက်ထားရှိပြီး ၎င်းတို့၏ တို့ဖတ်နမူနာများအား အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်)သို့ ပို့ဆောင်ဓာတ်ခွဲစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။

Sign off ထွက်လာသည့်သင်္ဘောသားများမှာ ကော့သောင်းမြို့တွင် ကြိုတင်ရောက်ရှိနေပြီး MT.TSM DUBHE သင်္ဘောပေါ်သို့ sign on တက်ရောက်မည့် ကပ္ပတိန် ဦးရဲလွင်သော်ပါ သင်္ဘောသား ရှစ်ဦးဖြင့် တာဝန်လွှဲပြောင်းယူခဲ့သူများဖြစ်ပြီး MV.HAN HUI သင်္ဘောပေါ်သို့ sign on တက်ရောက်မည့် သင်္ဘောသားများမပါရှိကြောင်း သိရသည်။

**ကျော်စိုး**
**(ကော့သောင်း)**





# နောင်ချို၌ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား Test Kit ဖြင့် စစ်ဆေး

**နောင်ချို အောက်တိုဘာ ၅**

ကိုဗစ်-၁၉ရောဂါ ကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာတင်မောင်ညွန့် ဦးဆောင်၍ နောင်ချိုမြို့နယ် ကုသရေးနှင့် ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာကိုကိုနှင့် ဝန်ထမ်းများ၊ ဓာတ်ခွဲပညာရှင်များက နောင်ချိုမြို့နယ် ဘန့်ဘွေး တိုးဂိတ်တွင် ပိတ်မိနေသော ရှမ်းပြည်နယ်အတွင်းဝင်ရောက်မည့် ကုန်တင်ယာဉ်များမှ ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက်များအား Test Kit ဖြင့် စစ်ဆေးခြင်းကို ဘန့်ဘွေးတိုးဂိတ်နားနေဆောင်တွင် စက်တင်ဘာ ၃ ရက်နှင့် ၄ ရက်တို့တွင် စစ်ဆေးခဲ့ကြောင်း သိရသည်။

စစ်ဆေးရာတွင် ယာဉ်မောင်းနှင့် ယာဉ်နောက်လိုက် စုစုပေါင်း ၄၀၄ ဦးတို့အား Test Kit ဖြင့် စစ်ဆေးပေးခဲ့ပြီး ၎င်းတို့အားလုံးမှာ ရောဂါပိုးမတွေ့ရှိသည့်အတွက် ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်များအား ၎င်းတို့၏ယာဉ်များနှင့်အတူ သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ဆက်လက်ထွက်ခွာခွင့်ပြုခဲ့ကြောင်း သိရသည်။

အဆိုပါကုန်တင်ယာဉ်များမှ ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်များအား အချိန်ကြန့်ကြာမှုမရှိဘဲ စနစ်တကျစစ်ဆေးနိုင်ရန် မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ခရိုင်ကြက်ခြေနီတပ်ဖွဲ့မှူးနှင့် မြို့နယ် ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းများ၊ ပရဟိတအဖွဲ့များက ပူးပေါင်းကူညီဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ထွေးငယ်(ပြန်/ဆက်)**

# နေရပ်ပြန်လိုသည့် ထိုင်းနိုင်ငံသားတစ်ဦးကို လွှဲပြောင်းပို့ဆောင်

**တာချီလိတ် အောက်တိုဘာ ၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့တွင် မြန်မာနိုင်ငံသို့ ရောက်ရှိနေသော ထိုင်းနိုင်ငံသား အမျိုးသားတစ်ဦးကို မြန်မာတာဝန်ရှိသူများက ယနေ့မွန်းလွဲပိုင်းက မြန်မာ-ထိုင်း ချစ်ကြည်ရေးတံတား အမှတ်(၂)မှတစ်ဆင့် လွှဲပြောင်း ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

လွှဲပြောင်း ပို့ဆောင်ခြင်းမပြုမီ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကိုယ်အပူချိန်တိုင်းတာခြင်းများ ပြုလုပ်ခဲ့ကာ စနစ်တစ်ကျပြန်လည်လွှဲပြောင်းပို့ဆောင်ပေးခဲ့ကြသည်။



ထိုင်းနိုင်ငံသားများသည် ကိုဗစ်-၁၉ ကူးစက်ရောဂါ မဖြစ်ပွားခင်ကပင် တာချီလိတ်မြို့သို့ လာရောက်နေထိုင်အလုပ်လုပ်ကိုင်ခဲ့ကြပြီး ကိုဗစ် -၁၉ စတင်ဖြစ်ပွားချိန်မှစ၍ စက်ရုံအလုပ်ရုံများ ဖွင့်လှစ်ခြင်းမရှိတော့သဖြင့် ထိုင်းနိုင်ငံသို့ပြန်လည်ထွက်ခွာလျက်ရှိသည်။ နေရပ်ပြန်လိုသည့် ထိုင်းနိုင်ငံသားကို တာချီလိတ်မြို့ လဝက ဌာနခွဲ (၆)မှ လက်ထောက်ညွှန်ကြားရေးမှူး ဦးမောင်မောင်မြင့် ဦးဆောင်သည့် တာဝန်ရှိသူများနှင့် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသားများအား ကူညီစောင့်ရှောက်ရေးအဖွဲ့ ဦးစည်သူမောင် (အတွင်းရေးမှူး၊ CNCMC)တို့က ပြန်လည်ပို့ဆောင်ပေးခဲ့ပြီး ထိုင်းနိုင်ငံမှ တံတား(၂) တာဝန်ခံရဲအရာရှိ Pathpon Onnoul၊ လဝကအရာရှိSongsok Pakiang နှင့် ကျန်းမာရေးဌာနမှ ဦးစီးအရာရှိ Priawpurin Manopeaw ဦးစီးသည့်အဖွဲ့တို့က ပြန်လည်လက်ခံခဲ့ကြသည်။

**ယာဆေး(ပြန်/ဆက်)**

# ကွန်ဟိန်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

**ကွန်ဟိန်း အောက်တိုဘာ ၅**

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်ခရိုင် ကွန်ဟိန်းမြို့၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် အသိပညာပေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်းကို နေ့စဉ်ဆောင်ရွက်လျက်ရှိရာ ကွန်ဟိန်းတံတားပူးပေါင်းစစ်ဆေးရေးဂိတ်နှင့် ပြည်ထောင်စုလမ်းမကြီး၊ လူသွားလူလာများသည့် လမ်းဆုံနေရာများ၌ ယနေ့နံနက် ၉ နာရီက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ရာတွင် လမ်းသွားလမ်းလာပြည်သူများ နှာခေါင်းစည်း ဝတ်ဆင်သွားလာခြင်း ရှိ/မရှိ စစ်ဆေးခြင်း၊ နှာခေါင်းစည်းများ ဖြန့်ဝေပေးခြင်း၊ မြို့နယ်အတွင်း ဝင်ရောက်လာသည့် ယာဉ်များအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ကျန်းမာရေးထောက်ခံစာ၊ နေထိုင်ရာ မြို့နယ်ထောက်ခံစာ ပါ/မပါ စစ်ဆေးခြင်း၊ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း မြင့်မားနေသည့် နေရာဒေသများမှ ပြန်လည်ဝင်ရောက်လာသူများ ရှိ/မရှိ စစ်ဆေးခြင်း၊ ကျန်းမာရေးအသိပညာပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

အသိပညာပေးလုပ်ငန်းများဆောင်ရွက်မှုကို မြို့နယ်အဆင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ထိန်းချုပ်၊ကုသရေးကော်မတီဥက္ကဋ္ဌ၏ ကြီးကြပ်မှုဖြင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများ၊ မြို့နယ် ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ပြည့်စန္ဒီမြင့်(ပြန်/ဆက်)**

# မိတ္ထီလာရှိ ဘုန်းတော်ကြီးကျောင်းများသို့ ကမ်းလက်များပရဟိတမိသားစုအဖွဲ့နှင့် စေတနာရှင်များပူးပေါင်း၍ ဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများလှူဒါန်း



**မိတ္ထီလာ အောက်တိုဘာ ၅**
မိတ္ထီလာမြို့နယ် ကျေးလက်ဒေသများရှိ ဘုန်းတော်ကြီးကျောင်းများ၊ တောရကျောင်းပေါင်း ၄၅ကျောင်းသို့ အောက်တိုဘာ ၃ ရက်က ကမ်းလက်များပညာရေးနှင့် ကျန်းမာရေးပရဟိတမိသားစုအဖွဲ့နှင့် စေတနာရှင်အလှူရှင်များပူးပေါင်း၍ ဆန်၊ ဆီနှင့် လှူဖွယ်ပစ္စည်းများကို သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

"ကိုဗစ်-၁၉ရောဂါကာလမှာ မိတ္ထီလာမြို့နယ်အတွင်းက ကျေးလက်ဒေသများမှာရှိတဲ့ ဘုန်းတော်ကြီးကျောင်းတွေ၊ တောရကျောင်းတွေမှာ သီတင်းသုံးနေကြတဲ့သံဃာတော်တွေအတွက် ဆွမ်းနဲ့ လှူဖွယ်ပစ္စည်းများအခက်အခဲမရှိစေဖို့အတွက် ဒေသခံစေတနာရှင်အလှူရှင်တွေရဲ့ စုပေါင်းပါဝင်လှူဒါန်းမှုကို ကမ်းလက်များပညာရေးနှင့် ကျန်းမာရေးပရဟိတမိသားစုအဖွဲ့ဝင်တွေက ကိုဗစ်-၁၉ရောဂါစည်းကမ်းသတ်မှတ်ချက်တွေနဲ့အညီ ကျေးရွာတွေက ဘုန်းတော်ကြီးကျောင်းတွေအရောက် ဆန်၊ ဆီ၊ ဆပ်ပြာ၊ လက်ဖက်ခြောက်နဲ့ နှာခေါင်းစည်းစတဲ့ လှူဖွယ်ဝတ္ထုပစ္စည်းတွေ သွားရောက်လှူဒါန်းတာပါ။ အခုလို ဆက်ကပ်လှူဒါန်းတာ ဒုတိယအကြိမ်မြောက်ဖြစ်ပြီး စက်တင်ဘာ ၂၇ ရက်ကလည်း မြို့နယ်အတွင်းက ကျေးလက်ဒေသမှာရှိတဲ့ ဘုန်းတော်ကြီးကျောင်း ၄၀ ကျော်ကိုလည်း ကမ်းလက်များပညာရေးနဲ့ ကျန်းမာရေး ပရဟိတအဖွဲ့နဲ့ စေတနာရှင်အလှူရှင်တွေစုပေါင်းပြီး ဆက်ကပ်လှူဒါန်းခဲ့ပါတယ်"ဟု ကမ်းလက်များ ပရဟိတမိသားစုအဖွဲ့မှ ကိုမင်းမင်းထွန်းက ပြောကြားသည်။

မိတ္ထီလာမြို့နယ်အတွင်းရှိ ဆည်အောင်၊ အိုမတွေ့၊ ကက္ကူကန်၊ ဆူးဖြူကွက်၊ အင်းပက်လက်၊ ဥယျာဉ်ကုန်း စသည့်ကျေးရွာများရှိ ဘုန်းတော်ကြီးကျောင်း ၄၅ ကျောင်းသို့ ဆွမ်းဆန်အိတ်၊ ဆီ၊ ကြက်ဥ၊ လက်ဖက်ခြောက်၊ ဆပ်ပြာမုန့်ထုပ်၊ နှာခေါင်းစည်းများနှင့် လှူဖွယ်ပစ္စည်းများအား ကမ်းလက်များပရဟိတမိသားစုအဖွဲ့မှ တာဝန်ရှိသူများ၊ အဖွဲ့ဝင်များက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

# တောင်ကြီးမြို့နယ် အဝင်/အထွက် စစ်ဆေးရေးဂိတ်များတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးစစ်ဆေးမှုများ အရှိန်အဟုန်မြှင့်ဆောင်ရွက်



**တောင်ကြီး အောက်တိုဘာ ၅**
ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ်တွင် ခရီးသွားပြည်သူများ၊ ဒေသခံပြည်သူများ၊ ကိုဗစ်-၁၉ ရောဂါကူးစက်ပြန့်ပွားမှုမရှိစေရေးအတွက် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ယမန်နေ့နံနက် ၆ နာရီက မြို့နယ်ကိုဗစ်-၁၉ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်း ကော်မတီဥက္ကဋ္ဌနှင့် ကော်မတီအဖွဲ့ဝင်များက တောင်ကြီးမြို့ အဝင်/အထွက် စစ်ဆေးရေးဂိတ်များသို့ သွားရောက်စစ်ဆေးလျက်သည်။

တောင်ကြီးမြို့နယ်ရှိ မြို့အဝင်/အထွက်ဂိတ်တွင် ပူးပေါင်းကျန်းမာရေးစစ်ဆေးရေးအဖွဲ့သည် တောင်လေးလုံး၊ ခေါင်တိုင်လမ်းခွဲဂိတ်နှင့် ဟိုပုံးတိုးဂိတ်အနီးတို့တွင် တာဝန်ကျမြို့နယ် ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စေတနာ့ဝန်ထမ်းများပါဝင်၍ အိမ်စီးမော်တော်ယာဉ်များ၊ မော်တော်ဆိုင်ကယ်များ၊ မော်တော်ယာဉ်များဖြင့် ဖြတ်သန်းသွားလာနေကြသည့် ခရီးသွားပြည်သူများအား ကိုယ်ပူချိန်တိုင်းတာစစ်ဆေးခြင်း၊ မှတ်ပုံတင်စစ်ဆေးခြင်း၊ ခရီးသွားရာဇဝင်မေးမြန်းခြင်း၊ စာရင်းမှတ်သားရေးသွင်းခြင်း၊ လက်ကိုစနစ်တကျ ဆေးကြောစေခြင်း၊ တစ်ဦးနှင့်တစ်ဦး ခြောက်ပေအကွာခြား၍ စစ်ဆေးခြင်း၊ ပြည်နယ်ပြင်ပမှ ပြည်နယ်အတွင်း ဝင်ရောက်လာသည့် ခရီးသွားများအား ခရီးသွားထောက်ခံချက်ပါ၊ မပါ စစ်ဆေးခြင်း စသည့်လုပ်ငန်းများကိုအရှိန်အဟုန်မြှင့် နေ့စဉ်ဆောင်ရွက်လျက်ရှိသည်။ **စိုင်းသန်းကျော်(တောင်ကြီး)**



# ငွေဆောင်မြို့၌ အခြေခံအိမ်ထောင်စုများအား စားသောက်ကုန်များ ထောက်ပံ့

**ငွေဆောင် အောက်တိုဘာ ၅**
ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်မြို့၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်ထိန်းချုပ်ရေးကာလအတွင်း ပုံမှန်ဝင်ငွေမရှိသော အိမ်ထောင်စုများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့လှူဒါန်းခြင်းကို ယနေ့နံနက် ၈ နာရီတွင် ငွေဆောင်မြို့ အမှတ်(၃)ရပ်ကွက် မြို့မလမ်း၌ ပြုလုပ်သည်။

အဆိုပါ ထောက်ပံ့ပေးအပ်ရာတွင် ငွေဆောင်မြို့ မြတ်ဒါနလူမှုကူညီရေးအသင်း နာယက ဦးကြည်တိုးက ဦးဆောင်၍ နန်းတော်ဝင်စတိုး၊ ပွင့်လင်းအောင်ကုန်စည်ပို့ဆောင်ရေးမိသားစုများက ငွေဆောင်မြို့ရှိ ပုံမှန်ဝင်ငွေမရှိသော အခြေခံ လူတန်းစားအိမ်ထောင်စုများအတွက်ငွေကျပ် ၃၅၂၅၀၀ တန်ဖိုးရှိသည့် ဆန် ခြောက်အိတ်၊ ဆီသုံးပုံး၊ ကြက်ဥအလုံး ၃၀၀တို့ကို အိမ်ထောင်စု ၇၀ အား ပေးအပ် လှူဒါန်းခဲ့ကြောင်း သိရသည်။

**မူမူသွင်(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီး၌ ဒုတိယအကြိမ် ထုတ်ပြန်ကြေညာထားသည့် မဲဆန္ဒရှင်စာရင်းများအား လေးရက်အတွင်း ကြည့်ရှုသူ ၂၄၀၀၀၀ ကျော်ရှိ

**မန္တလေး အောက်တိုဘာ ၅**
မန္တလေးတိုင်းဒေသကြီးအတွင်း အောက်တိုဘာ ၁ ရက်မှစ၍ ဒုတိယအကြိမ်အဖြစ် ထုတ်ပြန်ကြေညာထားသည့် မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် ၄၇၈၄၂၈၈ ဦး၏ အမည်စာရင်းများအား အွန်လိုင်းနှင့် သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာကော်မရှင်အဖွဲ့ခွဲရုံးများသို့ လာရောက်ကြည့်ရှုသူဦးရေမှာ လေးရက်အတွင်း ၂၄၅၉၄၉ ဦးရှိပြီး ၎င်းတို့အနက် ပြင်ဆင်ဖြည့်စွက်လျှောက်ထားသူဦးရေမှာ ၂၀၀၀၀ ကျော်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးရှိန်ဝင်းက ပြောသည်။

အဆိုပါ မဲဆန္ဒရှင်စာရင်းများအား ဒုတိယအကြိမ်အဖြစ် အောက်တိုဘာ ၁ ရက်နေ့မှ ၁၄ ရက်အထိ သက်ဆိုင်ရာရပ်ကွက်၊ ကျေးရွာ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် ကြေညာပေးထားရာ လေးရက်အတွင်း ကြည့်ရှုသူနှစ်သိန်းကျော်အနက် ပုံစံ(၃)ဖြင့် လျှောက်ထားသူ ၁၁၅၉၇ ဦး၊ ပုံစံ(၄)ဖြင့် ကန့်ကွက်သူ ၂၂၆၃ ဦးနှင့် ပုံစံ (၄-က) ဖြင့် ပြင်ဆင်သူ ၉၁၉၀ ဦး စုစုပေါင်း ပြင်ဆင်လျှောက်ထားကန့်ကွက်သူဦးရေမှာ ၂၃၀၅၀ ရှိကြောင်း သိရသည်။

"မဲစာရင်းမှာပါမှ မဲပေးခွင့်ရမှာဖြစ်တဲ့အတွက် ယခုနောက်ဆုံးအခွင့်အရေးအနေနဲ့ ဒုတိယအကြိမ်အဖြစ် ကပ်ထားကြေညာပေးထားတဲ့ မဲဆန္ဒရှင်စာရင်းတွေကို လာရောက်ကြည့်ရှုပြီး ပြင်ဆင်ကန့်ကွက်လျှောက်ထားကြဖို့ ပြောကြားချင်ပါတယ်။ မဲပေးတဲ့နေ့မှာလည်း ကိုဗစ်ရောဂါကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနရဲ့ လမ်းညွှန်ချက်တွေအတိုင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ လက်ရှိမှာတော့ ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီးမှာ မဲပေးတဲ့နေ့အတွက် မဲရုံဝန်ထမ်းတွေနဲ့ မဲဆန္ဒရှင်ပြည်သူတွေ အသုံးပြုဖို့ လက်သန့်ဆေးရည်၊ လက်အိတ်၊ မျက်နှာအကာနဲ့ နှာခေါင်းစည်းတွေ ရောက်ရှိနေပါပြီ။ လာရောက်မဲပေးသူတွေအနေနဲ့ နှာခေါင်းစည်းတွေ မပါလာခဲ့ရင်လည်း လေးဦးကို တစ်ဦးနှုန်းလောက်ဖြန့်ဝေပေးဖို့ နှာခေါင်းစည်း ၁၂ သိန်းကျော် ရောက်ရှိနေပြီဖြစ်ပါတယ်" ဟု ၎င်းက ပြောပြသည်။




နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့် ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအတွင်း ပါတီပေါင်း ၂၁ ပါတီမှ လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၂၄ ဦးနှင့် တစ်သီးပုဂ္ဂလလွှတ်တော်ကိုယ်စားလှယ်လောင်း ၁၆ ဦး စုစုပေါင်း လွှတ်တော်ကိုယ်စားလှယ်လောင်း ၅၄၀ ဝင်ရောက်ယှဉ်ပြိုင်အရွေးခံကြမည်ဖြစ်ပြီး တိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်ပြည်သူ ၄၇ သိန်းကျော်အတွက် မဲရုံပေါင်း ၅၄၄၈ ရုံ ဖွင့်လှစ်သွားရန် စီစဉ်ထားရှိကြောင်း သိရသည်။

**မင်းထက်အောင်**
**(မန်းကိုယ်ပွား)**

# နတ်မောက်မြို့၌ ကိုဗစ်-၁၉ကာလ ကုန်တင်ယာဉ်များ သွားလာမှုနှင့်စပ်လျဉ်း၍ လိုက်နာဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**နတ်မောက် အောက်တိုဘာ ၅**
မကွေးတိုင်းဒေသကြီး နတ်မောက်မြို့၌ ကိုဗစ်-၁၉ရောဂါကာလ ကုန်တင်ယာဉ်များ သွားလာမှုနှင့်စပ်လျဉ်း၍ စံသတ်မှတ်ချက် လိုက်နာဆောင်ရွက်ရန် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့နံနက် ၁၁ နာရီခွဲက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့သည်။

ရှေးဦးစွာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမော်က ယာဉ်မောင်းနှင့်ယာဉ်နောက်လိုက်များ လိုက်နာဆောင်ရွက်ရမည့် အချက် ၁၃ ချက်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ဆောင်ရွက်ရန်အချက် သုံးချက်၊ ကုန်တင်ယာဉ်များသွားလာမှုနှင့်စပ်လျဉ်း၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး(သို့မဟုတ်) ပြည်နယ်အစိုးရအဖွဲ့များမှ လိုက်နာရမည့်စည်းကမ်းချက် ၂၂ချက်၊ ညအိပ်/တစ်ထောက်နားရပ်နေရာများတွင် ဆောင်ရွက်ထားရှိမည့်အချက်ငါးချက်နှင့် ကုန်တင်ယာဉ်ပိုင်ရှင်များ၊ ယာဉ်ငှားရမ်းသူများ၊ ကုန်ပစ္စည်းလက်ခံမည့်သူများလိုက်နာရမည့်အချက် ခုနစ်ချက် စသည့် လိုက်နာရမည့်အချက်များကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာများကလည်း လိုအပ်သည့်အကြောင်းအရာများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**လှဝင်း (နတ်မောက်)**

# ညောင်ဦးမြို့နယ်၌ သူကောင်းတည်မြစ်ရေတင်ဖြင့် မိုးစပါး ၂၉၃ ဧက စိုက်ပျိုးပြီးစီး

**ညောင်ဦး အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် သူကောင်းတည်မြစ်ရေတင်မှ ပေးလွှတ်သော လှျပ်စစ်မြစ်ရေတင်ရေဖြင့် မိုးစပါး ၂၉၃ ဧက စိုက်ပျိုးပြီးစီးကာ အောင်မြင်ဖြစ်ထွန်းနေပြီဖြစ်ကြောင်း သူကောင်းတည်လှျပ်စစ်မြစ်ရေတင် တာဝန်ခံ ဦးလှပြုံးက ပြောသည်။

ညောင်ဦးမြို့နယ် သူကောင်းတည်မြစ်ရေတင်ဖြင့် မိုးစပါးစိုက်ပျိုးရန် ဩဂုတ်လတွင်စတင်ပျိုးထောင်ခဲ့ကြောင်း၊ ပျိုးထောင်ပြီး ၂၁ရက်သားပျိုးပင်များအား လယ်ကွင်းအတွင်း ပြောင်းရွှေ့စိုက်ပျိုးကြကြောင်း သိရသည်။ သူကောင်းတည်မြစ်ရေတင်ဖြင့် ဆင်းသုခ၊ မနောသုခစပါးမျိုးတို့ကို တောင်သူများ စိုက်ပျိုးကြကြောင်း၊ တိုက်ရိုက်အစေ့ချစိုက်ပျိုးခြင်းစနစ်ဖြင့်လည်း စိုက်ပျိုးကြကြောင်း၊ တိုက်ရိုက်စပါးအစေ့ချစိုက်ပျိုးခြင်းသည် ပျိုးထောင်စိုက်ပျိုးခြင်းထက် အထွက်နှုန်းလျော့သော်လည်း စရိတ်စက၊ လူပင်ပန်းမှုအလွန်သက်သာကြောင်း၊ မြစ်ရေဖြင့် စိုက်ပျိုးရခြင်းကြောင့် စပါးခင်းများကောင်းမွန်ကာ ရေမရမည်ကိုလည်း မစိုးရိမ်ရကြောင်း အောက်ညဥ့်ကျေးရွာ စပါးစိုက်တောင်သူ ဦးသိန်းစိုးက ရှင်းပြသည်။



မြစ်ရေတင်ဖြင့် စိုက်ပျိုးသည့် မိုးစပါးစိုက်တောင်သူများ စပါးရိတ်သိမ်းပြီးချိန်အထိ တစ်ဧကစိုက်ပျိုးရေသွင်းစရိတ် ကျပ် ၆၀၀၀ ပေး သွင်းရပြီး နွေစပါးစိုက်ပျိုးချိန်တွင် စပါးတစ်သီးစာ ကျပ် ၉၀၀၀ ပေးရကြောင်း၊ အခြားသီးနှံအတွက်ကျပ် ၃၀၀၀ ပေးသွင်းရကြောင်း သိရသည်။ မိုးစပါးဟုဆို သော်လည်း ညောင်ဦးဒေသတွင် တစ်နှစ်ပတ်လုံးမှ မိုးရေချိန် ၂၀လက်မ အောက်သာရွာသွန်းခြင်းကြောင့် စပါးအောင်ရေအထိမြစ်ရေတင်ရေသွင်းရကြောင်း၊ မိုးစပါးစိုက်ပျိုးရာတွင် စပါးတစ်ဧကကောက်စိုက်သမစိုက်ပျိုးခ ကျပ် ၅၅၀၀၀ဖြင့် စိုက်ဧကပြတ် စိုက်ပျိုးလာကြကြောင်း မိုးစပါးစိုက်တောင်သူ ဦးသိန်းစိုးက ပြောသည်။

သူကောင်းတည်မြစ်ရေတင်ရေသည် သောက်သုံးရေအတွက်လည်းကျေးရွာငါးရွာအားရေလွှတ်ပေးထားကြောင်း၊ ညောင်ဦးမြို့နယ်တွင် လက်ပံခြေပေါ်မြစ်ရေတင်၊ ငါ့သရောက်မြစ်ရေတင်၊ သူကောင်းတည် မြစ်ရေတင်၊ကျောက်ကူးမြစ်ရေတင်၊ လောကနန္ဒာမြစ်ရေတင် လှျပ်စစ်မြစ်ရေတင် ငါးခုရှိကြောင်း သူကောင်းတည်မြစ်ရေတင် တာဝန်ခံ (ဦးစီးအရာရှိ) ဦးလှပြုံးက ပြောသည်။

**ကိုထိန်(ပြန်/ဆက်)**

# ကိုဗစ်-၁၉ ရောဂါ စီးပွားရေးကုစားမှုအစီအစဉ်အရ မျိုးစေ့ထုတ်စိုက်ခင်း မျိုးကွဲနုတ်ပယ်ခြင်းဆောင်ရွက်

**မြို့သစ် အောက်တိုဘာ ၅**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် မြို့သစ်မြို့၌ နိုင်ငံတော်အစိုးရ၏ ထောက်ပံ့မှုဖြင့် ကိုဗစ်-၁၉ ရောဂါ စီးပွားရေးကုစားမှုအစီအစဉ်အရ မျိုးစေ့ထုတ် စိုက်ခင်းအား မျိုးကွဲနုတ်ပယ်ခြင်းလုပ်ငန်းကို ယမန်နေ့က မြို့သစ်မြို့ ဗန္ဓုလကျေးရွာရှိ တောင်သူ ဦးမျိုးထွန်း၏ မော်ဘီ-၂ မျိုးစေ့ထုတ်စိုက်ခင်း၌ ပြုလုပ်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့သစ်မြို့ စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်ကိုကိုနှင့် ဝန်ထမ်းများက တောင်သူများအား အသိပညာပေးခြင်းနှင့် မျိုးကွဲနုတ်ပယ်ခြင်းတို့ကိုကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါမျိုးကွဲနုတ်ပယ်ရခြင်းမှာ စပါးမျိုးစေ့ထုတ်လုပ်ငန်းတွင် မျိုးသန့် ၅၀ ရာခိုင်နှုန်းရရှိရေးအတွက် ဆောင်ရွက်ရသည့် လုပ်ငန်းတစ်ရပ်ဖြစ်ရာ မျိုးစေ့ထုတ် စိုက်ခင်းအားလုံးတွင် စပါးပင် သက်တမ်းတစ်လျှောက် ပင်ပွားစုံချိန်တစ်ကြိမ်၊ ပန်းပွင့်စုံချိန်တစ်ကြိမ်၊ အနှံစုံချိန်တစ်ကြိမ် အနည်းဆုံး သုံးကြိမ်ဆောင်ရွက်ရမည်ဖြစ်ပြီး အကြိမ်များများပယ်နိုင်လေ မျိုးသန့်လေဖြစ်ကြောင်း၊ ယခုအကြိမ်သည် ဒုတိယအကြိမ်ဆောင်ရွက်ခြင်းဖြစ်ပြီး ပင်ပွားစုံချိန်ဟုလည်းခေါ်ကြောင်း မြို့သစ်မြို့ စိုက်ပျိုးရေးဦးစီးမှူး ဦးမြင့်ကိုကိုက ပြောကြားသည်။

မြို့သစ်မြို့တွင် မိုးစပါးမျိုးစေ့ထုတ်စိုက်ဧကစုစုပေါင်း ၁၃၀ရှိပြီး နိုင်ငံတော်က ကိုဗစ်-၁၉ စီးပွားရေးကုစားမှု အစီအစဉ်ဖြင့် စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးမျိုးစေ့ထုတ်တောင်သူများအား မျိုးစေ့ဖိုးနှင့် အပင်ပြုစုခြင်းလုပ်အားခများကိုလည်း ထောက်ပံ့ပေးအပ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ထွန်းမင်းအောင်(ကဘော်မြေ)**

# ရေတာရှည်မြို့နယ်၌ မိုးစပါးအစို တင်း ၁၀၀ လျှင် ငါးသိန်းကျော်ရရှိ

**ရေတာရှည် အောက်တိုဘာ ၅**

ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် သက်ရင်မိုးစပါးများ စတင်ရိတ်သိမ်းလျက်ရှိပြီး စက်ဖြင့် ရိတ်ပြီးပြီးချင်း အစို တင်း ၁၀၀ လျှင် ငွေကျပ် ငါးသိန်း၊ ငါးသိန်းသုံးသောင်းဖြင့် ခရီးအကွာအဝေးပေါ်မူတည်ကာ ဝယ်ယူလျက်ရှိသည်ကိုတွေ့ရှိသော်လည်း ရန်ကုန်-မန္တလေး ကားလမ်းတစ်လျှောက် ခရီးသွားလာရသည့်အခက်အခဲကြောင့် အရောင်းအဝယ် အဆင်မပြေမှုများရှိကြောင်း ဒေသခံတောင်သူများနှင့် စပါးအရောင်းအဝယ်လုပ်သူများထံမှ သိရသည်။

**ငါးသိန်းသုံးသောင်းအထိ ပေးဝယ်**

"စက်တင်ဘာလမှာ အစောစိုက်တဲ့စပါးတွေ ကွက်ကြားပေါ်တော့ စပါးအစိုတင်း ၁၀၀ ကို ငါးသိန်းခွဲနဲ့ ရောင်းလိုက်ရတယ်။ အခုဆိုရင် သက်ရင်စပါးခင်းတွေ အတော်များများ ရိတ်ကုန်ကြပြီ။ လမ်းသာတဲ့နေရာ၊ သယ်ရပြုရလွယ်တဲ့နေရာမျိုးကျတော့ စက်ကျအစို တင်း ၁၀၀ ကို ငါးသိန်း သုံးသောင်းအထိပေးဝယ်တာလည်းရှိတယ်။ ခရီးထောက်ရင် ငါးသိန်းဈေးနဲ့ ဝယ်တာလည်းရှိတယ်။ ခုကျတော့ နေပြည်တော်ဘက်က စပါးအဝယ်တွေကလည်း မလာနိုင်ဘူးဖြစ်နေတော့ ဈေးကွက်အေးသွားတာပေါ့" ဟု ကုန်ကြီးအုပ်စု အင်းကျင်းကုန်းကျေးရွာနေ တောင်သူ ဦးကျော်ဆန်းက ပြောသည်။

**အကျိုးခံစားခွင့် ကောင်းမွန်**

မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ စာရင်းများအရ ရေတာရှည်မြို့နယ်တွင် မိုးစပါး ၈၀၇၃၀ ဧက စိုက်ပျိုးထားပြီး သက်ရင်မျိုးများဖြစ်သော ထိုင်းကောက်၊ ထိုင်းနံ့ကောက် အစရှိသည့် စပါးမျိုးများ စတင်ရိတ်သိမ်းနေခြင်းဖြစ်သည်။ လက်ရှိရိတ်သိမ်းနေသည့် စပါးများကို မြို့နယ်အတွင်းရှိ ဆန်စက်နှင့် ဆန်အရောင်းအဝယ်လုပ်သူများမှ ဝယ်ယူရာတွင် ဒေသအသီးသီး၌ တစ်ဆင့်ခံ စပါးအရောင်းအဝယ်လုပ်သူများအား ကော်မရှင်ခပေး၍ ဝယ်ယူစေခြင်းဖြစ်ရာ လမ်းပန်းဆက်သွယ်မှုကောင်းမွန်လျှင် တောင်သူများအတွက် အကျိုးခံစားခွင့်ကောင်းမွန်နိုင်ပြီး လမ်းပန်းဆက်သွယ်မှုအခက်အခဲများ ဆက်လက်ဖြစ်ပေါ်နေလျှင် ကုန်သည်များသတ်မှတ်သည့် ဈေးအတိုင်းသာ ရောင်းချရမည်ဖြစ်ခြင်းကြောင့် တောင်သူများအနေဖြင့် သွင်းအားစုကုန်ကျမှု စရိတ်ကြွေးမြီများ မကျေလည်မည်ကို စိုးရိမ်ပူပန်မှုများလည်း ရှိနေသည်။

**ဆက်လက်ကုန်ကျဖွယ်ရှိ**

လက်ရှိစပါးအရောင်းအဝယ် ဈေးကွက်အရ တောင်သူများအတွက် အဆင်ပြေသည့် ဈေးနှုန်းဖြစ်သော်လည်း စပါးဝယ်ယူခြင်း၊ ကြိတ်ခွဲခြင်း၊ ဈေးကွက်တင်ပို့ခြင်း စသည့်လုပ်ငန်းများတွင် နယ်ကျော်ယာဉ်များ ကန့်သတ်ချက်များရှိနေသည့်အခါ စပါးအရောင်းအဝယ်လုပ်သူများ အဝယ်ရပ်နားခြင်းများပင်ရှိနေပြန်ရာ တောင်သူများအနေဖြင့် ရိတ်သိမ်းပြီးစပါးများ သယ်ယူခြင်းနှင့် အခြောက်လှန်းရခြင်းအတွက် ကုန်ကျစရိတ်များ ဆက်လက်ကုန်ကျဖွယ်ရှိနေကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ဒေသခံတောင်သူများအတွက် အန္တရာယ်ကင်းစင်သည့် သဘာဝပိုးသတ်ဆေးရည်ပြုလုပ်နည်း လက်တွေ့ပြသ

**မြင်းမူ အောက်တိုဘာ ၅**

စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်အတွင်းရှိ ဒေသခံတောင်သူများ၏ စိုက်ပျိုးရေးလုပ်ငန်းများတွင် ကိုယ်တိုင်ပြုလုပ်သုံးစွဲနိုင်ရန်အတွက် သဘာဝပိုးသတ်ဆေးရည်ပြုလုပ်သုံးစွဲမှု တောင်သူနည်းပညာပေး လက်တွေ့ပြသခြင်းကို ယမန်နေ့က မြင်းမူမြို့ မြို့မမြောက်ရှိ ဒေသခံတောင်သူ ဒေါ်နွဲ့ကြည် ၏ နေအိမ်၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

သဘာဝပိုးသတ်ဆေးရည်တွင် ထည့်သွင်းသုံးစွဲမည့်ပစ္စည်းများမှာ လူနှင့်တိရစ္ဆာန်များအတွက် ဘေးထွက်ဆိုးကျိုးများမပါဝင်ကြောင်း၊ သဘာဝပစ္စည်းများဖြင့်သာ ပြုလုပ်ထားသည့် ပိုးသတ်ဆေးရည်ဖြစ်သည့်အတွက် သီးနှံများအပြင် ဟင်းသီးဟင်းရွက်ပင်များတွင်ပါအသုံးပြုနိုင်ကြောင်း၊ တောင်သူများအတွက် ဓာတ်မြေသြဇာဝယ်ယူသုံးစွဲခြင်းကိုလည်း လျှော့ချနိုင်မည်ဖြစ်၍ များစွာ အကျိုးဖြစ်ထွန်းနိုင်ပါကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူ ဒေါ်သဲသဲအောင်ထံမှသိရသည်။

**အောင်စိုးဖေ(မြင်းမူ)**

သစ်ပင်စိုက်ပါ ဒို့ကမ္ဘာ
သာယာလှပ စိမ်းမြဲ

# အင်းဝမြို့ဟောင်း၌ ထမ်းထိုးအုပ်များ ဆက်လက်ထိန်းသိမ်းလုပ်ကိုင်

**အင်းဝ အောက်တိုဘာ ၅**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝမြို့ဟောင်းတွင် မြန်မာ့ရိုးရာ ယွန်းထည်အနုပညာလုပ်ငန်းကို ထိန်းသိမ်းလုပ်ကိုင်လျက်ရှိရာ အင်းဝမြို့ဟောင်း ဟံသာဝတီကျေးရွာအုပ်စု ရပ်တန်းရပ်တွင် ယွန်းထည်များကို အများဆုံးလုပ်ကိုင်ကြသည်။ အင်းဝမြို့ဟောင်းရှိ ယွန်းပညာရှင်များမှာ ယွန်းသပိတ်၊ နှီးဘုရား၊ သပိတ်ဖုံး၊ မင်္ဂလာအုပ်များနှင့် ထမ်းထိုးအုပ်ကလေးများကို အဓိကပြုလုပ်ကြသည်။

လက်ရှိကာလတွင် ဆွမ်းပန်းရေချမ်းကပ်အသင်းဖြစ်သည့် အုပ်ကလေးအသင်းများ တွင် အများဆုံးအသုံးပြုသော ရိုးရာထမ်းထိုးအုပ်ကလေးများကို ဆက်လက်ထိန်းသိမ်းပြုလုပ်လျက်ရှိသည်။ လက်ရာမြောက်ထမ်းထိုးအုပ်ကလေးများ ပြုလုပ်မှုကို အင်းဝဒေသတွင် ရှားရှားပါးပါးတွေ့ရှိရသည်။ ထမ်းထိုးအုပ်ကလေးများမှာ လက်ရာမြောက်ပြီးထမ်းပိုးကိုပင် ပန်းတောင်ကလေးများဖြင့် လှပစွာပြုလုပ်ပေးထားသည်။ အနုပညာလက်ရာမြောက်ထမ်းထိုးအုပ်တစ်စုံ (အုပ်စုံ)လျှင် တ ငွေကျပ် ၁၅၀၀၀၀ အထိ ပေးရသည်။ အနုပညာလက်ရာမြောက်သော ရှားပါးလှသည့် ထမ်းထိုးအုပ်ပြုလုပ်မှုမှာ အနုစိတ်လှသည်။

မြန်မာ့ရိုးရာ ယွန်းအနုပညာလုပ်ငန်း အစဉ်အလာနည်းပညာအတိုင်း အခြေခံ ဝါးအဖြူထည်မှအစ အချောကိုင်ကာ သစ်ဆေးသရိုးကိုင်သည်အထိအဆင့်ဆင့်ပြုလုပ်ကြရသည်။ အခြေခံ ဝါးအဖြူထည်ပြုလုပ်ခြင်းအတွက် ခွေထည်၊ ရက်ထည်၊ ပုတ်ထည်၊ ကြောင်လိမ်ထည်ဆိုသော နည်းများထဲမှ သင့်တော်ရာနည်းကိုအသုံးပြုကာ ပြုလုပ်ကြရသည်။ အခြေခံဖြစ်သော နှီးသပ်၊ နှီးခေါင်းထိုး၊ နှီးလွှားစသည့်လုပ်ငန်းများကို စိတ်ရှည်စွာပြုလုပ်ကြရသည်။

ရိုးရာထမ်းထိုးအုပ် တစ်စုံပြုလုပ်ရန် ခုနစ်ရက်ခန့်ကြာသည်။ ပြုလုပ်မှုအဆင့်တိုင်းပညာပါသည်။ ပွတ်သီးမှအစ၊ အံ၊ ခွာ၊ အံဖုံး၊ ခါးဆီး၊ ခွာဖုံး၊ ကလပ်တင်မှအစ လက်ရာမြောက်အောင် ပြုလုပ်ရသည်။ အများစုမှာ ဆွမ်း၊ ပန်း၊ ရေချမ်းကပ်အသင်း ဒေသအခေါ် အုပ်ကလေးအသင်းများမှ အများဆုံးအသုံးပြုကြသည်။ ရိုးရာထမ်းထိုးအုပ်တွင် တစ်ဖက်မှ ဆွမ်းအုပ်ကလေးပါရှိပြီး တစ်ဖက်တွင် ပန်းတောင်ပါရှိသည်။ ထိုအုပ်နှင့်ပန်းတောင်များကိုကြိုးဆိုင်းကလေးများ၊ ခွေကလေးများ အဆင့်ဆင့်ထည့်ပေးထားသည်။ လက်ရှိကာလတွင် မြန်မာ့ရိုးရာ ထမ်းထိုးအုပ်ကလေးများကို အင်းဝမြို့ဟောင်း ဟံသာဝတီကျေးရွာအုပ်စု ရပ်တန်းရပ်ကွက် နေပြည်လင်း ယွန်းအနုပညာလုပ်ငန်းတွင် မှာယူနိုင်ကြောင်း သိရသည်။



**နွေနဒီ(မြစ်ငယ်)**

## အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီသို့ အလှူငွေ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၅**

ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များ၌ ပြည်သူလူထု ကျန်းမာရေးဆိုင်ရာ အရေးကြီးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး ကော်မတီသို့ ယမန်နေ့ မွန်းလွဲပိုင်းတွင် အင်းစိန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်မှုရုံးခန်း၌ လာရောက်လှူဒါန်းခဲ့ကြသည်။



**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ထိုသို့ လှူဒါန်းရာတွင် အင်းစိန်မြို့နယ်၂၀၂၀ ရွေးကောက်ပွဲအောင်နိုင်ရေးကော်မတီ အဖွဲ့ခေါင်းဆောင် ဦးခင်မောင်ဌေး၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများ ဖြစ်ကြသည့် ဦးမောင်မောင်ဦး၊ ဦးခင်မောင်ရှိန်၊ ဦးဇော်ဝင်း(ခ)ကိုလတ်နှင့်ဦးဝေဖြိုးဟန်တို့က ရွေးကောက်ပွဲအောင်နိုင်ရေး အသုံးစရိတ်များထဲမှ ငွေကျပ် ၁၀ သိန်းအား ပေးအပ်လှူဒါန်းရာ မြို့နယ် ကိုဗစ်- ၁၉ ရောဂါ ကာကွယ်၊ထိန်းချုပ်ရေးနှင့်အရေးပေါ်တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းအောင်နှင့် တာဝန်ရှိသူများက လက်ခံရယူပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ဥာဏ်ဟိန်း

## ဗဟန်းမြို့နယ်ရှိ ကိုဗစ်-၁၉ သံဃာ့ဆေးရုံသို့ ကျန်းမာရေး အထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၅**

ရန်ကုန်မြို့ ဗဟန်းမြို့နယ် ကမ္ဘာအေးစေတီလမ်း၌ရှိသော အဘိဓမ္မရတနာဃရ ကိုဗစ်-၁၉ ခုတင် (၃၀၀) သံဃာ့ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများနှင့် ဆေးကုသမှုခံယူနေကြသော သံဃာတော်များ အထောက်အကူဖြစ်စေရန်အတွက် ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ ပေးအပ်လှူဒါန်းခြင်းကို အဆိုပါ သံဃာ့ဆေးရုံရှေ့၌ ယနေ့ ပြုလုပ်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး သာသနာရေးမှူး ဦးစိန်မော်ဦးနှင့် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများက ယခင်ကျန်းမာရေးအထောက်အကူပြုပစ္စည်းများနှင့် အလှူငွေများ လှူဒါန်းခဲ့ကြသော အလှူရှင်များအပါအဝင် ယခုလှူဒါန်းကြသည့် မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်မှ အလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အသင်းဝင် ၂၈ ဦး၊ ပြင်ပအလှူရှင် ၁၂ ဦး၏ လှူဒါန်းငွေကျပ် ၆၇၇၉၀၀၀၀ ကို လက်ခံခဲ့ကာ အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

သတင်း - ပွင့်သစ္စာ၊ ဓာတ်ပုံ - စိုးမြင့်အောင်



## ညောင်တုန်းပညာဒါနပရဟိတအဖွဲ့မှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများနှင့် လူမှုကူညီရေးပရဟိတအသင်းများသို့ အလှူငွေများ ပေးအပ်လှူဒါန်း

**ညောင်တုန်း အောက်တိုဘာ ၅**

ညောင်တုန်း ပညာဒါနပရဟိတအဖွဲ့နှင့် စေတနာရှင်များက စုပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများတွင် အသုံးပြုရန် လူမှုကူညီရေးပရဟိတအသင်းများသို့ အလှူငွေများ ပေးအပ်လှူဒါန်းပွဲကို ယနေ့ နံနက်ပိုင်းက အထက(၁) အသွားအလာကန့်သတ်စောင့်ကြည့်ရေးစင်တာ၌ ကျင်းပသည်။



ကိုဗစ်ရောဂါ ကာလအတွင်း ညောင်တုန်းမြို့နယ် လူမှုကူညီရေးအသင်းများသို့ ကိုဗစ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများနှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ရာတွင် အသုံးပြုနိုင်ရန်အတွက် အထက(၁) အသွားအလာကန့်သတ် စောင့်ကြည့်ရေးစင်တာသို့ အလှူငွေကျပ် ၃၅၀၀၀၀၊ နာရေးကူညီမှုအသင်း(ညောင်တုန်း)သို့ အလှူငွေကျပ် ၂၀၀၀၀၀၊ပီတိလူငယ်ပရဟိတအသင်းသို့ အလှူငွေကျပ် ၂၀၀၀၀၀၊ မြို့နယ်ကျန်းမာရေး အထောက်အကူပြုကော်မတီသို့ အလှူငွေကျပ် ၁၅၀၀၀၀ နှင့် ကြောင်သျှာကုန်းကျေးရွာ (Q) စင်တာသို့ အလှူငွေကျပ် ၅၀၀၀၀ နှင့် ရန်ကုန်မြို့နှင့် မအူပင်မြို့နယ်များရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် အရေးပေါ်လုပ်ငန်းများတွင် အသုံးပြုရန်နှင့် ညောင်တုန်းမြို့နယ်အတွင်းရှိ အသွားအလာကန့်သတ် စောင့်ကြည့်ရေးစင်တာ ၁၄ ခုအတွက် အပါအဝင် စုစုပေါင်း ငွေကျပ် ၂၀၉၀၀၀၀ အား တာဝန်ရှိသူများက ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ထွန်းကျော်(ညောင်တုန်း)

လူသားတို့၏ ကျန်းမာရေး
အိုဇုန်းလွှာကို ထိန်းသိမ်းပေး

## ကျောက်မဲခရိုင် ပြည်သူ့ဆေးရုံကြီးရှိ ကိုဗစ်-၁၉ လူနာအတွက် လိုအပ်သည်များ ကူညီလှူဒါန်း

**ကျောက်မဲ အောက်တိုဘာ ၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) ကျောက်မဲမြို့ ခရိုင်ပြည်သူ့ဆေးရုံကြီးရှိ သီးခြားဆောင်တွင် ထားရှိကုသပေးနေသည့် မိတ္ထီလာမြို့မှ ကိုဗစ်-၁၉ ပိုးတွေ့လူနာ ယာဉ်နောက်လိုက်တစ်ဦးအတွက် ကျောက်မဲမြို့နယ် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးဝင်းထိန်နှင့် လဝကဝန်ထမ်းများက စောင်၊ ခြင်ထောင်၊ ခေါင်းအုံးနှင့် အင်္ကျီ၊ ပုဆိုးတို့ကို ယနေ့ သွားရောက်လှူဒါန်းပေးခဲ့ကြသည်။

အဆိုပါလူနာအတွက် တစ်ရက်လျှင် သုံးနပ်ဖြင့် ထမင်းဟင်းများကိုလည်း ထမင်းဆိုင်နှင့်ချိတ်ဆက်ကာ တာဝန်ယူလှူဒါန်းထားရှိကြောင်း သိရသည်။

သီပေါကိုလတ်

## မအူပင်ခရိုင်၌ လူမှုစီးပွားဘဝတိုးတက်ရေးအတွက် ဆောင်ရွက်မှုလုပ်ငန်း ရာနှုန်းပြည့် ပြီးစီး

**မအူပင် အောက်တိုဘာ ၅**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မအူပင်၊ ညောင်တုန်း၊ ဓနုဖြူ၊ ပန်းတနော်မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေဖြင့် တွင်းနက် ၂၂ တွင်း၊ ရေသန့်စင်စနစ် သုံးခု၊ အခြားလုပ်ငန်း (မြေသားရေကန်အနက် နှိုက်ခြင်း၊ ရေကန်ခြံစည်းရိုးကာရံခြင်း၊ ရေစက်ရုံနှင့် အုတ်ရေလှောင်ကန်ပြုပြင်ခြင်း) ၁၁ ခု၊ ထုတ်ကုန်ထွက်ကုန်များ ကုန်ကျစရိတ် အနည်းဆုံးဖြင့် ကုန်ထုတ်လမ်း(မြေသားလမ်းခင်းခြင်း၊ မြေရောကျောက်စရစ်ခင်းခြင်း) နှစ်လမ်း၊ Box Culvert လေးစင်း ဖောက်လုပ်ပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

**ရာနှုန်းပြည့်ပြီးစီး**

ထို့ပြင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအား ကျေးရွာ ခုနစ်ရွာတွင် အရင်းမပျောက် မတည်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်း၊ ကိုယ်တိုင်ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲခြင်း၊ VDP ကျေးရွာ ၅၀ တွင် အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊ ကိုဗစ်-၁၉ ရောဂါ အကျိုးဆက်သက်ရောက်ခြင်းခံရသည့် ကျေးလက်ဒေသနေပြည်သူများ ဝင်ငွေရရှိစေရန်နှင့် အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးစေရန်အတွက် Cash for Work စီမံကိန်းကျေးရွာ ၂၃ ရွာ၊ ကျေးလက်နေ လုပ်ကွက်ငယ်တောင်သူများ၊ ထုတ်လုပ်ရောင်းချနေသူများအား သွင်းအားစုနှင့် အရင်းအနှီးများရရှိစေရန်အတွက် ကျေးရွာ မတည်ရန်ပုံငွေဖြင့် ကျေးရွာ ၁၂ ရွာတို့တွင် ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်သည်။



မအူပင်ခရိုင် လေးမြို့နယ်အတွင်းရှိ ကျေးရွာများတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူမှုစီးပွားဘဝတိုးတက်ရေးအတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ကျေးရွာအုပ်စု ၂၃၅ အုပ်စု၊ ကျေးရွာပေါင်း ၁၆၄၈ ရွာတွင် လျာထားလုပ်ငန်းများနှင့် စီမံကိန်းလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးကြောင်း ခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စိုးစိုးမြင့်ထံမှ သိရသည်။

ခရိုင်(ပြန်/ဆက်)

# ကိုဗစ်-၁၉ ကာလအတွင်း ဦးနှောက်နှင့် အာရုံကြောရောဂါရှိသူများအတွက် အကြံပြုချက်များ အပိုင်း(၁)

## (လေဖြတ်ရောဂါခံစားနေရသော လူနာများအတွက်)

ဒေါက်တာစိမ်းမြမြအေး
(ဦးနှောက်နှင့်အာရုံကြော အထူးကုဆရာဝန်)

ကမ္ဘာတစ်ဝန်းဖြစ်ပွားနေတဲ့ ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ကျွန်မတို့အားလုံး ပုံမှန်နေထိုင်ပြုမူနေကျအတိုင်း နေထိုင်လို့မရတော့တဲ့အခါ အဆင်မပြေမှုတွေ၊ အခက်အခဲတွေ မျိုးစုံကြုံတွေ့နေကြရပါတယ်။ ကျန်းမာသန်စွမ်းပြီး ကိုယ့်ကိုယ်ကိုယ်စောင့်ရှောက်နိုင်သူတွေအတွက်တောင် ခက်ခဲနေတာဖြစ်လို့ သူတစ်ပါးရဲ့ ကူညီစောင့်ရှောက်မှုနဲ့နေရတဲ့ ရောဂါအခံရှိသူတွေ၊ သက်ကြီးရွယ်အိုတွေအတွက် ပိုလို့ခက်ခဲမှာ ပြောဖွယ်မရှိတော့ပါ။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ အတတ်နိုင်ဆုံးကာကွယ်ဖို့ အသွားအလာ ကန့်သတ်မှုတွေကြောင့် ပုံမှန်ပြုလုပ်နေကျ ဆေးရုံ၊ ဆေးခန်း ရက်ချိန်း ပုံမှန်ပြသဖို့ ခက်တာ၊ ပိုးကူးမှာစိုးလို့ ဆေးရုံ၊ ဆေးခန်း မသွားရဲတော့တာတွေကြောင့် ရှိရင်းစွဲရောဂါတွေအတွက် ကုသမှုတွေမရဘဲ ဆိုးကျိုးတွေ ဖြစ်ကုန်ကြမှာ စိုးရိမ်ရပါတယ်။




အထူးသဖြင့် လေဖြတ်ရောဂါခံစားနေရတဲ့ လူနာတွေမှာ ဆေးပြတ်သွားရင် လေပြန်ဖြတ်နိုင်တာကြောင့် ကိုဗစ် -၁၉ ကာလအတွင်းမှာ လေဖြတ်ရောဂါ လူနာတွေအတွက် ဆက်လက်ကျန်းမာအောင် နေထိုင်နိုင်ဖို့ အကြံပြုချက်တွေ ဖြစ်ပါတယ်။

**(က) လေဖြတ်ရောဂါရှိသူတွေမှာ ကိုဗစ်-၁၉ ရောဂါဖြစ်နိုင်ခြေ ပိုရှိပါသလား။**

လေဖြတ်ရောဂါရှိသူတွေထဲမှာ အသက် ၇၀နှင့်အထက်ရှိသူ ဆီးချို၊ သွေးတိုး၊ နှလုံးနဲ့ အဆုတ်ရောဂါအခံရှိရင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ဖို့ ပိုအန္တရာယ်ရှိပါတယ်။ ဒါကြောင့် မိမိကိုယ်ကို ကာကွယ်ဖို့၊ မကူးစက်အောင် နေထိုင်ဖို့ အရေးကြီးပါတယ်။

ကိုဗစ်-၁၉ ရောဂါကူးစက်ခဲ့ရင်လည်း ကိုဗစ်-၁၉ လက္ခဏာတွေထဲက အဖြစ်အများဆုံးဖြစ်တဲ့ ပြင်းထန်အဆုတ်ရောင်ရောဂါရဖို့ ဖြစ်နိုင်ခြေ ပိုများသလို တခြားလက္ခဏာတွေလည်း ပိုများတတ်ပါတယ်။ ဒါကြောင့် လက်ခဏခဏဆေးဖို့၊ ဖြစ်နိုင်ရင်အိမ်ထဲမှာပဲနေဖို့၊ တခြားလူတွေနဲ့ ခပ်ခွာခွာနေဖို့၊ အပြင်ထွက်ရင် နှာခေါင်းစည်းမဖြစ်မနေတပ်ဖို့ သတိကြီးကြီးထားကာ နေထိုင်ဖို့လိုပါမယ်။







**(ခ) ကိုဗစ်-၁၉ ကာလအတွင်း လေဖြတ်ရောဂါရှိသူများ နေထိုင်နည်း အကြံပေးချက်များ။**

ကမ္ဘာတစ်ဝန်း မိမိနိုင်ငံအတိုင်းအတာနဲ့ပေးနိုင်တဲ့ ကျန်းမာရေး ဝန်ဆောင်မှုနဲ့ ပံ့ပိုးနိုင်တဲ့ ထောက်ကူအဖွဲ့အစည်းတွေအပေါ် မူတည်ပြီး လေဖြတ်ရောဂါရှိသူတွေအတွက် ကိုဗစ်-၁၉ ကာလအတွင်း နေထိုင်နည်း အကြံပေးတာတွေ ပြုလုပ်ကြပါတယ်။

ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်တဲ့ ကျွန်မတို့နိုင်ငံရဲ့ အခြေခံကျန်းမာရေးစောင့်ရှောက်မှု အနေအထား၊ လူနာတွေနေထိုင်ကြတဲ့ မြို့၊ ရွာဒေသနဲ့လက်လှမ်းမီတဲ့ ပြည်သူ့ဆေးရုံ၊ ပုဂ္ဂလိကဆေးရုံတွေက ပေးနိုင်တဲ့ ဝန်ဆောင်မှုတွေအပေါ် မူတည်ပြီး ပြည်သူတွေအတွက် အသင့်တော်ဆုံးအကြံပြုချက်တွေကို မျှဝေပေးချင်ပါတယ်။

**(၁) လေဖြတ်ရောဂါရှိသူတွေ သောက်လက်စဆေးတွေ မပြတ်လပ်စေဖို့ ကြိုတင်ဝယ်ယူပါ။**

လေဖြတ်ရောဂါရှိသူတွေအနေနဲ့ ဆရာဝန်ညွှန်ကြားထားတဲ့ ကာလအပိုင်းအခြားအတိုင်း သောက်ရမယ့်ဆေးတွေ မပြတ်လပ်ရအောင် မိမိနိုင်တဲ့ ငွေကြေးပမာဏအပေါ်မူတည်ပြီး နီးစပ်ရာဆေးရုံ၊ ဆေးခန်း၊ ဆေးဆိုင်တွေက ဆေးကို ကြိုတင်ဝယ်ယူပါ။ လေဖြတ်ရောဂါရှိသူတွေမှာ ဆေးတစ်ရက်၊ နှစ်ရက်ပြတ်ရုံနဲ့ လေပြန်ဖြတ်တတ်တာကြောင့် ဆေးမပြတ်ဖို့ (ဥပမာ- သွေးကျဲဆေး၊ သွေးပျော်ဆေး) အလွန်အရေးကြီးပါတယ်။

**(၂) ဆေးဝယ်ယူရာမှာ သောက်နေကျဆေး မှန်၊ မမှန် သေချာစေဖို့ စစ်ဆေးပါ။**

ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုနည်းအောင် လိုအပ်ချက်အရ ထိန်းချုပ်ထားတဲ့ အသွားအလာ ကန့်သတ်ချက်တွေကြောင့် ပုံမှန်ဝယ်နေကျ ဆေးရုံ၊ ဆေးခန်းတွေမှာ ဆေးဝယ်ရတာ အခက်အခဲ ရှိတတ်ပါတယ်။ ဒါကြောင့် နီးစပ်ရာ လက်လှမ်းမီတဲ့ ဆေးဆိုင်ကနေ ဝယ်ယူကြရတာရှိပါတယ်။ အဲဒီအခါ ဆေးမှာပါတဲ့ ဓာတုပစ္စည်းတူပေမယ့် ဆေးထုတ်လုပ်တဲ့ ကုမ္ပဏီအမျိုးမျိုးက ဆေးနာမည်တွေ၊ ထုပ်ပိုးမှုပုံစံတွေ ကွဲပြားတာကြောင့် မိမိသောက်နေကျဆေး ဟုတ်၊ မဟုတ် စိုးရိမ်ပြီး သောက်လက်စကုန်ရင် ဆေးရပ်ပစ်လိုက်တာမျိုး ရှိသလို ပုံစံဆင်တူ ဆေးကတ်၊ ဆေးလုံးဖြစ်လို့ ပါဝင်တဲ့ ဓာတုပစ္စည်းမတူတာကို မသိဘဲ မှားသောက်တတ်ကြပါတယ်။ ဒါကြောင့် မိမိသောက်လိုတဲ့ဆေး ဟုတ်၊ မဟုတ် နီးစပ်ရာတတ်ကျွမ်းနားလည်တဲ့လူတွေကို သေချာအောင်မေးပြီးမှ သောက်ဖို့ အလွန်အရေးကြီးပါတယ်။

ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာတော့ ဆေးဆိုင်တွေက ဆေးအညွှန်းကို တိကျစွာ ရေးသားမှာကြားတဲ့စနစ်အခြေခိုင်နေပြီဖြစ်ပေမယ့် ကျွန်မတို့လိုနိုင်ငံတွေမှာတော့ အလျဉ်းသင့်သလိုဝယ်ယူပြီး သောက်နေရသလို ဆေးညွှန်းတွေ တိတိကျကျ ရေးပြီး မှာကြားတာမျိုး ဆိုင်တိုင်း မလုပ်နိုင်ကြသေးတာကြောင့် မှားဖို့ အခွင့်အရေးများနေပါသေးတယ်။

**(၃) ရက်ချိန်းအတိုင်း ပြန်လည်ပြသဖို့ အတတ်နိုင်ဆုံးကြိုးစားပါ။**

ကိုဗစ်-၁၉ ကာလအတွင်းဖြစ်ပေမယ့် လေဖြတ်ရောဂါရှိသူတွေအနေနဲ့ မိမိကိုကုသမှုပေးနေတဲ့ မိသားစုဆရာဝန်၊ သမားတော်၊ ဦးနှောက်နှင့် အာရုံကြော အထူးကုတို့က ချိန်းဆိုထားတဲ့အတိုင်း ပြန်ပြဖို့ အတတ်နိုင်ဆုံးကြိုးစားပါ။ ပေးထားတဲ့ဆေးတွေမှာ အချိန်အပိုင်းအခြားအလိုက်၊ အတိုး၊ အလျှော့လုပ်ဖို့ ဆေးတွေရှိနိုင်တာကြောင့် ပြန်မပြသဘဲ ဆက်သောက်နေရင် ဘေးထွက်ဆိုးကျိုး တွေရှိနိုင်ပါတယ်။

ပြသနေကျဆရာဝန်ကို ပြသဖို့မဖြစ်နိုင်ရင် မိမိနဲ့နီးစပ်ရာ လက်လှမ်းမီတဲ့ နေရာတွေရှိတဲ့ ဆေးရုံ၊ ဆေးခန်းမှာ ပြသပါ။ ဆေးရုံ၊ ဆေးခန်းသွားတဲ့အခါမှာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ စည်းကမ်းအတိုင်း လိုက်နာဖို့လည်း အရေးကြီးပါတယ်။

အွန်လိုင်း တိုင်ပင်ဆွေးနွေးခြင်းတွေ ပြုလုပ်ပေးနိုင်တဲ့ ဆေးရုံ၊ ဆေးခန်း တွေရှိပါက အွန်လိုင်းတိုင်ပင်ပြသခြင်း လုပ်လို့ရပါတယ်။

**(၄) လိုအပ်သလို အရေးပေါ်ကုသမှုခံယူပါ။**

လေဖြတ်ရောဂါရှိသူတွေ ရောဂါလက္ခဏာအသစ်ဖြစ်တာ၊ ပိုဆိုးလာတာ တွေရှိပါက မိသားစုဝင်တွေ၊ ကူညီပေးနိုင်တဲ့ လူမှုရေးအဖွဲ့အစည်းတွေက နီးစပ်ရာဆေးရုံ၊ ဆေးခန်းကိုပို့ပြီး ကုသမှုခံယူနိုင်ဖို့ ကူညီပေးဖို့ လိုပါတယ်။ ပြည်သူ့ဆေးရုံနဲ့ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်းတွေမှာလည်း အရေးပေါ်ကုသမှု ရအောင် စီမံဆောင်ရွက်ထားရှိပါတယ်။

**(၅) ကျန်းမာတဲ့ စားသောက်နေထိုင်မှုကို ဆက်လုပ်ပါ။**



အသွားအလာ အကန့်အသတ်တွေကြောင့် အစားအသောက် ဝယ်ယူရာမှာ အခက်အခဲတွေ ရှိလာကြတယ်။ ဝယ်ယူထားတဲ့ အစားအသောက်တွေထဲကပဲ အတတ်နိုင်ဆုံး တစ်နေ့တာ အာဟာရပြည့်စုံအောင်နဲ့ ကျန်းမာရေးနဲ့ညီညွတ်တဲ့ အစားအသောက်တွေကို ရွေးချယ်စားသောက်ဖို့ အရေးကြီးပါတယ်။

**(၆) ကိုယ်လက်လှုပ်ရှား အားကစား ဆက်လုပ်ပါ။**

ဖြစ်နိုင်ပါက နေ့စဉ်လုပ်နေကျ ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းတွေ ဆက်လုပ်ပါ။ လူနေမထူထပ်တဲ့ ကျေးရွာတွေမှာ လူနဲ့ဝေးတဲ့နေရာမှာ လမ်းလျှောက်ဖို့၊ လေ့ကျင့်ခန်းလုပ်ဖို့ အဆင်ပြေနိုင်ပေမယ့် လူနေထူထပ်တဲ့ မြို့ကြီးတွေမှာ အခက်အခဲရှိနိုင်ပါတယ်။ ဒါကြောင့် မိမိရဲ့ အိမ်ထဲ၊ ခြံထဲမှာပဲ လမ်းလျှောက်တဲ့၊ အကြောဆန့်တဲ့ လေ့ကျင့်ခန်းတွေပြုလုပ်ပါ။ အိမ်အပြင်မှာ လုပ်လို့မလွယ်ရင် အိမ်ထဲမှာပဲ တစ်ကိုယ်ရေလုပ်လို့ရတဲ့ သင့်တော်တဲ့ လေ့ကျင့်ခန်းတွေကို ပြောင်းလုပ်ပါ။



လေ့ကျင့်ခန်း ပုံမှန်လုပ်တာဟာ ကိုယ်ခန္ဓာ ကျန်းမာရုံသာမက ကိုဗစ်-၁၉ ကာလအတွင်း ဖြစ်တတ်တဲ့ စိုးရိမ်ပူပန်တာ၊ စိတ်ဖိစီးတာ၊ စိတ်ဓာတ်ကျတာနဲ့ အိပ်မပျော်တာတွေကိုလည်း သက်သာစေမှာ ဖြစ်ပါတယ်။

**(၇) စိတ်ချမ်းသာအောင် ကြိုးစားနေထိုင်ပါ။**

လေဖြတ်ရောဂါရှိသူတွေဟာ စိတ်ဓာတ်ကျလွယ်တတ်ပါတယ်။ ကိုဗစ်-၁၉ ကာလမှာ စိတ်လုံခြုံမှုမရှိတာ၊ စိုးရိမ်စိတ်များတာ၊ အိပ်မပျော်တာ စတာတွေ ခံစားရနိုင်ပါတယ်။ ဒါကို မိမိကိုယ်ပိုင်မိသားစုက အတတ်နိုင်ဆုံး အကောင်းဘက်ကတွေးဖို့ ကြိုးစားပြီးအားပေးရပါမယ်။ မကောင်းတဲ့အတွေးတွေ စိတ်ဓာတ်ကျစရာအတွေးတွေ မတွေးဖြစ်အောင် မိမိဝါသနာပါတဲ့ အလုပ်တွေ လုပ်တာ၊ ရုပ်ရှင်ကြည့်တာ၊ စာဖတ်တာ၊ ချက်ပြုတ်တာ၊ ဘာသာရေးအသစ်တွေ လေ့လာကြည့်တာစတာတွေ လုပ်နေဖို့လိုပါတယ်။ မိမိကိုးကွယ်တဲ့ ဘာသာအလိုက် တရားထိုင်တာ၊ ပုတီးစိပ်တာ၊ ကျမ်းစာဖတ်တာ၊ ဆုတောင်းတာတွေလည်း လုပ်နိုင်ပါတယ်။ မိမိနဲ့ဘဝတူ လေဖြတ်ရောဂါရှိသူတွေနဲ့ စကားပြောပါ။ အပြန်အလှန်အားပေးပါ။ မိမိသိထားတဲ့ ကျန်းမာရေး ဗဟုသုတတွေကိုလည်း မျှဝေပါ။ မိသားစု၊ ဆွေမျိုး၊ သူငယ်ချင်းတွေနဲ့လည်း အဆက်အသွယ် မပြတ်အောင်နေပါ။ မိမိကိုယ်တိုင် မထူမထနိုင်တဲ့ လေဖြတ်လူနာတွေအတွက်လည်း မိသားစုက စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှု ပြုလုပ်ပေးဖို့လည်း အရေးကြီးပါတယ်။

**(၈) မိသားစုဝင်တစ်ဦးဦး နေထိုင်မကောင်းပါက တတ်နိုင်သရွေ့ သီးခြားခွဲနေပါ။**



မိသားစုဝင် တစ်ဦးဦးတွင် ချောင်းဆိုးတာ၊ ဖျားနာတာစတဲ့ လက္ခဏာတွေ ခံစားရရင် တတ်နိုင်သလောက် လေဖြတ်ရောဂါရှိသူနဲ့ အထိအတွေ့ နည်းအောင် သီးခြားနေထိုင်သင့်ပါတယ်။ ခြောက်ပေခွာ၍ နေပါ။ မဖြစ်နိုင်ပါက နှစ်ဦးစလုံး နှာခေါင်းစည်းတပ်ပါ၊ လက်ခဏခဏဆေးပါ။ ရေများများသောက်ပါ။ ဖြစ်နိုင်ပါက ပြတင်းပေါက်ဖွင့်လို့ရတဲ့ အခန်းမှာနေပါ။ သီးခြားအခန်းမှာ အိပ်ပါ။ ပန်းကန်ခွက်ယောက်၊ သွားတိုက်တံ၊ မျက်နှာသုတ်ပဝါ စတဲ့ အသုံးအဆောင်တွေ အတူတူမသုံးပါနဲ့၊ အစားအသောက် အတူတူ မစားပါနဲ့။ (မှတ်ချက် ။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနက ထုတ်ပြန်ထားတဲ့ စည်းကမ်းချက်တွေအတိုင်း တိကျစွာလိုက်နာပါ။)

**မိမိနဲ့ဘဝတူ လေဖြတ်ရောဂါရှိသူတွေနဲ့ စကားပြောပါ။ အပြန်အလှန်အားပေးပါ။ မိမိသိထားတဲ့ ကျန်းမာရေး ဗဟုသုတတွေကိုလည်း မျှဝေပါ။ မိသားစု၊ ဆွေမျိုး၊ သူငယ်ချင်းတွေနဲ့လည်း အဆက်အသွယ် မပြတ်အောင် နေပါ။ မိမိကိုယ်တိုင် မထူမထနိုင်တဲ့ လေဖြတ်လူနာတွေ အတွက်လည်း မိသားစုက စိတ်ပိုင်းဆိုင်ရာပံ့ပိုးမှု ပြုလုပ် ပေးဖို့လည်း အရေးကြီးပါတယ်။**

**(၉) ကိုဗစ်-၁၉ လက္ခဏာနဲ့ဆင်တူတဲ့ လက္ခဏာတွေ ခံစားရပါက စောစီးစွာကုသမှုခံယူပါ။**

လေဖြတ်ရောဂါရှိတဲ့လူနာတွေမှာ ကိုဗစ်-၁၉ လက္ခဏာနဲ့ဆင်တူတဲ့ လက္ခဏာခံစားရပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းမှာပြသပြီး စောစီးစွာ ကုသမှုခံဖို့ အလွန်အရေးကြီးပါတယ်။

**(ဂ) ရုတ်တရက်လေဖြတ်ရောဂါလက္ခဏာ ခံစားရသူတွေအတွက် အကြံပေးချက်**

ကိုဗစ်-၁၉ကာလအတွင်း မည်သူမဆို လေဖြတ်ခြင်း ရှေ့ပြေးလက္ခဏာတွေ (ရုတ်တရက် မျက်နှာရွဲ့တာ၊ စကားမပီမသဖြစ်တာ၊ စကားမပြောနိုင်တာ၊ လက်၊ ခြေတစ်ဖက် လေးလံတာ၊ မူးဝေတာ) ခံစားရပါက နီးစပ်ရာ ဆေးရုံ၊ ဆေးခန်းသို့ အမြန်ဆုံးသွားရောက်ကုသမှုခံယူရပါမယ်။

ကိုဗစ်-၁၉ ကာလဖြစ်သော်လည်း ပြည်သူ့ဆေးရုံတွေနဲ့ ပုဂ္ဂလိကဆေးရုံတွေမှာ ကျန်းမာရေးဝန်ထမ်းတွေက ကိုဗစ်-၁၉ မဟုတ်တဲ့ မကူးစက်တတ်တဲ့ ရောဂါတွေကိုလည်း အတတ်နိုင်ဆုံး ကုသမှုပေးနေတာကြောင့် စောစီးစွာ ကုသမှုခံယူကြဖို့ တိုက်တွန်းပါရစေ။

"လေဖြတ်ရောဂါခံစားနေရတဲ့ လူနာတွေနဲ့တကွ အားလုံး ကိုဗစ်-၁၉ ရောဂါမှ လွတ်ကင်းပြီး ကိုယ်စိတ်နှစ်ပါး ကျန်းမာချမ်းသာစွာ ရှိပါစေဟု ဆုမွန်ကောင်းတောင်းလျက် မေတ္တာပို့သအပ်ပါတယ်။" ။

COVID- 19 ရောဂါ ကာကွယ်ဖို့ မိမိမှစ၍ စည်းကမ်းများကို လိုက်နာစို့

# အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ ၂၀၂၁ ခုနှစ် ဧပြီလတွင် ပြန်လည်ကျင်းပရန် အာဆီယံဘောလုံးအဖွဲ့ချုပ် ဆုံးဖြတ်

ရန်ကုန် အောက်တိုဘာ ၅

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ကိုဗစ်-၁၉ ရောဂါကြောင့် ယခုနှစ်တွင် ကျင်းပနိုင်ခြင်းမရှိခဲ့သည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို လာမည့်နှစ်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခင်က ယင်းပြိုင်ပွဲကို ယခုနှစ် နိုဝင်ဘာ ၂၂ ရက်မှ ဒီဇင်ဘာ ၂၇ ရက်အထိ ကျင်းပရန် စီစဉ်ထားသော်လည်း ကိုဗစ်-၁၉ ရောဂါကြောင့် လာမည့်နှစ်သို့ ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်ပြီး ဧပြီ ၁၁ ရက်မှ မေ ၈ ရက်အထိ ကျင်းပမည်ဖြစ်သည်။

အာဆီယံဘောလုံးအဖွဲ့ချုပ်အနေဖြင့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ ကျင်းပမည့်ကာလကို အတည်ပြုထားသော်လည်း အရှေ့တောင်အာရှနိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါ အခြေအနေအပေါ် မူတည်ကြောင်း သိရသည်။ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ၁၉၉၆ ခုနှစ်တွင် စတင်ကျင်းပခဲ့ပြီး အရှေ့တောင်အာရှဒေသတွင်း၌ အဆင့်မြင့်ဆုံးပြိုင်ပွဲလည်းဖြစ်ကာ ယခင်က တိုက်ဂါးဖလားပြိုင်ပွဲ၊ အာဆီယံချန်ပီယံရှစ်ပြိုင်ပွဲအမည်များဖြင့် ကျင်းပခဲ့သော်လည်း လက်ရှိပြိုင်ပွဲအမည်ဖြစ်သည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအမည်ဖြင့် ကျင်းပလာသည်မှာ ဆယ်စုနှစ်တစ်ခုကျော် ကြာမြင့်သွားပြီဖြစ်သည်။

ပြိုင်ပွဲကျင်းပမည့်ပုံစံကိုလည်း ယခင်အတိုင်း ပြုလုပ်သွားမည်ဖြစ်ပြီး အုပ်စုပွဲများကို ငါးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ကာ ပြိုင်ပွဲဝင်အသင်းတစ်သင်းအနေဖြင့် အုပ်စုလေးပွဲကို အိမ်ကွင်းနှစ်ပွဲ၊ အဝေးကွင်းနှစ်ပွဲကစားရခြင်းဖြစ်ပြီး ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကို အိမ်ကွင်း၊ အဝေးကွင်းပုံစံဖြင့် နှစ်ကျော့ ကစားရခြင်းဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ယခုနှစ်အတွင်း ကျင်းပရန် စီစဉ်ထားသည့်ပြိုင်ပွဲများအနက် နှစ်နှစ်တစ်ကြိမ် ကျင်းပသည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကိုသာ ရွှေ့ဆိုင်းခဲ့ခြင်းဖြစ်ပြီး ကျန်ပြိုင်ပွဲရှစ်ခုစလုံးကို ဖျက်သိမ်းခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်းမှာလည်း ကပ်ရောဂါအခြေအနေကြောင့် ယခုနှစ်အတွင်း နိုင်ငံတကာ ပြိုင်ပွဲတစ်ခုမျှ ယှဉ်ပြိုင်ခဲ့ရခြင်းမရှိဘဲ လာမည့်နှစ်မှသာ ပြန်လည်ယှဉ်ပြိုင်ရမည်ဖြစ်သည်။

သတင်း - ရှိုင်းထက်ဇော်
ဓာတ်ပုံ - စိုးညွန့်




၂၀၁၈ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲတွင် မြန်မာနှင့် ဗီယက်နမ်အသင်း ယှဉ်ပြိုင်ခဲ့စဉ်။




## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
## ကချင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန
## တင်ဒါခေါ်ယူရေးကော်မတီ
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ကချင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာ ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် မြို့နယ်(၁၈) မြို့နယ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်ရေပေးရေးလုပ်ငန်း (၁၁၁)ခု၊ ကုန်ထုတ်လမ်း(၅၀)လမ်း၊ ကုန်ထုတ်တံတား(၂၈)စင်း၊ Box Culvert(၆၅)စင်း၊ Pipe Culvert (၃၃)စင်း၊ ရုံးအဆောက်အအုံ(၁) ထပ်-(၅)လုံး၊ ဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ (၂)ထပ်-(၁)လုံးနှင့် ဝန်ထမ်းအိမ်ရာ(၄)ခန်းတွဲ (၁)ထပ်-(၁)လုံး စုစုပေါင်းလုပ်ငန်း(၂၉၄) ခုအား အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ကြောင်း ဖိတ်ခေါ်ကြေညာအပ်ပါသည်-

(က) တင်ဒါလျှောက်လွှာ ရောင်းချမည့်ရက် - ၃-၁၀-၂၀၂၀ရက်(စနေနေ့)မှ ၄-၁၁-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့)ထိ (နံနက် ၁၀:၀၀နာရီမှ ညနေ ၁၆:၀၀နာရီထိ)

(ခ) တင်ဒါလျှောက်လွှာလက်ခံ ခြင်းပိတ်သိမ်းမည့်ရက် - ၄-၁၁-၂၀၂၀ရက်(ဗုဒ္ဓဟူးနေ့) (ညနေ ၁၆:၀၀နာရီထိ)

၂။ အသေးစိတ်အချက်အလက်များကို ကချင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဖုန်းနံပါတ် (၀၇၄-၂၅၂၄၂၂/၀၇၄-၂၅၂၀၉၉၇)များသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးကော်မတီ**
**ကချင်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း(၅/၂၀၂၀-၂၀၂၁)

၁။ ၂၀၂၀-၂၀၂၁ဘဏ္ဍာရေးနှစ်၊ မြန်မာကျပ်ငွေဖြင့် စက်ရုံများတွင် အသုံးပြုရန်လိုအပ်သော Panels/CT/Battery Bank for Substation 1-Lot ဝယ်ယူတပ်ဆင်ခြင်း လုပ်ငန်းအားဆောင်ရွက်ရန်အတွက် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါသည်။

၂။ ၇-၁၀-၂၀၂၀ရက်မှစ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄)၊ ဘဏ္ဍာရေးဌာန(နေပြည်တော်)တွင် လာရောက်ဝယ်ယူနိုင်ပြီး တင်ဒါကြော်ငြာအား ဝန်ကြီးဌာန website(www.moee.gov.mm)တွင်လည်း ကြေညာထားမည်ဖြစ်ပါသည်။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါအား ၄-၁၁-၂၀၂၀ရက်၊ ၁၂:၀၀နာရီ နောက်ဆုံးထား၍ စီမံရေးဌာန၊ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်(သို့မဟုတ်) ရေနံဓာတုဗေဒပစ္စည်းများ သယ်ပို့/ဖြန့်ဖြူးရေးဌာန၊ အမှတ်(၇/ခ)သန်လျက်စွန်းလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့သို့ လူကိုယ်တိုင်လာရောက် တင်သွင်းရန်ဖြစ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၃၄၁၁၁၂၃၊ ၀၆၇-၃၄၁၁၁၉၃**

## ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့
## နည်းပညာတက္ကသိုလ်(ပုသိမ်)
## တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကြီးကြပ်မှုဖြင့် ၂၀၂၀-၂၀၂၁ခု၊ ဘဏ္ဍာရေးနှစ်အတွက် ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာန၊ ဧရာဝတီတိုင်းဒေသကြီး၊ နည်းပညာတက္ကသိုလ်(ပုသိမ်)တွင် အောက်ဖော်ပြပါ တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များထံမှ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

(က) ၄ခန်းတွဲလေးထပ် ဆရာ/မဆောင် RC(၁၀၀'x၃၀')အဆောင်အဝင်လမ်း(၁၀၀'x၁၂'x၈")၊ ပြင်ပရေ(၄လက်မ အဝီစိတွင်း၊ ဂါလန် ၁၂၀၀၀ ဆံ့ မြေအောက်ရေလှောင်ကန်၊ 5.5Hp Submersible pump နှင့်အဆောက်အဦ)၊ ပြင်ပမီးသွယ်တန်းခြင်း အပါအဝင် (၁)လုံး တည်ဆောက်ခြင်းလုပ်ငန်း

(ခ) စားသောက်ဆိုင်ခန်း RC(၁)ထပ်(၁၂၅'x၃၅')(ပြင်ပမီးသွယ်တန်းခြင်းအပါအဝင်) (၁)လုံး ဆောက်လုပ်ခြင်းလုပ်ငန်း

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့် စည်းကမ်းချက်များကို (၉-၁၀-၂၀၂၀)ရက်မှစ၍ Onlineစနစ်ဖြင့် ရောင်းချပေးမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို (၉-၁၁-၂၀၂၀)ရက်၊ ညနေ (၄:၀၀)နာရီနောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်ဖြစ်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၉-၄၃၀၀၀၁၄၂၊ ၀၉-၅၂၀၂၉၆၇၊ ၀၉-၈၈၅၂၀၂၉၆၇နှင့် website ဖြစ်သော http://www.patheintu.edu.mm တို့တွင် ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**(တင်ဒါကော်မတီ)**
**နည်းပညာတက္ကသိုလ်(ပုသိမ်)**

တော
တောင်
ပျက်ပြုန်း
မြေဆီ
သုဉ်း၏

## အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်စန္ဒီထွန်း[၁၂/ဗတထ(နိုင်)၀၃၅၅၀၀] အမည်ပေါက်သည့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြေတိုင်းရပ်ကွက်အမှတ်(၄၄) မြေကွက်အမှတ်(၁၂၄) အကျယ်အဝန်း (၄၀x၆၀)ပေရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦးအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ရောင်းချသူ ဦးဝင်းဗိုလ် [၁၂/ဥကတ(နိုင်)၀၁၆၅၉၈] က တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏ မိတ်ဆွေများမှ အရောင်းအဝယ်ပြုလုပ်ရန် သဘောတူသဖြင့် ရောင်းချသည့်ပစ္စည်း၏ တန်ဖိုးငွေတစိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ပြုလုပ်မှုကို ကန့်ကွက်လိုပါက ဤသတင်းစာကြေညာချက်ပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်မာလုံလောက်သော စာချုပ်စာတမ်းမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက ရောင်းဝယ်မှုကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝင့်စန္ဒီအောင်**
**အထက်တန်းရှေ့နေ (စဉ်-၃၁၁၄၆)**
**အမှတ်(၃၇၉)၊ သစ္စာ(၉)လမ်း**
**(၃၉/A)ရပ်ကွက်၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်**
**ဖုန်း-၀၉-၇၉၅၆၈၂၉၅၄**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ရန်ကုန်တိုင်းဒေသကြီး၊ ကျိုက္ကဆံရပ်ကွက်၊ ဥသဘဖယားလမ်း၊ ၅-လွှာ၊ အမှတ်(၁၀)နေ ဒေါ်ဝင့်မြတ်နိုင်[၁၂/ဗဟန(နိုင်)၀၉၇၀၆၉]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄၂၊ လူနေရပ်ကွက်အမှတ်-၄၂၊ ကင်းဝန်(၃)လမ်း၊ မြေကွက်အမှတ်(၁၀၈၀)၊ ပေ(၄၀x၆၀)၏ တစ်စိတ်တစ်ဒေသဖြစ်သော ပေ(၂၀x၆၀)၊ အကျယ်အဝန်း(၁၂၀၀)စတုရန်းပေရှိပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အမည်ပေါက်များထံမှ ပေ(၄၀x၆၀)ဝယ်ယူထားသူ ဦးရန်နိုင်ထွန်းထံမှ ပေ(၂၀x၆၀)ကိုခွဲ၍ ဝယ်ယူပိုင်ဆိုင်ထားပြီး မိမိသာလျှင် တရားဝင်စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမင်းညွန့်[၁၂/မရက(နိုင်)၀၆၇၂၃၈]ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် အဆိုပါအိမ်မြေနှင့် ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ကန့်ကွက်လိုပါက ဤကြေညာပါသည့်ရက်မှ (၇)ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ်တို့ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်နိုင်ငြိမ်းအောင်**
**LL.B,LL.M(International Law)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၈၅၂၉)**

**ဦးအောင်မင်းမင်း(LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၃၆၉၆၃)**

**အမှတ်(၆၈၁)၊ ဝေဇယန္တာအနောက်(၁၅)လမ်း၊ ၆/အနောက်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၄၂၀၀၇၇၃၁၅၊ ၀၉-၇၇၇၆၅၀၅၂၁**

ကြေးမုံ





ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်စန်းအုန်း

### အသက်(၇၇)နှစ်

အမှတ်(၁၆)၊ ဝေဇယန္တာလမ်း၊ ငွေကြာရံရိပ်သာ(၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့နေ (ဦးကြီးမောင်-ဒေါ်သန်းကြည်)တို့၏ သမီး၊ (ဦးဘိုကြွယ်-ဒေါ်အေး)တို့၏ သမီးချွေးမ၊ ဗိုလ်မှူးကြီး မောင်မောင်အုန်း(ငြိမ်း)၏ ချစ်လှစွာသောဇနီး၊ ဗိုလ်မှူးထွန်းဇော်မြင့်(ငြိမ်း)-ဒေါ်နွယ်နီအုန်း၊ ဦးထွန်းထွန်းအုန်း-ဒေါ်ဝင်းစန္ဒာဆန်း၊ ဦးကျော်ကျော်အုန်း-ဒေါ်လွင်လွင်ချို၊ ဒုဗိုလ်မှူးကြီးနိုင်နိုင်အုန်း (ငြိမ်း)-ဒေါ်ခိုင်နုနုထွေး၊ ဦးဇော်ဇော်အုန်း-ဒေါ်အေးအေးခိုင်၊ ဦးကိုကိုအုန်း-ဒေါ်ငုဝါခိုင်တို့၏ ချစ်လှစွာသောမွေးသမိခင်၊ ဒေါက်တာကောင်းရဲဝင်း-ဒေါက်တာပိုးဆန္ဒီဇော်၊ မောင်ကောင်းထက်ဇော်-မဆုမြတ်လင်း၊ မငြိမ့်နဒီဇော်၊ ဗိုလ်ကြီးရဲထက်အောင်-မသီးသီးသန့်သန့်ထွန်း၊ မမြတ်သဉ္ဇာ၊ မောင်ရဲမင်းဦး၊ မောင်ကောင်းမြတ်နိုင်၊ မောင်လင်းသစ်အုန်း၊ မပြည့်သရဖီဇော်၊ မသဲသုန္ဒရီဇော်၊ မသွန်းပြည့်သဒ္ဒါကို၊ မောင်လင်းထွဋ်လျှံတို့၏ ချစ်လှစွာသောအဘွား၊ မရွှေပိုးသခင်၊ မောင်လင်းသူရမင်းမြတ်တို့၏ ချစ်လှစွာသော ဘွားဘွားကြီးသည် ၃-၁၀-၂၀၂၀ ရက် နံနက် ၈:၃၀ နာရီတွင် အမှတ်(၁)တပ်မတော်ဆေးရုံကြီး ခုတင် ၁၀၀၀ မင်္ဂလာဒုံ၌ (၉၆)ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသိပေး အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၉-၁၀-၂၀၂၀ (သောကြာနေ့)တွင် အထက်ပါနေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားတော်နာကြားမည်ဖြစ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး

## ဦးစိန်လှိုင်

### အသက်(၈၆)နှစ်

**ရေကြောင်းသိပ္ပံကျောင်းအုပ်ကြီး၊ဒလသင်္ဘောကျင်း မန်နေဂျာ၊ မော်လမြိုင်သင်္ဘောကျင်းမန်နေဂျာ၊ M.O.T (First Class) အင်ဂျင်နီယာချုပ်(CE) BSc.Engg,Mechanical.(1962 Batch)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၁)ရပ်ကွက်၊ ရာဇသင်္ကြန်(၅)လမ်း၊ အမှတ်(၂၂၂/ခ)နေ (ဦးအောင်ထွန်း-ဒေါ်အုံး)တို့၏ သား၊ (ဒေါ်တင်တင်စီ)၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမြသိန်း-ဒေါ်ကြည်ကြည်၊ ဦးတင်မောင်-ဒေါ်အေးကျင်၊ ဦးလွန်းရွှေ-ဒေါ်လှမြင့်ကြည်၊ ဦးသိန်းချစ်-ဒေါ်အေးမြင့် တို့၏ ညီ/မောင်၊ ဒေါ်သန်းရှူ၊ ဒေါ်ကျင်နု၊ ဦးမြ-ဒေါ်လှကျင်တို့၏ အစ်ကို၊ (ဦးသိုက်ဝင်း)၊ ဦးဝင်းမင်းဇော် (Smart Builder Construction Co.,Ltd.)-ဒေါ်ညိုမီလှိုင် တို့၏ ဖခင်၊ မောင်သူရမိုးသန့်-မမြတ်ဆုပွင့်ဖြူ တို့၏ အဘိုးသည် ၅-၁၀-၂၀၂၀ ရက် မွန်းလွဲ ၁၂:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၇-၁၀-၂၀၂၀ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း ဒါယကာကြီး

## ဦးမြင့်အောင်

### အသက်(၈၅)နှစ်

**စား/ဖျော်/ရှင်း(ငြိမ်း)၊ မအူပင်အသင်း**

ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ကွင်းကျောင်း(၂)လမ်း၊ အမှတ်(၇)ပထမထပ်(ခေါင်းရင်းခန်း)နေ (ဦးကြာညွန့်-ဒေါ်ဝါး)တို့၏ သား၊ (ဦးဘရင်-ဒေါ်ကြင်ယုံ)တို့၏ သားသမက်၊ ဒေါ်အမာတင် (လ/ထ မန်နေဂျာ ဟိုတယ်ခရီး-ငြိမ်း)၏ ကျေးဇူးရှင်ခင်ပွန်း၊ ဒေါ်တင်တင်ဝင်း (အထက-၄၊ အလုံ-ငြိမ်း)၊ ဒေါ်သန်းသန်းဆွေ၊ ဦးရဲဝင်းအောင်-ဒေါ်သီတာအေးမွန် (ကမ္ဘောဇဘဏ်လီမိတက်)တို့၏ ကျေးဇူးရှင်ဖခင်၊ မချယ်ရီထွန်း (Network International School)၊ မယမုံဆွေ (ကမ္ဘောဇဘဏ်လီမိတက်)၊ မောင်ခိုင်မြဲအောင်(1 Year EMPS) တို့၏ ချစ်လှစွာသော ဘိုးဘိုးကြီး ဦးမြင့်အောင်သည် ၄-၁၀-၂၀၂၀ (တနင်္ဂနွေနေ့) နံနက် ၃:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဦးစိုးစိုး(ခ)ဦးစိုးလွင် (မည-၃၄)

### အသက်(၇၇)နှစ်

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၃၆)၊ (၅၂)လမ်းနေ (ဦးစိန်-ဒေါ်ညော်)တို့၏ သား၊ ဒေါ်ခင်ထွေး၏ ချစ်လှစွာသောခင်ပွန်း၊ ဦးသောင်းထိုက်စိုး-ဒေါ်မြင့်မြင့်မူ၊ ဒုမှူးကြီးနေလင်းအောင်(ငြိမ်း)-ဒေါ်မေပုလဲနွယ်၊ ဒေါ်ခင်သီရိစိုး တို့၏ ချစ်လှစွာသောဖခင်၊ မဟေဇယ်သဲမြတ်နိုး၊ မသက်ဟေကို တို့၏ အဘိုးသည် ၅-၁၀-၂၀၂၀ ရက် နံနက် ၁၀:၅၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ၉၆ ပါးသော ရောဂါဖြင့် ကွယ်လွန်သွားကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အနိစ္စ

သစ်
တော
နဲ့
သစ်ပင်
ချစ်
ခင်
တဲ့
လူမျိုး
သစ်
ပင်
ကို
နှစ်စဉ်
စိုက်

ရွှေတိုက်
ကိုစိုး

## ဒေါ်အေးပို

### အသက်(၈၆)နှစ်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၃၆)ရပ်ကွက်၊ ပုလဲလမ်း၊ အမှတ်(၄၇၂)နေ ဦးသက်ဟို (လဝကမှူး-ငြိမ်း)၏ ဇနီး၊ ဦးစိန်ဦး-ဒေါ်စန္ဒာသက်၊ ဦးမောင်မောင်သက် (လဝကမှူး-ငြိမ်း)-ဒေါ်စုစုခိုင်၊ ဗိုလ်မှူးမျိုးသန့်(ငြိမ်း)-ဒေါ်မြသော်ဒါသက်၊ ဗိုလ်မှူးလှစိုး(ငြိမ်း)-ဒေါ်ဥမ္မာသက်၊ ဗိုလ်မှူးကျော်မိုးခိုင်-ဒေါ်စောယုသက်(ဒု-လဝကမှူး)၊ ဦးရန်နိုင်သက် (ရေကြောင်းဒုအရာရှိ)တို့၏ မိခင်၊ မြေး ၁၀ ယောက်၊ မြစ်တစ်ယောက် တို့၏ အဘွားသည် ၅-၁၀-၂၀၂၀ ရက် နံနက် ၈:၄၅ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကျန်ရစ်သောရုပ်ကလာပ်အား ၇-၁၀-၂၀၂၀ ရက် ညနေ ၃ နာရီတွင် ရေဝေးသို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၁၀-၂၀၂၀ရက် နံနက် ၁၀ နာရီတွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ညိုးငယ်စွာဖြင့် အကြောင်းကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်တန်ရိတ်ကြို (ခ) ဒေါ်လှဝင်း

### အသက် (၈၆) နှစ်

ရန်ကုန်မြို့၊ (၁၆)လမ်း၊ အမှတ်(၁၀၈)နေ (ဦးမောင်ဝင်း)၏ဇနီး၊ ဦးကြည်ဝင်း-ဒေါ်တင်မြင့်၊ (ဦးမျိုးဇော်ထက်)-ဒေါ်ခင်အေးမြင့်၊ ဦးစိုးမြင့်-ဒေါ်ဘေဘီ၊ (ဦးသစ်လွင်)-ဒေါ်ကြည်ကြည်ဝင်း၊ (ဦးငွေဝင်း)၊ ဦးခင်မောင်ဝင်း-ဒေါ်သန်းသန်းတင့်၊ (ဦးထွေးဝင်း)-ဒေါ်တိုးတိုးမြတ်တို့၏မွေးသမိခင်ကျေးဇူးရှင်၊ မြေး ၁၄ ယောက်၊ မြစ်ကိုးယောက်တို့၏ချစ်လှစွာသောအဘွားသည် ၄-၁၀-၂၀၂၀ ရက် နံနက် ၉:၂၀ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့်ယင်းနေ့ ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၀-၁၀-၂၀၂၀ (စနေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ အမှတ်(၁၉၂)၊ ခုနစ်လွှာ၊ ဗိုလ်မင်းရောင်လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

အလ္လာဟ်အရှင်မြတ် အမိန့်တော်ခံယူခြင်း

## ဒေါ်လှလှဒွေး(ခ)Nancy Dway(ခ) ဒေါ်ဇီနတ်ဘေဂမ်

### အသက်(၇၉)နှစ်

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ ဆိပ်ကမ်းသာလမ်း၊ အမှတ်(၁၉၀/၁၉၂)၊ မြေညီထပ်နေ ဦးကျော်ညွန့်(ယခင်အာရှ-တည်းခိုခန်း)(ခ)ဟာဂျီအပ္ပဒူလ်စတ္တားဘိုင်၏ဇနီး၊ ဦးကျော်စိုး-ANNA SOE၊ ဦးကျော်မိုး-မဝင်းမင်းသန်း၊ဦးကျော်ကျော်မင်း-မအေမီတို့၏ မိခင်၊ ဒေါက်တာ ဖရက်ဒီမောင်မောင်-မငွေရတီ၊ မရွှေဝတီ(ခေတ္တ-အစ္စတန်ဘူ၊ တူရကီ)၊ GEORGE MOE (ခ)မောင်လင်းထက်ဟိန်း၊ FIONA SOE(ခ)မမေယမုံစိုးတို့၏ အဘွား၊ မအရီကာမောင်မောင်၏ ဘွားအေဖြစ်သူ ဒေါ်လှလှဒွေး(ခ)Nancy Dway(ခ) ဒေါ်ဇီနတ်ဘေဂမ်သည် ၃-၁၀-၂၀၂၀ (စနေနေ့) နံနက် ၂:၁၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး အရေးပေါ်ဌာန I.C.U အထူးကြပ်မတ်ကုသဆောင်၌ နှလုံးရောဂါဖြင့် ရုတ်တရက် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော် ခံယူသွားပါသဖြင့် ၄-၁၀-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၃:၃၀ နာရီတွင် ရေဝေးကဘာရ်စတန်တွင် ဒဖနာပြီးစီးပါကြောင်း သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါက်တာကြည်တင်

### အသက် (၆၇) နှစ်

ဗန်းမော်မြို့၊ မင်းကုန်းရပ်နေ(ဦးကြည်မြင့်-ဒေါ်တင်ညွန့်)တို့၏သားကြီး၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ လမ်း(၃၀)(အလယ်)၊ အမှတ်(၁၂၇)၊ (ပ)ထပ်နေ ဒေါ်ခင်ခင်၏ခင်ပွန်း၊ ဒေါက်တာလင်းလင်းကြည်-ကိုဆန်းထူး၊ ဒေါက်တာဝင်းဝင်းကြည်-ကိုအောင်မင်းစိန်၊ မသင်းသင်းကြည်-ကိုနိုင်အောင်၊ ဒေါက်တာစုမြတ်တင်-ကိုထိုက်ထိုက်လင်း၊ ကိုရဲနိုင်ဦး-မခင်ကြည်သာတို့၏ဖခင်၊ မြေး ခြောက်ယောက်တို့၏အဘိုးသည် ၄-၁၀-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၁:၃၀ နာရီတွင် တောင်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ယင်းနေ့ ည ၈:၃၀ နာရီတွင် ထိန်ပင်သုသာန်၌ သင်္ဂြိုဟ်ပြီးစီးကြောင်း ရပ်နီးရပ်ဝေးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းသန်းကြီး (ညောင်လေးပင်မြို့)

### အသက် (၇၇) နှစ်

ညောင်လေးပင်မြို့နေ (ဦးဘအုံး-ဒေါ်ချော)တို့၏သမီးကြီး၊ မြောင်းမြမြို့၊ ရွှေဂုံတိုင်(၃)လမ်း၊ အမှတ်(၂၈)နေ ဦးအေးမြင့်၏ဇနီး၊ ဦးခင်မောင်သိန်း-ဒေါ်ကြည်ကြည်အေး၊ ဦးဇော်မြင့်-(ဒေါ်စန်းမြင့်)၊ ဦးမောင်မောင်ကျော်-ဒေါ်ခင်သန်းနွယ်(ခ)မသန်းနွဲ့၊ ဒေါက်တာဇော်ထူး-(ဒေါ်နွယ်နွယ်ဝင်း)၊ ဦးသန်းဝင်း-ဒေါ်ခင်စန်းသွယ်၊ ဦးဇော်လင်း-(ဒေါ်နီနီသွင်)၊ ဦးဇော်မင်း-ဒေါ်မြင့်မြင့်လှတို့၏အစ်မကြီး၊ ဦးဇော်မိုးနိုင်-ဒေါ်မိုးမိုးခိုင်၊ ဦးထွန်းငြိမ်း-ဒေါ်ခင်စန္ဒာလင်း၊ ဦးရန်နောင်-ဒေါ်မြင့်မြင့်ခင်၊ (မချောစုထက်)တို့၏မိခင်၊ မြေး ခုနစ်ယောက်တို့၏အဘွား ဒေါ်သန်းသန်းကြီးသည် ၄-၁၀-၂၀၂၀ (တနင်္ဂနွေနေ့) ညနေ ၃:၃၀ နာရီတွင် SAKURA ဆေးရုံ၌ (၉၆) ပါးရောဂါဖြင့် ကွယ်လွန်အနိစ္စရောက်သွားပါသဖြင့် ၅-၁၀-၂၀၂၀ (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်၌ ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေအပေါင်းတို့အား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်အောင်ထွေးစိန်(ခ)မစမ်းစမ်းဝင်း

**ဝါစန်း ကျောက်ဖရုံယိုနှင့် ယိုမျိုးစုံဆိုင်**

### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ လသာမြို့နယ်၊ (၇)ရပ်ကွက်၊ အမှတ်(၁၁၁)၊ (၂၄)လမ်းနေ (ကိုတင်မြင့်)၊ (မအဝိ(ခ)မလီလီ)၊ (ကိုပြုံးချို)၊ (ကိုကိန်ဖိ(ခ)ကိုမင်းမင်း)၊ မလှရီ၊ ကိုထွန်းဖေ-မသက်သက်ဆွေ၊ ကိုဟောဖိ၊ မထွေးလေးတို့၏ အစ်မကြီး၊ မဇင်ဇင်ဝေ(ခ)ထိန်းထိန်း-ကိုစိုင်းစိန်မြင့်၊ မောင်အောင်ကျော်မင်း-မမေချူလွင်၊ မောင်ဝေယံဟိန်း-မနီနီဝင်း တို့၏ အဒေါ်ကြီး၊ မောင်ရှောင်လုံး(ခ)ဟိန်ဒီလျှံအောင်၊ ကြယ်စင်ဖူးပွင့်အောင်၊ ကြယ်စင်သီရိမောင် တို့၏ အဘွားဖြစ်သည် ၄-၁၀-၂၀၂၀ ရက် နံနက် ၀၀:၂၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၁:၃၀ နာရီတွင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေး ဆွေမျိုးမိတ်သင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဦးတင်နိုင်ဝင်း

**တွဲဖက်ပါမောက္ခ (ငြိမ်း)၊ ဓာတုအင်ဂျင်နီယာဌာန၊ မန္တလေးနည်းပညာတက္ကသိုလ်**

**ADVISOR & CONSULTANT**

**MYANMAR FOOD PROCESSORS AND EXPORTERS ASSOCIATION**

### အသက် (၇၅) နှစ်

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၉) ရပ်ကွက်၊ အမှတ်(၁၀၁)၊ သူရ(၂)လမ်းနေ (ဦးသောင်းတင်-ဒေါ်မမလတ်)တို့၏သား၊ (ဦးသန်းမြင့်-ဒေါ်ကြွေ)တို့၏သားသမက်၊ ဒေါ်မြင့်မြင့်စိန်၏ချစ်လှစွာသောခင်ပွန်း၊ ကိုဝဏ္ဏထွန်း(Chief Engineer, NORSTAR Ship Management Pte;Ltd)-မဝင်းယုဟန်၊ မသီတာသွေး တို့၏ ချစ်လှစွာသောဖခင်၊ မောင်အောင်တေဇာဟန်၊ မအိမ့်မြတ်ယုစံတို့၏ အဘိုးသည် ၅-၁၀-၂၀၂၀ (တနင်္လာနေ့) နံနက် ၇:၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ကျန်ရှိသော ရုပ်ကလာပ်ကို ယင်းနေ့ ညနေ ၄:၃၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလ္လာဟ်အရှင်မြတ် အမိန့်တော်ခံယူခြင်း

## ဟာဂျီမိုဟာမက်ဟာရှင် (ခ) ဦးတင်ထွေး

(ရွှေလှိုင် မဆလာစက်)

### အသက် (၆၄) နှစ်

[Mအူစမန်း (ခ) ဦးမောင်စိန်-ရဟီမာဘီ (ခ) ဒေါ်တီ]တို့၏သား၊ (ဦးဂျလာလူဒင်-ဒေါ်ဗိုင်တွန်ဘီ)တို့၏သားသမက်၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ပိန္နဲကုန်းရပ်ကွက်၊ ရွာသစ်(၁)လမ်း၊ အမှတ်(၆၄၇)နေ ဟာဂျီမ ကုရ်ဆွန်ဘီ (ခ) ဒေါ်ထွေးရီ၏ခင်ပွန်း၊ ဟာဂျီဦးကျော်ထွေးဦး-မအေးအေးဝင်း၊ ဟာဂျီဦးကျော်ကျော်ဝင်း-ဟာဂျီမမနှင်းနှင်းထွေး၊ ဟာဂျီ ဦးသန်းထွဋ်-မသီတာလွင်၊ မောင်သန့်ဇင်ထွေးတို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး ဟာဂျီ ဦးတင်ထွေးသည် ၄-၁၀-၂၀၂၀ (တနင်္ဂနွေနေ့) နံနက်တွင် အလ္လာဟ်အရှင်မြတ်အမိန့်တော်ခံယူသွားပါသဖြင့် ဒဖနာပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌ အိပ်ပျော်ခြင်း

## မန်းရော်ဘင်မျိုးအောင်

**ISY HS Science Lab Assistant Teacher**

### အသက် (၅၉) နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အထက်ကြည့်မြင်တိုင်လမ်း၊ အမှတ်(၃-က)၊ စိန်မိုက်ကယ်ဝင်းနေ (ပီတာမန်းအောင်ညွန့်)-ဒေါ်ဝေမြရီတို့၏သားကြီး၊ ဒေါ်ရှည်စောမြင့်(TTC၊ စိန်ဂျွန်း-ငြိမ်း)၏တူ၊ မန်းဂျွန်မြင့်-နန့်အေးမူမူအောင် (ဘဏ္ဍာထိန်း၊ MCC)၊ စရွှေစံအောင်(ဘဏ္ဍာထိန်း၊CPM Yangon Diocese)၊ ဦးဆန်နီ-ဒေါ်တင်တင်မြင့်၊ C.စန်းစန်းလွင်-(ဦးလှမြင့်)၊ ဦးဘော်ဘီ-မခိုင်၊ (C.လှဲ့လှဲ့ထွေး)၊ S.တိုးတိုးလွင်-(ဦးဖေယျာမျိုး)တို့၏ညီ/အစ်ကိုကြီး၊ နန့်မြတ်နိုးအိမ်၊ နန့်ဟန်နီဇင်၊ စပြည့်စုံအောင်၊ အိုက်ဇက်ဇော်မိုးထက်-သိင်္ဂီခင်ညွန့်၊ D.အောင်မိုးထက်-R.ခိုင်ခိုင်အေး၊ နိုရင်းဆန်နီ၊ သဲသက်သန့်စင်-ကိုမင်းသူ၊ အာနိုး-မအိ၊ စနိုးရှွန်းလှဲ့တို့၏ဦးလေး၊ ဂျိမ်းကောင်းကိုကိုထက်၊ ဂျူလီယာအိုက်ဇက်၊ အွန်းဂျီဝမ်းဝေး၊ ဖောင်းဖောင်း၊ အိုင်ကတ်တို့၏ဘကြီး၊ (မိုက်ကယ်မသုရှလ)၏ဖခင်၊ ဒေါ်လီလီလျာနွဲ့နွဲ့ဝင်း၏ချစ်လှစွာသောခင်ပွန်း မန်းရော်ဘင်မျိုးအောင်သည် ၃-၁၀-၂၀၂၀ (စနေနေ့) နံနက် ၉:၃၀ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၄-၁၀-၂၀၂၀ (တနင်္ဂနွေနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်ပြီးပါကြောင်း ရပ်ဝေးရပ်နီး မိတ်ဆွေသင်္ဂဟအပေါင်းအား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးရဲလွင်

**တပ်မတော်ရေ-ငြိမ်း၊ ကိုယ်ပိုင်အမှတ်-၁၉၆၀၆**

### အသက် (၆၁) နှစ်

ရန်ကုန်မြို့၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ဇ/တောင် ရပ်ကွက်၊ ဝေဇယန္တာအတွင်းလမ်း၊ အမှတ်(၄၂၀)နေ (ဦးစန်းမောင်-ဒေါ်ညွန့်ညွန့်)တို့၏သားငယ်၊ ဒေါ်ခင်သန်းနွယ်၊ ဦးလှမြင့်၊ (ဦးရဲမြင့်)၊ ဒေါ်သန်းမြင့်၊ ဦးမြတ်လေးစောင်း၊ (ဒေါ်ခင်လေးမြင့်)၊ ဒေါ်သင်းသင်းလှိုင်၊ (ဦးရဲတင့်)၊ (ဦးရဲညွန့်)တို့၏ညီ/မောင် ဦးရဲလွင်သည် ၄-၁၀-၂၀၂၀ ရက် နံနက် ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမိတ်ဆွေအပေါင်းအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးထွန်းဝေ

**ဝါဝါထွန်းဝေ စိန်ရွှေရတနာဆိုင်**

### အသက် (၆၁) နှစ်

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ ဖော့ကန်ရပ်ကွက်၊ အမှတ်(၁၂၆)၊ အောက်မင်္ဂလာဒုံလမ်းမကြီးနေ (ဦးကျုံ-ဒေါ်ငွေရှင်)တို့၏သား၊ (ဦးချစ်ခင်-ဒေါ်ယဉ်ထွေး)တို့၏သားသမက်၊ ဒေါ်သန်းသန်းအေး၏ချစ်လှစွာသောခင်ပွန်း၊ ဗိုလ်မှူးကိုဇော်ဇော်ဟိန်းမြင့်(တဆရ၂/၅၀၀)-မဝါဝါထွန်းဝေ၊ Dr. စုစန္ဒီထွန်းဝေ (လက်ထောက်ဆရာဝန်၊ ရန်ကုန်အနောက်ပိုင်းဆေးရုံကြီး) တို့၏ဖခင်၊ စံကေရီမင်း၏ချစ်လှစွာသော ဘိုးဘိုးကြီးသည် ၅-၁၀-၂၀၂၀ (တနင်္လာနေ့) နံနက် ၁:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ နံနက် ၉ နာရီတွင် သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်ဆွေများအား အသိပေး အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယကြည်းတပ်ဦးစီးချုပ်အား လက်ခံတွေ့ဆုံ

**နေပြည်တော် အောက်တိုဘာ ၅**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် အိန္ဒိယကြည်းတပ်ဦးစီးချုပ် General MM Naravane, PVSM, AVSM, SM, VSM, ADC အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လက်ခံ တွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့်အတူ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် နယ်စပ်ရေးရာ ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဖုန်းမြတ်တို့ တက်ရောက် ကြပြီး အိန္ဒိယကြည်းတပ်ဦးစီးချုပ် General MM Naravane နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံ သံအမတ်ကြီး မစ္စတာ ဆော် ရက်(ဘ်)ကူးမား (Mr. Saurabh Kumar)၊ အိန္ဒိယစစ်သံမှူး Colonel Ketan Arun Mohite နှင့် တာဝန် ရှိသူများ တက်ရောက်ကြသည်။

**အပြန်အလှန်ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့ သည် မိတ်ဆွေရင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်ပြီး ချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြင့်ခိုင်မာရေးဆောင်ရွက်လျက် ရှိမှု၊ နှစ်ပေါင်းများစွာ ကတည်းကပင် တပ်မတော်နှစ်ရပ် အကြား ကောင်းမွန်သည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင် ရွက်မှုများရှိခဲ့ပြီး နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး၊ ကာကွယ်ရေး၊ လေ့ကျင့်ရေးနှင့် အခြားကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက် နိုင်မည့်အခြေအနေ၊ မြန်မာနိုင်ငံအနေဖြင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကြီး ၅ ရပ်၊ လွတ်လပ်၍ တက်ကြွ ပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒများနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❐



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အိန္ဒိယကြည်းတပ်ဦးစီးချုပ် General MM Naravane, PVSM, AVSM, SM, VSM, ADC အား လက်ခံတွေ့ဆုံစဉ်။

## မွန်ညီညွတ်ရေးပါတီ၊ ဒီမိုကရေစီပါတီသစ်(ကချင်) နှင့် ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များပါရှိ

**မွန်ညီညွတ်ရေးပါတီ၊ ဒီမိုကရေစီပါတီသစ် (ကချင်) နှင့် ပြည်သူ့အကျိုးပြုကျောင်းသားများပါတီ** တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို ယနေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ ၁၆၊ ၁၇၊ ၁၈ တို့တွင် ဖော်ပြထားပါသည်။

## ပြည်သူ့ရှေ့ဆောင်ပါတီ ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

နေပြည်တော် အောက်တိုဘာ ၅

**ပြည်သူ့ရှေ့ဆောင်ပါတီ** ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်ကို အောက်တိုဘာ ၆ ရက် ည ၇ နာရီတွင် **မြန်မာ့ရုပ်မြင်သံကြား (MRTV)၊ လွှတ်တော် ရုပ်သံလိုင်း၊ မြန်မာ့အသံရေဒီယို** နှင့် **MRTV Facebook Page** တို့မှ ထုတ်လွှင့် သွားမည်ဖြစ်ပြီး အောက်တိုဘာ ၇ ရက်တွင် နိုင်ငံပိုင်သတင်းစာများဖြစ်သော **မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာ** နှင့် **The Global New Light of Myanmar သတင်းစာ** တို့တွင် ဖော်ပြသွားမည်ဖြစ်ပါသည်။ **သတင်းစဉ်**

## ပြည်သူ့အလုပ်သမားပါတီနှင့် အမျိုးသမီးပါတီ(မွန်) တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို နိုင်ငံပိုင်သတင်းစာများမှ ဖော်ပြသွားမည်

နေပြည်တော် အောက်တိုဘာ ၅

**ပြည်သူ့အလုပ်သမားပါတီ** နှင့် **အမျိုးသမီးပါတီ(မွန်)** တို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို အောက်တိုဘာ ၇ ရက်တွင် နိုင်ငံပိုင် သတင်းစာများဖြစ်သော **မြန်မာ့အလင်းသတင်းစာ၊ ကြေးမုံသတင်းစာ** နှင့် **The Global New Light of Myanmar သတင်းစာ** တို့တွင် ဖော်ပြသွား မည်ဖြစ်ပါသည်။ သတင်းစဉ်

# ရန်ကုန်မြို့ရှိ ကန့်သတ်စောင့်ကြည့်စင်တာများနှင့် ဆေးရုံ၊ ဆေးခန်းများမှ ထွက်ရှိလာသည့် စွန့်ပစ်အမှိုက်များအား စနစ်တကျ မီးရှို့ဖျက်ဆီး

**ရန်ကုန် အောက်တိုဘာ ၅**

ရန်ကုန်မြို့ရှိ ကန့်သတ်စောင့်ကြည့် စင်တာများ၊ ဆေးရုံ၊ ဆေးခန်းများနှင့် နေအိမ်တွင် နေထိုင်ရေးအစီအစဉ်တွင် ပါဝင်သည့် နေရာများမှ ထွက်ရှိလာ သည့် စွန့်ပစ်အမှိုက်များအား ပြည်သူ များ ရောဂါကူးစက်မှုမရှိစေရန် အတွက် စနစ်တကျ သိမ်းဆည်းကာ မီးရှို့ဖျက်ဆီးလျက်ရှိကြောင်း ရန်ကုန် မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင် ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှ သိရသည်။

“ဆေးရုံ၊ ဆေးခန်းက စွန့်ပစ်တဲ့ အမှိုက်တွေကို ဧပြီလကစပြီး သိမ်းဆည်းတယ်။ ဝန်ထမ်း တွေကိုလည်း သီးခြားထားရှိပြီး အမှိုက်တွေ သိမ်းဆည်းစေပါတယ်။

**စာမျက်နှာ ၆ ကော်လံ ၁ သို့** ❂




**ကြေးမုံ ယနေ့ ဖတ်စရာ**

**ထိုင်းအစိုးရက ဗိုင်းရပ်စ်ကာကွယ်ဆေးများ ဝယ်ယူရန် ထိုင်းဘတ်ငွေ ၂ ဒသမ ၉၃ ဘီလီယံ ကြိုတင်လျာထား** စာမျက်နှာ » ၁၂

**ကမ္ဘာပေါ်ရှိ လူဦးရေ ၁၀ ရာခိုင်နှုန်းမှာ ကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံထားရဖွယ်ရှိကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောကြား** စာမျက်နှာ » ၁၃

**အာဆီယံဆုဇူကီးဖလားပြိုင်ပွဲ ၂၀၂၁ ခုနှစ် ဧပြီလတွင် ပြန်လည်ကျင်းပရန် အာဆီယံဘောလုံးအဖွဲ့ချုပ် ဆုံးဖြတ်** စာမျက်နှာ » ၂၆